The **Commerce** Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
**VOL.21, NO. 11** တနင်္လာနေ့တိုင်းထုတ်ဝေသည် **June 7, 2021**

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း ကုန်သွယ်မှုလုပ်ငန်းများ အထောက်အကူပြု ဓာတ်ခွဲခန်းများ တည်ထောင်ထားရှိမှုနှင့် ပြည်ပသို့ ဆန်တင်ပို့နေမှု အခြေအနေများ ကွင်းဆင်းကြည့်ရှု

pmrsufESm- 3 ➢





**ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်၍ စက်မှုဇုန်များရှိ စက်ရုံလုပ်ငန်းရှင်များ ကုန်ကြမ်းဝယ်ယူရရှိရေး လက်လီလက်ကား အရောင်းဆိုင်လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး**

pmrsufESm- 3 ➢

oifukef vkyfief;t m;, cif
t re;f Yuif mpm t rSwf(58^2019)y
rlvE;fxm;t wki fa umuf cH m;rnf

pmrsufESm- 10 ➢





"မှန်သည် မြန်သည် မြဝတီ"

မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED

CUSTOMER CREDIT TRANSFER FUNCTION(CCT)

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော CBM-NET System အား အသုံးပြု၍ နိုင်ငံပိုင်ဘဏ်များ၊ ပြည်တွင်း ပုဂ္ဂလိက ဘဏ်များ၊ နိုင်ငံခြားဘဏ်ခွဲများ အပါအဝင် စုစုပေါင်း (၄၄)ဘဏ်၏ ဘဏ်ခွဲများသို့ Customer Credit Transfer (CCT) Function ဖြင့် Online မှတဆင့် ပြည်တွင်းငွေလွှဲခြင်း၊ အခွန်ပေးဆောင်ခြင်း စသည့် လုပ်ငန်းများအား မြဝတီဘဏ်ခွဲများအားလုံးတွင် ဆောင်ရွက်နိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

- စာရင်းသေအပ်ငွေစာရင်း (Fixed Deposit )
- ငွေစုဘဏ်အပ်ငွေစာရင်း (Savings Deposit )
- စာရင်းရှင်အပ်ငွေစာရင်း (Current Deposit )
- ခေါ်ယူအပ်ငွေစာရင်း (Call Deposit )
- တက္ကသိုလ်ပညာသင်ဆုဝန်ဆောင်မှုစာရင်း (Scholarship Funding Service)

www.mwdbank.com

MPU UnionPay JCB

မြဝတီဘဏ်(ရုံးချုပ်) – အမှတ်–၁၅၁၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့်ဝါးတန်းလမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့
Phone No :(01)2301367, 2301368, 2301452, 2301378, 2301401, 2301410 Fax :(01)2301395, 2301450, 2301402



无忧草®
Wuyoyo
Baby Diaper

ALOE MOISTURIZING



ရှားစောင်းလေးနဲ့ အေးမြဖို့
Wuyoyo
ကို သုံးကြစို့ ...



Sole Distributor
CAPITAL TREASURE CO.,LTD

YANGON • 09 266 392 876 | 09 774 821 679
MANDALAY • 09 89128 6020 | 09 89128 6030

Wuyoyo Baby Diaper Myanmar

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း ကုန်သွယ်မှုလုပ်ငန်းများ အထောက်အကူပြု ဓာတ်ခွဲခန်းများ တည်ထောင်ထားရှိမှုနှင့် ပြည်ပသို့ ဆန်တင်ပို့နေမှု အခြေအနေများ ကွင်းဆင်းကြည့်ရှု

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းသည် ဇွန် ၅ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများ လိုက်ပါလျက် ရန်ကုန်တိုင်းဒေသကြီး အတွင်း ကုန်သွယ်မှုလုပ်ငန်း အထောက်အကူပြုဓာတ်ခွဲခန်းများ တည်ထောင်ထားရှိမှုနှင့် ပြည်ပသို့ ဆန်တင်ပို့နေမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုသည်။



ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိစားသုံးသူရေးရာဦးစီးဌာန၊ ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲရေးဌာနစု(CTQM)သို့ သွားရောက်၍ လယ်ယာထွက်ကုန်သီးနှံများနှင့် ရော်ဘာထုတ်ကုန်များ ပြည်ပဈေးကွက်သို့ အရည်အသွေးမီ တင်ပို့နိုင်ရေးအတွက် လယ်ယာထွက်ကုန်သီးနှံများ ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ရာ CTQM ဌာနမှူးက လယ်ယာထွက်ကုန် သီးနှံများနှင့် စားသုံးဆီများတွင် မှိုဆိပ်နှင့် ပိုးသတ်ဆေးဓာတ်ကြွင်း စမ်းသပ်စစ်ဆေးမှု အခြေအနေများနှင့် နိုင်ငံတကာ အသိအမှတ်ပြု ISO 17025 ရရှိရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း၊ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးအောင်မြင့်ထူးနှင့် အတွင်းရေးမှူး ဦးခိုင်မြင့်တို့က ရော်ဘာအရည်အသွေး စမ်းသပ်ဓာတ်ခွဲခန်းကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပူးပေါင်းတည်ထောင်ထားရှိမှု၊ အရည်အသွေးမီ မြန်မာ့ရော်ဘာများ ပြည်ပဈေးကွက်သို့ ထိုးဖောက်တင်ပို့နိုင်ရေးအတွက် International Rubber Association (IRA) အသိအမှတ်ပြုလက်မှတ်ရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့မှု အခြေအနေများ၊ မြန်မာ့ရော်ဘာပို့ကုန် တိုးမြှင့်ရေးအတွက် ဆောင်ရွက်မည့် အစီအမံများကို လည်းကောင်း၊ Southland Myanmar Rubber Co.,Ltd. မှ ဦးဟန်ထွန်းဇော်က ပြည်ပသို့ မြန်မာ့ရော်ဘာ တင်ပို့မှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို လည်းကောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ အထွေထွေ အတွင်းရေးမှူးချုပ် ဦးအေးဝင်းက မြန်မာ့ရော်ဘာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသင်းချုပ်အနေဖြင့် ကူညီပံ့ပိုး ဆောင်ရွက်ပေးသွားမည့် အခြေအနေများကို လည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဌာနမှ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက မြန်မာ့ရော်ဘာသည် ပြည်ပသို့ အများဆုံး တင်ပို့သည့် ပို့ကုန်အမယ်များတွင် တစ်ခုအပါအဝင်ဖြစ်ပါကြောင်း၊ စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှု၏

**စာမျက်နှာ ၅ သို့**

# ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်၍ စက်မှုဇုန်များရှိ စက်ရုံလုပ်ငန်းရှင်များ ကုန်ကြမ်းဝယ်ယူရရှိရေး လက်လီလက်ကား အရောင်းဆိုင်လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး

ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးစီး၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း စက်မှုဇုန်များရှိ စက်ရုံများ ကုန်ကြမ်းဝယ်ယူရရှိရေးနှင့်ပတ်သက်၍ ကုန်ကြမ်းဝယ်ယူလိုသော စက်ရုံလုပ်ငန်းရှင်များ၊ စက်မှုကုန်ကြမ်း လက်လီလက်ကားရောင်းချသူများနှင့် တွေ့ဆုံဆွေးနွေးပွဲအား ဇွန် ၅ ရက် မွန်းလွဲ ၂ နာရီမှ ညနေ ၃ နာရီအထိလည်းကောင်း၊ ညနေ ၃ နာရီမှ ၄ နာရီအထိလည်းကောင်း နှစ်ကြိမ်ခွဲ၍ COVID-19 ရောဂါကာကွယ်ရေး နည်းလမ်းသတ်မှတ်ချက်များနှင့်အညီ ရန်ကုန်မြို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံး မင်္ဂလာခန်းမတွင် ကျင်းပသည်။



တွေ့ဆုံဆွေးနွေးပွဲသို့ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင်၊ ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘဏ်များအသင်းနှင့် ပုဂ္ဂလိကဘဏ်များမှ တာဝန်ရှိသူများ၊ စက်မှုဇုန်များရှိစက်ရုံများမှ ကုန်ကြမ်းဝယ်ယူလိုသော လုပ်ငန်းရှင်များနှင့် စက်မှုကုန်ကြမ်း လက်လီလက်ကားရောင်းချသူလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင်က အဖွင့်အမှာစကား ပြောကြားပြီး ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက စက်မှုဇုန်များမှ စက်ရုံလည်ပတ်ရန် လိုအပ်သော ကုန်ကြမ်းပစ္စည်းများဝယ်ယူနိုင်ရေး ငွေပေးချေရမည့်နည်းလမ်းများကို အသေးစိတ် ရှင်းလင်းဆွေးနွေးသည်။

**စာမျက်နှာ ၅ သို့**

Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
စိုးလွင်
ဦးဦးဟန်
မျိုးသူ

**စာတည်းမှူးချုပ်**
အောင်ဇော်မိုး

**အုပ်ချုပ်ရေးမှူး**
ယဉ်ယဉ်အေး

**တာဝန်ခံစာတည်း**
စိန်သံ

**စာတည်းအဖွဲ့**
ရဲမင်းနိုင်

**လက်ထောက်စာတည်း**
အေးအေးသန့်
အိမ့်သဇင်ခိုင်

**သတင်းထောက်များ**
ရီလင်းထွဋ်(မုံရွာ)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
စောမောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်မိုးသူ

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (၀၉ ၄၄၈ ၀၄၇၁၃၂)
မြင့်ဇင်ညွန့် (၀၉ ၇၃၀ ၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမျိုးခိုင်ဝင်း (၀၁၀၅၅)
အမှတ်-၂၂၈/၂၄၀၊ ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
အောင်စောဦး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ အောင်မျိုး၊
အုန်းခင် (၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
ဝင်းနွဲ့ဝင်း

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း ရုံးလုပ်ငန်းသုံး ကွန်ပျူတာသင်တန်းအမှတ်စဉ် (၂/၂၀၂၁) သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

၂၀၂၁ ခုနှစ် မေ ၃၁ ရက် နံနက် ၁၀ နာရီတွင် ရုံးအမှတ်(၅၂) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန၊ စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် စားသုံးသူရေးရာဦးစီးဌာန၏ ရုံးသုံးကွန်ပျူတာသင်တန်းအမှတ်စဉ် (၂/၂၀၂၁) သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း တက်ရောက်အမှာစကားပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်ပြုပြင်ပြောင်းလဲရေးတွင် ခေတ်နှင့်အညီ ပြုပြင်ပြောင်းလဲနိုင်ရေးအတွက် မိမိတို့ဝန်ကြီးဌာနသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကုန်သွယ်မှုလုပ်ငန်းများ လျင်မြန်ချောမွေ့စေရန် ဆောင်ရွက်ရသောဝန်ကြီးဌာန ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ e-Government လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေး အထောက်အကူဖြစ်စေရန်၊ စားသုံးသူရေးရာဦးစီးဌာနမှ သင်တန်းသားများအနေဖြင့် ဌာနမှတာဝန်ယူ ဆောင်ရွက်နေရသည့် စားသုံးသူပညာပေးရေး လုပ်ငန်းများ၊ Online မှတစ်ဆင့် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေး၊ Product Safety ဆိုင်ရာလုပ်ငန်းများ၊ အာဆီယံစားသုံးသူကာကွယ်ရေးလုပ်ငန်းများ အပါအဝင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရသည့်လုပ်ငန်းများ၊ ပြည်တွင်း/ပြည်ပကုန်သွယ်မှုနှင့် အရည်အသွေးစီမံခန့်ခွဲသည့် လုပ်ငန်းများအား အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ယခုသင်တန်းအားဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ ဒီဂျစ်တယ်စနစ်အသွင်ကူးပြောင်းမှုနှင့် ဒေသတွင်းဘက်စုံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတို့မှာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့်အတွက် အကောင်အထည်ဖော်ဆောင်ရွက်မည့် အစိုးရဌာနအချင်းချင်း၊ အစိုးရနှင့် ပြည်သူအကြား၊ အစိုးရနှင့် ပုဂ္ဂလိကစီးပွားလုပ်ငန်းရှင်များအကြား ပေါင်းစပ်ဆောင်ရွက်ရမည်ဖြစ်ရာဝန်ထမ်းများအနေဖြင့် ကွန်ပျူတာကျွမ်းကျင်မှုနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ ကျွမ်းကျင်မှုများ ပြည့်ဝရန် အထူးလိုအပ်ပါကြောင်းနှင့် သင်တန်းတွင် သင်ကြားပို့ချမှုများအား ကြိုးစားလေ့လာသွားကြရန် ပြောကြားခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးညွှန့်အောင်၊ အမြဲတမ်းအတွင်းဝန် ဦးမင်းမင်းတို့က ဖြည့်စွက်အမှာစကားပြောကြားသည်။ အဆိုပါသင်တန်းသို့ သင်တန်းသား/သင်တန်းသူစုစုပေါင်း ၃၄ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကွန်ပျူတာသင်တန်းခန်းမနှင့် မူပိုင်ခွင့်ဦးစီးဌာန၏ ရုံးခန်းများ ဖွင့်လှစ်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**MOC (IR)**



## အာရှနိုင်ငံများ၏ FOB ဆန်စျေးနှုန်းများ

၄-၆-၂၀၂၁ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၄၉၁ | ၄၉၃ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၇၇ | ၄၉၀ | △ | ၄၈၈ | ၄၈၈ | □ | ၃၈၈ | ၃၈၈ | □ | ၄၃၈ | ၄၃၈ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၄၇၈ | ၄၇၇ | ▽ | ၄၆၃ | ၄၆၃ | □ | ၃၅၈ | ၃၅၈ | □ | ၃၇၈ | ၃၇၈ | □ |
| ပေါင်းဆန် | ၄၉၁ | ၄၉၃ | △ | - | - | - | - | - | | - | - | |

***Source: thairiceexporters***

## ပြည်တွင်းမြို့ကြီးများ၏ (၄-၆-၂၀၂၁)ရက်နေ့ ဆန်၊ စပါးစျေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၆၆၀၀ | □ | ၂၄၅၀၀ | □ | ၈၀၀၀ | □ | ၃၈၀၀၀ | □ |
| ပုသိမ် | ၆၄၄၀ | □ | ၂၇၀၀၀ | □ | ၈၆၇၀ | □ | ၃၈၀၀၀ | □ |
| ပဲခူး | ၆၄၄၀ | □ | ၂၅၀၀၀ | □ | ၈၀၀၀ | □ | ၃၄၀၀၀ | □ |
| ရွှေဘို | ၈၀၀၀ | □ | ၃၉၀၀၀ | □ | ၁၃၅၀၀ | □ | ၄၄၀၀၀ | □ |
| စစ်တွေ | ၅၆၀၀ | □ | ၂၃၂၀၀ | □ | ၈၀၀၀ | □ | ၃၆၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၇၅၀၀ | □ | ၃၂၀၀၀ | □ | - | - | ၄၇၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၈၅၀ | □ | ၂၃၀၀၀ | □ | - | - | ၃၆၀၀၀ | □ |
| မန္တလေး | ၇၅၀၀ | □ | ၂၉၀၀၀ | □ | - | - | ၅၆၀၀၀ | □ |
| မကွေး | ၉၅၀၀ | □ | ၃၅၀၀၀ | □ | - | - | ၅၂၀၀၀ | □ |
| မော်လမြိုင် | ၆၄၄၀ | □ | ၂၃၅၀၀ | △ | ၇၆၀၀ | □ | ၃၄၇၀၀ | △ |
| လှိုင်ကော် | - | | - | | - | - | - | |
| မြိတ် | ၆၅၀၀ | □ | ၂၇၅၀၀ | △ | - | - | ၄၂၀၀၀ | △ |
| ဘားအံ | ၇၀၀၀ | □ | ၂၅၀၀၀ | △ | - | - | ၃၉၅၀၀ | △ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်စျေးမှာ နတ္တလင်းဆန်စျေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးစျေးမှာ သန်လျင် မြို့နယ်၏ စပါးစျေးနှုန်းဖြစ်ပါသည်။

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးမြင့်သိန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

၂၀၂၁ ခုနှစ် ဇွန် ၂ ရက် နံနက် ၉နာရီခွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည် ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းသည် ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမြင့်သိန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

အဆိုပါတွေ့ဆုံပွဲတွင် ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက စီမံကိန်းနှင့်ပတ်သက်၍ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများအား ရှင်းလင်းတင်ပြခဲ့ရာတွင် ပြည်ထောင်စုဝန်ကြီးက ကျောက်ဖြူရေနက်ဆိပ်ကမ်း စီမံကိန်းဆိုင်ရာ သဘောတူညီချက်များအပေါ် ဆောင်ရွက်ထားရှိမှုများနှင့် လူမှုဘဝ ထိခိုက်မှုလေ့လာဆန်းစစ်ချက် (Social Impact Assessment-SIA) တို့သည် အရေးကြီးသည့်အတွက် သေချာစွာ စိစစ်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ဒေသခံပြည်သူများ၏ အကျိုးစီးပွား၊ လူနေမှုဘဝ မြှင့်တင်နိုင်ရေးကိစ္စရပ်များနှင့် နိုင်ငံတော်က ရသင့်ရထိုက်သည့် အခွန်အခများနှင့် ထိခိုက်နစ်နာမှုများ မဖြစ်ပေါ်စေရေး အထူးအလေးထား ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း လမ်းညွှန်မှာကြားခဲ့ပြီး စီမံကိန်းအောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် လိုအပ်သည်များကို ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

တွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**MOC(IR)**

## မြင်းခြံခရိုင်၌ နွေစပါးစိုက်ပျိုးထားရှိမှု အခြေအနေ

မြင်းခြံခရိုင်၏ ၂၀၂၀-၂၀၂၁ ခုနှစ်တွင် နွေစပါးစိုက်ဧက ၁၇၆၁ ဧက စိုက်ပျိုးထားကြောင်း သက်ဆိုင်ရာဌာန၏စာရင်းများအရ သိရှိရသည်။ မြင်းခြံမြို့နယ်တွင် စိုက်ဧက ၄၂၀ စိုက်ပျိုးထားရှိပြီး တောင်သာမြို့နယ်တွင် စိုက်ဧက ၄၀၂ ဧက၊ နွားထိုးကြီးမြို့နယ်တွင် စိုက်ဧက ၂၀၊ ငါန်းဇွန်မြို့နယ်တွင် စိုက်ဧက ၉၁၉ ဧက စိုက်ပျိုးထားကြောင်း သိရှိရသည်။

ယခင်နှစ် နွေစပါးစိုက်ဧက စုစုပေါင်း ၂၈၆၄ ဧက စိုက်ပျိုးခဲ့ပြီး ယခု ၂၀၂၁ ခုနှစ် ဧပြီလချုပ်တွင် စိုက်ဧက ၁၇၆၁ ဧကသာ စိုက်ပျိုးထားပြီး ၂၀၂၁ မေလချုပ်တွင် နွေစပါးစိုက်ဧကများ တိုးတက်လာရန် ကျန်ရှိသေးကြောင်း သိရှိရသည်။ နွေစပါးများကို မတ်လ၊ ဧပြီလ နှင့်မေလများတွင် စိုက်ပျိုးကြပြီး ထွက်ပေါ်ချိန်မှာ ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လများတွင် နွေစပါးများ ထွက်ရှိကြောင်း သိရှိရသည်။

**သူဇာမိုး(မြင်းခြံ)**

## ပြည်မတ်ပဲသီးနှံဈေး ပြန်လှုပ်လာ၍ လှောင်ပဲသမားအချို့ ရောင်းချမှုရှိလာ

ပဲခူးတိုင်းဒေသကြီး ပြည်ပဲမျိုးစုံ ဈေးကွက်အတွင်း မတ်ပဲသီးနှံမှာ အဝင်သိပ်မရှိသော်လည်း လက်ကျန်ပဲများ ရှိနေခြင်းကြောင့် ဝယ်ယူမှုရှိသလောက် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ရက်ခြားရောင်းဝယ်လျက်ရှိသည်။

ပဲဈေးမှာ မေလဆန်းပိုင်းအတွင်း ဈေးလျှော့အရောင်းအဝယ်ဖြစ်နေခဲ့ရာမှ လကုန်ပတ်မှစ၍ ပဲဈေးနှုန်းများ ပြန်လည်မြင့်တက်လာသောကြောင့် ယခု ဇွန်လဆန်းမှာလည်း တစ်တင်း ကျပ် ၃၄၀၀၀ အထက်ရရှိခဲ့ပြီး တချို့လှောင်လက်သမားများကလည်း ထုတ်ရောင်းချလာခဲ့ကြကြောင်း သိရသည်။

ယခင်နှစ်က ဇွန်လအတွင်း မတ်ပဲဈေးအနေဖြင့် တစ်တင်း ကျပ်သုံးသောင်းဝန်းကျင် ရရှိအရောင်းအဝယ်ဖြစ်ခဲ့ကြကြောင်း သိရှိသည်။

**ခင်ဆွေဝင်း(ပြည်)**

## ပြည်ပဲကြီးသီးနှံ ပဲကြော်ဖိုသမား ပုံမှန်အဝယ်ရှိ

ပြည်ပဲမျိုးစုံဈေးကွက်၏ ပြည်တွင်းဝယ်လက်ပဲထဲမှာ ပဲကြီးသီးနှံဈေးကောင်းရနေပြီး အဝင်မရှိဘဲ လက်ကားသမား ပဲကြော်ဖိုလုပ်ငန်းသမားများ နေ့စဉ်အဝယ်ရှိပြီး လှောင်ပဲများ ရောင်းချမှုရှိနေခဲ့သည်။

တစ်ရက် အိတ် ၂၀၀/ ၃၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ပဲဈေးနှုန်းမှာ (ရွှေကျွန်း)တစ်တင်း ကျပ် ၃၉၀၀၀၊ ကမ်းနားတစ်တင်း ကျပ် ၃၆၀၀၀ ဖြင့် ဈေးအမြင့်ဖြင့် ရောင်းဝယ်လျက်ရှိခဲ့သည်။ ယခင်နှစ်က ဇွန်လအတွင်း ပဲကြီးသီးနှံဈေးမှာ ကျပ်သုံးသောင်းအောက်သာ လျော့နည်းရောင်း ဝယ်ခဲ့ကြသည့်အတွက် (ရွှေကျွန်း) တစ်တင်း ကျပ် ၂၈၀၀၀၊ (ကမ်းနား)တစ်တင်း ကျပ် ၂၅၀၀၀ တို့ဖြင့်သာ ရောင်းချခဲ့ကြရပြီး ယခုနှစ်ဈေးအနေဖြင့် ယခင်နှစ်ဈေးနှုန်းထက် ပိုမိုရရှိခဲ့ကြောင်း သိရသည်။

**ခင်ဆွေဝင်း(ပြည်)**

## ပြည်ဈေးကွက်တွင် နှမ်းနီ အရောင်းအဝယ်ဖြစ်

ပဲခူးတိုင်းဒေသကြီး ပြည်ဈေးကွက်တွင် ယခုတစ်ပတ် နှမ်းနီသာ ဆီစက်လုပ်ငန်းရှင်နှင့် အောင်လံ ဝယ်လက်များကြောင့် အရောင်းအဝယ်ဖြစ်ပြီး နှမ်းနက်မှာ အရောင်းအဝယ် နည်းပါးနေသည်။

လတ်တလောကာလတွင် နှမ်းအဝင်မရှိဘဲ ယခင်လှောင်ထားသည့်နှမ်းများကို ပွဲရုံများမှထုတ်၍ ရောင်းချနေသဖြင့် တစ်ရက်လျှင် နှမ်း ၄၅ ပိဿာဝင် အိတ် ၁၄၀-၁၅၀ ထိ အရောင်းအဝယ်ဖြစ်နေသည်။ ဇွန်လဆန်းတွင် နှမ်းဈေးများမှာ နှမ်းနီ သုံးတင်းတစ်အိတ်လျှင် ကျပ်တစ်သိန်း၊ နှမ်းနက် သုံးတင်း တစ်အိတ်လျှင် ကျပ်တစ်သိန်းနှင့် စမုံနက်နှမ်း သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၁၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ **ဝေဝေမင်း(ပြည်)**

**စာမျက်နှာ (၃) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန . . . မှအဆက်**

၉၀ ရာခိုင်နှုန်းခန့်အား ပြည်ပသို့ တင်ပို့လျက်ရှိသည့်အတွက် အလားအလာအရှိဆုံး ပို့ကုန်အမယ် ဖြစ်ရာ အမျိုးသားပို့ကုန်မဟာဗျူဟာ (National Export Strategy) ၌ ဦးစားပေးကဏ္ဍအဖြစ် ထည့်သွင်းရေးဆွဲ အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ မြန်မာ့သဘာဝရော်ဘာ အရည်အသွေး စမ်းသပ်စစ်ဆေးရေးဓာတ်ခွဲခန်း(MNRQTL) ကို International Rubber Association (IRA) မှ အသိအမှတ်ပြုလက်မှတ်ရရှိအောင် ကြိုးစားဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရသည့်အတွက် အသင်းတာဝန်ရှိသူများအား ကျေးဇူးတင်ရှိပါကြောင်းနှင့် ဝမ်းသာဂုဏ်ယူမိပါကြောင်း၊ ဆက်လက်၍ နိုင်ငံတကာ အသိအမှတ်ပြုဓာတ်ခွဲခန်း ISO 17025 ရရှိရေးအတွက် သက်ဆိုင်ရာဌာနများ အပါအဝင် UMFCCI အသင်းချုပ် တာဝန်ရှိသူများ မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးစေလိုပါကြောင်း ဆွေးနွေးပြောကြားပြီး ဓာတ်ခွဲခန်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

နေ့လယ်ပိုင်းတွင် ရွှေပြည်သာစက်မှုဇုန်(၃)ရှိ Shwe Mè(ရွှေမဲ)Logistics Services Co.,Ltd. သို့သွားရောက်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ G to G (MoU) စနစ်ဖြင့် ဆန်တန်ချိန် တစ်သိန်းတင်ပို့နေမှုအား သွားရောက်ကြည့်ရှုစစ်ဆေးရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူများက ကုမ္ပဏီအလိုက် ဆန်တင်ပို့ပြီးစီးမှု အခြေအနေများ၊ ဆက်လက်တင်ပို့ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လက်ရှိကာလတွင် နိုင်ငံတကာသင်္ဘောလိုင်းများ ဝင်ရောက်မှုနည်းပါးနေသော်လည်း ပြည်တွင်းပုဂ္ဂလိကပိုင် ကမ်းရိုးတန်းသွားသင်္ဘောများဖြင့် လျာထားချက်ပြည့်မီအောင် တင်ပို့နိုင်ခဲ့သည့်အပေါ် အားရကျေနပ်မိပါကြောင်း၊ ကြုံတွေ့ရသည့် အခက်အခဲများအားအသင်းချုပ်နှင့် ညီနောင်အသင်းအဖွဲ့များအကြား လက်တွေ့ကျကျ ပေါင်းစပ်ဆောင်ရွက်ကြစေလိုပါကြောင်း၊ ယခုဆန်တင်ပို့သည့်လုပ်ငန်းစဉ်အား စံနမူနာထားပြီး ကြက်သွန်နီအပါအဝင် ပဲမျိုးစုံအား အိမ်နီးချင်းနိုင်ငံများသို့ ဈေးကွက်ထိုးဖောက်တင်ပို့နိုင်ရေး ကြိုးပမ်းဆောင် ရွက်သွားကြစေလိုပါကြောင်း ဆွေးနွေးမှာကြားခဲ့ပြီး သင်္ဘောပေါ်သို့ ဆန်တင်ပို့နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**MOC(IR)**

**စာမျက်နှာ (၃) ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ . . . မှအဆက်**

တွေ့ဆုံဆွေးနွေးပွဲတွင် တက်ရောက်လာကြသော စက်မှုကုန်ကြမ်းဝယ်ယူလိုသော လုပ်ငန်းရှင်များနှင့် စက်မှုကုန်ကြမ်းလက်လီလက်ကား ရောင်းချသူလုပ်ငန်းရှင်များက လက်ရှိတွေ့ကြုံနေရသော အခက်အခဲများ၊ စက်ရုံလည်ပတ်ရာတွင် ကြုံတွေ့နေရသည့်အခက်အခဲများ၊ စက်မှုကုန်ကြမ်းဝယ်ယူနိုင်ရေးနှင့် နိုင်ငံတကာဈေးကွက်အခြေအနေ၊ ပြည်တွင်းဈေးကွက်လိုအပ်မှုအခြေအနေများကို ရှင်းလင်း တင်ပြကြသည်။

ရှင်းလင်းတင်ပြခဲ့မှုများအပေါ် တက်ရောက်လာကြသော ဌာနဆိုင်ရာ အကြီးအကဲများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးခဲ့ပြီး စက်မှုကုန်ကြမ်းပစ္စည်းများအား Mobile Banking, Cheque, Account Transfer, Cash တို့ဖြင့် ဝယ်ယူရရှိနိုင်ရေးတို့အပေါ် ဗဟိုဘဏ်နှင့် ပုဂ္ဂလိကဘဏ်များမှ အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့သည်။

ညှိနှိုင်းဆွေးနွေးမှုများကို ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင်က ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပေးခဲ့ပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ကုန်သည်လုပ်ငန်းရှင်များ၊ ရင်းနှီးမြှုပ်နှံသူများ၊ စက်ရုံအလုပ်ရုံပိုင်ရှင်များအနေဖြင့် ကုန်သွယ်မှုဆိုင်ရာ အခက်အခဲ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအခက်အခဲ၊ စက်ရုံအတွက် လိုအပ်သောလုပ်ခလစာ၊ ကုန်ကြမ်းဝယ်ယူမှု အခက်အခဲများရှိပါက လုပ်ငန်းကော်မတီ တယ်လီဖုန်းအမှတ် ၀၉-၆၆၄၀၇၅၆၈၃၊ ၀၉-၆၈၇၆၃၅၉၄၃၊၀၉-၆၇၆၃၂၀၈၂၆၊ ၀၉-၆၆၄၅၉၆၃၂၇ များသို့လည်းကောင်း ဗဟိုကော်မတီ တယ်လီဖုန်းအမှတ် ၀၆၇-၄၀၉၆၇၁၊ ၀၆၇-၄၀၉၆၇၂၊ ၀၆၇-၄၀၉၆၇၃ သို့လည်းကောင်း ဆက်သွယ်အကူအညီ တောင်းခံနိုင်ကြောင်း သိရှိရသည်။

**CJ**

## သီးနှံစိုက်ပျိုးကာလဖြစ်၍ မျိုးမြေပဲဆန် အရောင်းအဝယ်လိုက်နေ

အညာဒေသ၌ သီးနှံစိုက်ပျိုးသောကာလဖြစ်၍ မျိုးမြေပဲဆန် အရောင်းအဝယ်လိုက်နေကြောင်း ရေနံချောင်းမြို့နယ်မှ တောင်သူများထံမှ သိရသည်။

"ကျွန်မတို့ စိုက်ပျိုးရာသီမို့ မြေပဲမျိုးဆန်တွေ ဝယ်ယူနေရပါပြီ။ အချို့တောင်သူများကတော့ စိုက်ပြီးပါပြီ။ ဒါပေမဲ့ စိုက်တဲ့တောင်သူအရေအတွက် နည်းနေပါသေးတယ်။ မြေပဲမျိုးဆန် တစ်တင်းလျှင် ငွေကျပ် ၆၀၀၀၀ ကနေ ၇၀၀၀၀ ပေါက်ဈေးရှိတယ်"ဟု ဒေသခံတောင်သူတစ်ဦးထံမှ သိရသည်။

ယခင်နှစ်က စိုက်ပျိုးထွက်ရှိသော မိုးမြေပဲ လက်ကျန်မရှိသောကြောင့် မျိုးမြေပဲဆန်ကို အပြင်က ဝယ်ယူစိုက်ပျိုးကြရမည်ဖြစ်ကြောင်း သိရသည်။

နှစ်စဉ် မိုးရာသီ မေလနှင့်ဇွန်လကစပြီး မြေပဲကိုအဓိကထား၍ ကျောက်ပန်းတောင်းမြို့နယ်နှင့် ရေနံချောင်းမြို့နယ်ရှိ ကျေးရွာများ၌ အဓိကစိုက်ပျိုးကြကြောင်း သိရသည်။

ယခင်နှစ်မိုးရာသီ၌ မြေပဲစိုက်ဧက နှစ်သောင်းကျော် စိုက်ပျိုးခဲ့ကြောင်း ရေနံချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနစာရင်းအရ သိရသည်။

**ရွှေဇင် (ရေနံချောင်း)**

## ဟသ်ာတ ကုန်စည်ဒိုင်တွင် မတ်ပဲ ဈေးကောင်းရပြီး အရောင်းအဝယ်သွက်

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတကုန်စည်ဒိုင်တွင် ဒေသထွက်ကုန်ဖြစ်သော မတ်ပဲသည် စတင်ထွက်ရှိစဉ်ကပင် တစ်တင်းလျှင် ကျပ် ၂၇၀၀၀-၂၈၀၀၀ ဈေးရရှိခဲ့ပြီး ဈေးဆက်လက်မြင့်တက်ခဲ့ရာ ဇွန် ၃ ရက်တွင် တစ်တင်းလျှင် ၃၅၀၀၀ ကျပ်ဈေးဖြင့် အိတ် ၃၀၀၀ အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

ပဲတီစိမ်း (ဆီပြောင်) တစ်တင်းလျှင် ကျပ် ၃၅၀၀၀၊ ပဲတီစိမ်း (ဝါးခယ်မ) တစ်တင်း လျှင် ကျပ် ၃၈၀၀၀၊ ပဲတီစိမ်း (အနီ) တစ်တင်းလျှင် ကျပ် ၆၅၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ပဲလွမ်းနီ တစ်တင်းလျှင် ကျပ် ၃၂၅၀၀၊ ပဲလွမ်းဖြူတစ်တင်းလျှင် ကျပ် ၃၅၀၀၀၊ ပဲယင်း(အနီ) တစ်တင်းလျှင် ကျပ် ၄၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ပေါ်ဦးပေါ်စက တစ်တင်းလျှင် ကျပ် ၈၀၀၀ သာရှိသော အစေ့ထုတ်ပြောင်းမှာလည်း ဇွန် ၃ ရက်တွင် တစ်တင်းလျှင် ကျပ် ၁၂၄၀၀ ဖြင့် အရောင်းအဝယ်သွက်လျက်ရှိသည်။ ဆန်ကွဲ (၁၊ ၂) ၁၀၈ ပေါင် တစ်အိတ်လျှင် ကျပ် ၁၇၅၀၀ ဖြင့်လည်းကောင်း၊ ဆန်ကွဲ (၂၊၃၊၄) ၁၀၈ ပေါင် တစ်အိတ်လျှင် ကျပ် ၁၆၅၀၀ ဈေးဖြင့်လည်းကောင်း၊ ဖွဲနုပေါင် ၇၀ တစ်အိတ်လျှင် ကျပ် ၆၈၀၀ ဈေးဖြင့်လည်းကောင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရှိရသည်။ **မောင်မောင်မြတ်ခိုင်(ဟသ်ာတ)**



## သဲကုန်းတွင် မတ်ပဲဈေး မြင့်တက်လာ

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ်တွင် မေလနောက်ဆုံးပတ်၌ မတ်ပဲပိဿာ ၂၀ တစ်တင်းလျှင် ကျပ် ၃၃၈၀၀ မှ ကျပ် ၃၄၀၀၀ အထိ အရောင်းအဝယ်ဖြစ်၍ ယခုဇွန်လဆန်းပိုင်းတွင် ဈေးဆက်တိုက်မြင့်မားလာကာ ပိဿာ ၂၀ တစ်တင်းလျှင် ကျပ် ၃၄၂၀၀ မှ ကျပ် ၃၄၅၀၀ အထိ အရောင်းအဝယ်ဖြစ်နေသည်။ အရောင်းအဝယ်ဖြစ်မှုမှာ တစ်ရက်လျှင် တစ်တင်းခွဲ အိတ် ၄၇ အိတ်မှ အိတ် ၆၀ အထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။ **ခင်မောင်ထွန်း (သဲကုန်း)**

Vol: 21, No.11 Monday June 7 2021

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**ကုန်သွယ်ရေးဦးစီးဌာန**

**ပို့ကုန်၊ သွင်းကုန်နှင့်ပတ်သက်သည့်သတင်းလွှာ**

**သတင်းလွှာ( ၉ /၂၀၂၁)**

ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ မေလ ၂၈ ရက်

အကြောင်းအရာ။ **လိုင်စင်လျှောက်ထားမှုလုပ်ငန်းစဉ်များကို ယာယီဖြေလျှော့ပေးခြင်းမှ မူလလုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်ရန်ကိစ္စ ထုတ်ပြန်ခြင်း**

၁။ ကုန်သွယ်မှုကဏ္ဍတွင် ယာယီဖြေလျှော့ပေးမှုများဖြစ်သည့် သတင်းလွှာ (၇/၂၀၂၁)ဖြင့် ထုတ်ပြန်ထားသော ပို့ကုန်ကုန်စည်လိုင်း (၃၇) လိုင်းနှင့် သွင်းကုန် ကုန်စည်လိုင်း (၆၂) လိုင်းအား လိုင်စင်လျှောက်ထားခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်းသည် ၇-၆-၂၀၂၁ ရက်နေ့တွင် လည်းကောင်း၊ သတင်းလွှာ (၈/၂၀၂၁) ဖြင့် ထုတ်ပြန်ထားသော DICA နှင့် DRC ၏ သက်တမ်းကုန်ဆုံးသည့် ကိစ္စရပ်များအတွက် DIAC နှင့် DRC ရရှိထားပြီး ယခင်တင်သွင်းလျက်ရှိသော ဆေးဝါးများဖြစ်ပါက အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် အဆိုပါမှတ်ပုံတင်လက်မှတ်များကို သက်တမ်းတိုးလျှောက်ထားကြောင်း ယင်းဌာန၏ ထောက်ခံချက်ဖြင့် သွင်းကုန်လိုင်စင်ခွင့်ပြုခြင်းသည် ၁၁-၆-၂၀၂၁ ရက်နေ့တွင် လည်းကောင်း သက်တမ်းကုန်ဆုံးမည်ဖြစ်ပါသည်။

၂။ သို့ပါ၍ အဆိုပါယာယီဖြေလျှော့ခဲ့မှုများအား အောက်ဖော်ပြပါသတ်မှတ်ရက်များမှ စတင်၍ မူလလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရန်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်-

(က) သတင်းလွှာ (၇/၂၀၂၁) ပါ လိုင်စင်လျှောက်ထားခြင်းမှ ယာယီကင်းလွတ်ခွင့်ပြုခဲ့သည့်ကုန်စည်များအား ၂၀၂၁ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့မှစ၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ပို့ကုန်၊သွင်းကုန်လိုင်စင် လျှောက်ထားရန်၊

(ခ) သတင်းလွှာ (၈/၂၀၂၁) ပါ ထောက်ခံချက်၊ လက်မှတ်ဖြေလျှော့ခွင့်ပြုခြင်းအား ၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့မှစ၍ FDA၏ သက်တမ်းရှိသည့် DIAC နှင့် DRC များဖြင့် သွင်းကုန်လိုင်စင်လျှောက်ထားရန်။

၃။ အထက်အပိုဒ် ၂(က)ပါ သွင်းကုန်လိုင်စင်လျှောက်ထားရမည့် ကုန်စည်များနှင့်စပ်လျဉ်း၍ အကြောင်းအမျိုးမျိုးကြောင့် သွင်းကုန်လိုင်စင်လျှောက်ထားခြင်းမရှိဘဲ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့မတိုင်မီ ဆိပ်ကမ်းသို့ ရောက်ရှိလာသည့်ကိစ္စရပ်အတွက် လုပ်ငန်းရှင်များ၏ လုပ်ငန်းလွယ်ကူချောမွေ့စေရေးအတွက် တင်သွင်းခွင့် ပေးသွားမည်ဖြစ်သည်။

**ကုန်သွယ်ရေးဦးစီးဌာန**

## မြန်မာ့ဆိပ်ကမ်းတွင် ၄.၆.၂၀၂၁ ရက် ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| မြန်မာနိုင်ဂရု(ပ်)ဆိပ်ကမ်း | MT.VL-21 | P.Oil (In Bulk) ၅၀၀၀ တန်ချ |
| ဆူးလေဆိပ်ကမ်း(၃) | VANTAGE KEY | ဆန်တန်ချိန် ၂၆၅၃၃ တန်တင် |
| ဆူးလေဆိပ်ကမ်း(၇) | LEO | ဆန်တန်ချိန် ၆၇၅၀ တန်တင် |
| WILMAR JETTY | TRANG AN-06 | Soy Beam Meal တန်ချိန် ၇၇၀၀ ချ |
| | EAST GATE | Wheat Grain (In Bulk) တန်ချိန် ၁၅၉၄၄ ချ |
| APEX JETTY | MT.KS IRIS | Diesel+Mogas (92 Ron) ၁၀၀၀၀ တန်ချ |
| ELITE JETTY | MT.AS SOVEREIGN | Diesel Oil ၁၁၂၆၄ တန်ချ |
| ပိတောက်ရွှေဝါဆိပ်ကမ်း | MT.BELUGA PACIFIC | Diesel Oil 16162 တန်ချ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| SAOLERS WELLS | SBM(In Bulk) ၂၅၇၃၀ တန်ချရန် | SINGAPORE | ၄.၆.၂၀၂၁ |
| HONG SHENG-7 | Urea ၁၇၅၀၀ တန်ချရန် | JAPAN | ၅.၆.၂၀၂၁ |
| ELPIS | ဆန် ၃၀၂၄၀ တန်တင်ရန် | BELGIUM | ၅.၆.၂၀၂၁ |
| MV MCL-16 | ဆန် ၂၇၀၀ တန် တင်ရန် | BANGALADISH | ၅.၆.၂၀၂၁ |
| ELITE | ဆန် ၇၅၀၀ တန်ချရန် | BANGALADISH | ၅.၆.၂၀၂၁ |
| FORTUNE WING | Wheat (In Bulk)တန်ချိန် ၂၄၉၉၀ချရန် | AUSTRALIA | ၆.၆.၂၀၂၁ |
| DIANA | ဆန်တန်ချိန် ၁၁၀၀၀ တန်ချရန် | POLAND | ၇.၆.၂၀၂၁ |
| NICON FUTURE | SBM(In Bulk) ၂၇၇၇၉ တန်ချရန် | URUGUAY | ၉.၆.၂၀၂၁ |
| BILLES BORD | (2 Units Train Wagon)၁၃၅ ချရန် | INDIA | ၉.၆.၂၀၂၁ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| AISIPOS 11 | SINGAPORE | သီလဝါဆိပ်ကမ်း | ၆.၃.၂၀၂၁ |
| GREEN ACE | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၄.၆.၂၀၂၁ |
| MCC QINGDAO | SINGAPORE | သီလဝါဆိပ်ကမ်း | ၅.၆.၂၀၂၁ |
| BL PL TRUST | SINGAPORE | အေးရှားဝေါလ်/ထီးတန်းဆိပ်ကမ်း | ၅.၆.၂၀၂၁ |
| DANU BHUM | SINGAPORE | သီလဝါ/စက်မှု/အေးရှားဝေါလ်ဆိပ်ကမ်း | ၆.၆.၂၀၂၁ |
| MOUNT CAMERON | SINGAPORE | အေးရှားဝေါလ်/ထီးတန်းဆိပ်ကမ်း | ၆.၆.၂၀၂၁ |
| IMKE SCHEPER | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၆.၆.၂၀၂၁ |
| UNI ACCORD | SINGAPORE | အေးရှားဝေါလ်/ထီးတန်းဆိပ်ကမ်း | ၆.၆.၂၀၂၁ |
| MAERSK NORDBERG | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၆.၆.၂၀၂၁ |
| KOTA HALUS | SINGAPORE | အေးရှားဝေါလ်/ထီးတန်းဆိပ်ကမ်း | ၇.၆.၂၀၂၁ |
| CTP MAKASSAR | SINGAPORE | အေးရှားဝေါလ်/ထီးတန်းဆိပ်ကမ်း | ၇.၆.၂၀၂၁ |
| NEGAR | SINGAPORE | သီလဝါဆိပ်ကမ်း | ၇.၆.၂၀၂၁ |
| KOTA HALUS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၇.၆.၂၀၂၁ |
| CTP MAKASSAR | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၇.၆.၂၀၂၁ |
| TORREST STRAIT | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၉.၆.၂၀၂၁ |
| PRESIDIO | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၀.၆.၂၀၂၁ |
| AEGEAN EXPRESS | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၃.၆.၂၀၂၁ |
| KOTA HALUS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၈.၆.၂၀၂၁ |
| CTP MAKASSAR | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၀.၆.၂၀၂၁ |
| PRESIDIO | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၂.၆.၂၀၂၁ |
| AEGEAN EXPRESS | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၇.၆.၂၀၂၁ |
| KOTA HALUS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃၀.၆.၂၀၂၁ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.YU HAI | Diesel ၁၅၀၀၀ တန်ချရန် | SINGAPORE | ၅.၆.၂၀၂၁ |
| MT.GREAT OCEAN | Diesel ၁၃၀၀၀ တန်ချရန် | SINGAPORE | ၅.၆.၂၀၂၁ |
| MT.YU YI | Diesel ၁၄၀၀၀ တန်ချရန် | SINGAPORE | ၅.၆.၂၀၂၁ |
| MT.ORCA PACIFIC | Diesel ၁၆၀၀၀ တန်ချရန် | SINGAPORE | ၅.၆.၂၀၂၁ |
| MT.ROYAL-79 | P'Oil(In Bulk) ၆၅၀၀တန်ချရန် | INDONESIA | ၆.၆.၂၀၂၁ |
| MT.DENKO BRIGHT | Diesel ၂၃၀၀၀ တန်ချရန် | SINGAPORE | ၇.၆.၂၀၂၁ |
| MT.GREAT WALRUS | Diesel+MOGAS(92 RON)၁၀၇၀၀ တန်ချရန် | SINGAPORE | ၇.၆.၂၀၂၁ |
| MT.PANGNIU | Diesel+MOGAS(92 RON) ၂၂၀၀၀ တန်ချရန် | SINGAPORE | ၇.၆.၂၀၂၁ |
| MT.SENNA-9 | LPG (Gas) ၂၀၀၀ တန်ချရန် | INDONESIA | ၇.၆.၂၀၂၁ |
| MT.YU DONG | MOGAS (92 RON) ၁၀၀၀၀တန်ချရန် | SINGAPORE | ၇.၆.၂၀၂၁ |
| MT.VINALWES GLORY | Diesel ၂၅၀၀၀ တန်ချရန် | SINGAPORE | ၉.၆.၂၀၂၁ |
| MT.RM-2 | P'Oil(In Bulk) ၅၀၀၀တန်ချရန် | INDONESIA | ၁၀.၆.၂၀၂၁ |
| MT.SANTYA | MOGAS (92 RON) ၁၅၄၀၀ တန်ချရန် | SINGAPORE | ၁၀.၆.၂၀၂၁ |
| MT.EONIA | MOGAS (92 RON) ၁၃၀၀၀ တန်ချရန် | SINGAPORE | ၁၀.၆.၂၀၂၁ |
| MT.THERESA ORION | P'Oil(In Bulk) ၁၂၀၀ တန်ချရန် | INDONESIA | ၁၃.၆.၂၀၂၁ |
| MT.AU GEMINI | P'Oil(In Bulk) ၄၃၀၀တန်ချရန် | INDONESIA | ၁၃.၆.၂၀၂၁ |
| MT.VL-21 | P'Oil(In Bulk) ၅၀၀၀တန်ချရန် | INDONESIA | ၁၅.၆.၂၀၂၁ |

# မေလအတွင်း မြိတ်ကုန်သွယ်ရေးစခန်းမှ ကာလတူထက် ပို့ကုန် ပိုမိုတင်ပို့

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် မေလအတွင်း မြိတ်ကုန်သွယ်ရေးစခန်းမှ ယခင်နှစ်ကာလတူထက် ပို့ကုန်တန်ဖိုး ပိုမိုခဲ့ကြောင်း သိရသည်။

ယခုဘဏ္ဍာနှစ် မေလအတွင်း လယ်ယာထွက်ကုန် အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၁၂ သန်း၊ ရေထွက်ကုန် အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၂၁ သန်း၊ သတ္တုတွင်းထွက် အမေရိကန်ဒေါ်လာ သုည ဒသမ ၉၀၇ သန်းနှင့် စုစုပေါင်း အမေရိကန်ဒေါ်လာ ၇ ဒသမ ၀၄ သန်းဖိုး တင်ပို့ နိုင်ခဲ့သည်။

ယခင်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၆၇ သန်း ပိုမိုတင်ပို့နိုင်ကြောင်း သိရသည်။ ပို့ကုန်တန်ဖိုး ပိုမိုရခြင်းမှာ လယ်ယာထွက်ကုန်ပစ္စည်းတွင် ရော်ဘာပိုမိုတင်ပို့နိုင်ခြင်း၊ ရေထွက်ကုန်ပစ္စည်းတွင် ငါးအသားလွှာ၊ သဲကဏန်း၊ ငါးမှုန့်၊ မုတ်ခွံပိုမိုတင်ပို့နိုင်ခြင်း၊ သတ္တုတွင်းထွက်တွင် ခဲမှုန့် (အရိုင်း) ပိုမိုတင်ပို့နိုင်ခြင်းကြောင့် ဖြစ်သည်။

မြိတ်ကုန်သွယ်ရေးစခန်းမှ ယခုလအတွင်း သွင်းကုန်ပစ္စည်းများ တင်သွင်းမှု၊ ရင်းနှီးမြှုပ်နှံမှုတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၅၇ သန်း၊ လုပ်ငန်းသုံးကုန်ကြမ်းတွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၇၈ သန်းနှင့် လူသုံးကုန်ပစ္စည်းတွင် အမေရိကန်ဒေါ်လာ သုည ဒသမ ၇၂၃ သန်းဖိုး တင်သွင်းခဲ့ပြီး သွင်းကုန် စုစု ပေါင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၇၅၈ သန်းဖိုး တင်သွင်းခဲ့ကြောင်း သိရသည်။

ယမန်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ ၅ ဒသမ ၄၅၁ သန်း လျော့နည်းခဲ့သည်။ လျော့နည်းရခြင်းမှာ ရင်းနှီးမြှုပ်နှံမှုတွင် Iron Rod & Bar Cement, Ceremic Tile တို့ တင်သွင်းမှု လျော့ကျခဲ့ခြင်း၊ လုပ်ငန်းသုံးကုန်ကြမ်းတွင် Motor Gasoline, Engine Oil နှင့် လူသုံးပစ္စည်းများတွင် Vegetable Oil နှင့် နို့ဆီ၊ နို့စိမ်း တင်သွင်းမှု မရှိခဲ့ခြင်းတို့ကြောင့် ဖြစ်သည်။

မြိတ်ကုန်သွယ်ရေးစခန်းမှ ယခုနှစ် မေလတွင် ယမန်နှစ်ကာလတူထက် ပို့ကုန်တင်ပို့နိုင်ပြီး သွင်းကုန်တန်ဖိုး လျော့ကျခဲ့ကြောင်း သိရှိရသည်။

**YYA**

## ကြက်သွန်

### ပြည်ကြက်သွန်ဖြူ ဈေးတက်လာ

ပြည်ဈေးကွက်အတွင်းသို့ ရှမ်းပြည်ဘက်မှ ယခင် ပုံမှန်ဝင်ရောက်နေသည့် ကြက်သွန်ဖြူမှာ အဝင်နည်းနေ၍ ပြည်ဈေးကွက်အတွင်း လက်ကျန်နည်းနေသည့်အတွက် ဈေးအနည်းငယ် မြင့်တက်လာသည်။ ယခင်တစ်ပတ် ကြက်သွန်ဖြူ (ပွဲရုံဈေး) ကြူကုတ် တစ်ပိဿာလျှင် ကျပ် ၂၅၀၀-၂၆၀၀ မှ ယခုတစ်ပတ် ကျပ် ၃၀၀၀-၃၂၀၀ ဖြင့်လည်းကောင်း၊ ရှမ်းစမှာ တစ်ပိဿာလျှင် ကျပ် ၁၈၀၀- ၂၀၀၀ ဖြင့် ဈေးငြိမ်နေကြောင်း သိရသည်။

**ဆုမွန်ဆွေ(ပြည်)**

### ပြည်ကြက်သွန်နီဈေးကွက် ဈေးငြိမ်နေ

ယခုဇွန်လ ပထမပတ်တွင် ပြည် ကြက်သွန်နီဈေးကွက်သို့ တောင်တွင်း၊ အောင်လံ၊ သရက်ဘက်တို့မှ ပိဿာ ၃၀ ဝင်အိတ် ၅၅၀-၆၀၀ခန့် နေ့စဉ် အဝင်ရှိနေသည်။

အဝင်များနေသော်လည်း အရောင်းအဝယ်မှာ ယခု COVID- 19 ကာလအခြေအနေကြောင့် ဝင်ရောက်မှု၏ သုံးပုံတစ်ပုံခန့်သာ ရောင်းဝယ်မှုရှိနေသည့်အတွက် ပြည်ဈေးကွက်အတွင်း ပစ္စည်းလက်ကျန်များနေကြောင်းလည်း သိရသည်။

ဈေးနှုန်းအနေနှင့် ပွဲရုံလက်ကားဈေး တစ်ပိဿာ လျှင် ကြီး/လတ်/သေး ၃၈၀/၃၅၀/ ၃၀၀ နှုန်းတို့ရှိပြီး လက်လီ ဈေးအသေးများတွင် ကြီး/လတ်/သေး ကျပ် ၅၅၀/ ၅၀၀-၄၅၀/၄၀၀ နှုန်းတို့ဖြင့် အသီးသီးရောင်းဝယ်လျက်ရှိနေကြောင်း သိရသည်။

**ဝင်းလဲ့ဝါ(ပြည်)**

### ရေနံချောင်း၌ ကြက်သွန်နီ ဈေးအေးနေ

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် စိုက်ကြက်သွန်နီများ အရောင်းအဝယ် လက်လီသာ အဓိက ရောင်းချရပြီး ဈေးအေးနေကြောင်း ကြက်သွန်နီဈေးကွက်မှ စုံစမ်းသိရှိရသည်။

"လက်ရှိ ကြက်သွန်နီသစ်တွေ မြို့မဈေး၊ ပျံကျဈေးနှင့် လက်လီဈေးကွက်ကို အဓိကရောင်းနေကြပြီး အချို့ဒေသခံများက မြို့ပေါ် ရပ်ကွက်အတွင်း လှည့်လည်ရောင်းချတာမျိုးလည်းရှိတယ်။ ဈေးအေးသည့်အတွက် ကြက်သွန်နီအသုံးများသူများက ပိဿာ ရာဂဏန်းအထိ ဝယ်စုကြတာမျိုးလည်း ရှိတယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။

လက်ရှိ ကြက်သွန်နီ လက်လီတစ်ပိဿာလျှင် ကျပ် ၄၀၀ ပေါက်ဈေးရှိကာ လက်လီဈေးအေးနေကြောင်း ကြက်သွန်နီ လက်လီရောင်းသည့်အမျိုးသမီးတစ်ဦးထံမှ သိသည်။

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်တွင် ဆောင်းကြက်သွန်နီစိုက်ဧက သုံးထောင်ကျော် လျာထားစိုက်ပျိုးခဲ့ကြောင်း ရေနံချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန စာရင်းအရ သိရသည်။

**ဆန်းညွန့်(ရေနံချောင်း)**

### မေလအတွင်း မူဆယ်မှ တရုတ်သို့ ကြက်သွန်နီတင်ပို့မှု အခြေအနေ

မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ တရုတ်နိုင်ငံသို့ ကြက်သွန်နီများ တင်ပို့လျက်ရှိရာ မေ ၁ ရက်မှ ၂၈ ရက်အထိ ကြက်သွန်နီ ၈၅၆ စီး၊ ၁၈၇၀၆ ဒသမ ၄၅ တန် (တန်ဖိုးငွေ ဒေါ်လာသန်း ၂ ဒသမ ၀၇၃ ) တင်ပို့နိုင်ခဲ့သည်။

ကြက်သွန်နီတင်ပို့မှုမှာ မေလ ပထမပတ်တွင် ၃၆၅၂ ဒသမ ၇၀ တန်၊ မေလဒုတိယပတ်တွင် ၇၄၉၅ ဒသမ ၁၀ တန်၊ မေလတတိယပတ်တွင် ၅၆၃၆ ဒသမ ၃၅ တန်၊ နောက်ဆုံးပတ်တွင် ၁၉၂၂ ဒသမ ၃၀ တန် အသီးသီးဖြစ်သည်။ တင်ပို့မှုနှိုင်းယှဉ်လျှင် ဒုတိယပတ် ကြက်သွန်နီတင်ပို့မှုသည် ကျန်သုံးပတ်ထက် ၁၈၅၈ ဒသမ ၇၅ တန် ပိုမိုတင်ပို့နိုင်ခဲ့သည်။

ကြက်သွန်နီဈေးနှုန်းမှာ ပထမပတ်တွင် တစ်ပိဿာ ၄၁၅ ကျပ်အထိ ရောင်းရပြီး ဒုတိယပတ်တွင် တစ်ပိဿာ ကျပ် ၂၉၀ မှ ကျပ် ၂၇၀ သို့ကျဆင်းလျက်ရှိပြီး တတိယပတ်နှင့် နောက်ဆုံးပတ်တွင် ကြက်သွန်နီ တစ်ပိဿာ ကျပ် ၂၅၀ ဝန်းကျင်သို့ ဈေးနှုန်း ထပ်မံကျဆင်းသွားကြောင်း သိရှိရသည်။

**နေမျိုးထိုက်ကျော် (မောရွှေလီကုန်သွယ်မှုဗဟိုဌာန)**



### တက်ဈေးစောင့်နေသည့် ကြက်သွန်နီ

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ၂၀၂၀-၂၀၂၁ ခုနှစ် ဆောင်းကြက်သွန်နီစိုက်ဧက တစ်သောင်းသုံးထောင်ခန့် စိုက်ပျိုးထားကြောင်း သိရသည်။

မုံရွာမြို့နယ်အနေဖြင့် စိုက်ဧက ၇၀၀၀ ကျော်ရှိပြီး အများဆုံး စိုက်ပျိုးသည့် ကျေးရွာများမှာ ကွဲရဲ၊ မြေနဲ၊ အောင်သာ၊ အက်တောနှင့် ရွာတုံတို့ဖြစ်သည်။

ကြက်သွန်နီ တစ်ဧကထုတ်လုပ်မှုကုန်ကျစရိတ်မှာ ၁၂ သိန်းကျော်ဖြစ်ပြီး တစ်ဧကပျမ်းမျှအထွက်နှုန်း ပိဿာ ၄၀၀၀ ခန့်ရှိကြောင်း၊ ကြက်သွန်နီ တစ်ပိဿာ၏ ထုတ်လုပ်မှုကုန်ကျစရိတ်မှာ ကျပ် ၃၀၀ ခန့်ရှိကြောင်း မြေနဲကျေးရွာ ကြက်သွန်နီစိုက် တောင်သူတစ်ဦးထံ မှ သိရသည်။

ယခုအချိန်တွင် ကြက်သွန်နီ အရောင်းအဝယ်အေးပြီး ပွဲရုံသွင်းဈေး တစ်ပိဿာ ကျပ် ၂၈၀ မှ ၃၀၀ ကြားသာရှိခြင်းကြောင့် ကြက်သွန်နီစိုက် တောင်သူများနေဖြင့် အရှုံးဖြစ်ပေါ်နေပြီး မုံရွာမြို့ ပွဲရုံများတွင် ကြက်သွန်နီ တစ်ပိဿာ လက်လီ၊ လက်ကားဈေးနှုန်းများမှာ ကျပ် ၄၀၀ မှ ၆၀၀ ကြား ရောင်းချလျက်ရှိသည်။ အရင်းအနှီး တတ်နိုင်သည့် တောင်သူကြီးများကမူ အတက်ဈေးကိုမျှော်၍ သိုလှောင်ထားကြောင်း သိရှိရသည်။

**ထက်ထက်ဝင်း (မုံရွာ)**

## မန်ကျည်း



### ပြည်မန်ကျည်းမှည့် ဒေသတွင်းသာအရောင်းအဝယ်ဖြစ်

ယခုတစ်ပတ် ပြည်မန်ကျည်းမှည့် ပွဲရုံများတွင် နယ်အဝယ်မရှိဘဲ ဒေသတွင်း အရောင်းအဝယ် အနည်းငယ်သာရှိနေပြီး တစ်ရက်လျှင် လက်လီသမား အဝယ်ရှိသောကြောင့် ပိဿာ ၃၀ ကျော် အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

မန်ကျည်းမှည့် အစေ့ပါတစ်ပိဿာ (ပွဲရုံဈေး) ကျပ် ၁၂၀၀ နှင့် အစေ့မပါ အသားချည်း တစ်ပိဿာဈေးမှာ ကျပ် ၂၅၀၀ ဈေးတို့ဖြစ်ပြီး ဒေသတွင်း လက်လီဈေးမှာ အစေ့ပါ ကျပ် ၁၆၀၀ နှင့် အစေ့မပါ ကျပ် ၃၂၀၀ တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

**ဝင်းဝင်းခိုင်(ပြည်)**

## အာလူး


### ပြည်အာလူးဈေး အနည်းငယ်ကျလာ

ပြည်ဈေးကွက်တွင် ယခင်ပတ်များက ဈေးနှုန်းအနေဖြင့် အာလူး(ပွဲရုံဈေး) တစ်ပိဿာလျှင် ကျပ် ၁၀၀၀-၁၂၀၀ ဈေးရှိပြီး အရောင်းအဝယ်အေးခဲ့ခြင်းကြောင့် ပွဲရုံများတွင် ပစ္စည်းလက်ကျန်များနေခဲ့ပြီး အလေအလွင့်များရှိ ကြောင်းသိရသည်။

ယခုတစ်ပတ်တွင် (ပွဲရုံဈေး) တစ်ပိဿာလျှင် ကျပ် ၇၀၀-၈၀၀ ဈေးဖြင့် ဈေးလျှော့ ရောင်းခဲ့ကြသည်။ လက်လီဈေးအနေဖြင့် တစ်ပိဿာလျှင် ကျပ် ၉၀၀-၁၀၀၀ ဈေးဖြင့် အရောင်းအဝယ် အေးနေကြောင်း သိရသည်။ ရှမ်းပြည် အောင်ပန်းဘက်မှ ပုံမှန်အဝင်ရှိနေခဲ့သော်လည်း ယခုရက်ပိုင်းများတွင် အဝင်နည်းနေကြောင်း သိရသည်။

**ဆုမွန်ဆွေ(ပြည်)**

## နှမ်း



### နွေနှမ်း စိုက်ပျိုးမှုနှင့် ဈေးကွက်အခြေအနေ

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်တွင် (နွေ) နှမ်းများ စိုက်ပျိုးနေပြီဖြစ်ရာ ဧပြီလကုန်အထိ မြို့နယ်များ၌ စိုက်ပျိုးပြီးဧကများမှာ ကျောက်ဆည်မြို့နယ်တွင် ၁၄၁၇၆ ဧက၊ စဉ့်ကိုင်မြို့နယ်တွင် ၆၉၇၁ ဧက၊ မြစ်သားမြို့နယ်တွင် ၉၃၁၀ ဧက၊ တံတားဦးမြို့နယ်တွင် ၃၁၁ ဧက၊ စုစုပေါင်း ၃၀၇၆၈ ဧက စိုက်ပျိုးပြီးကြောင်း သက်ဆိုင်ရာဌာန၏ စာရင်းများအရ သိရှိရသည်။

နှမ်းမျိုးအနေဖြင့် နှမ်းဖြူ နှမ်းညို၊ နှမ်းနက်မျိုးများကိုသာ အများဆုံးစိုက်ပျိုးကြပြီး မိုးရွာသွန်းမှု ကောင်းသောကြောင့် အပင်များ ကောင်းမွန်စွာ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

နှမ်းစိုက်ပျိုးမှုအနေဖြင့် နှမ်းတစ်ဧကလျှင် ကုန်ကျစရိတ် ကျပ် ၂၂၅၀၀၀ ဝန်းကျင် ကုန်ကျကြောင်း သိရှိရသည် ။ နှမ်းဈေးနှုန်းအနေဖြင့် နှမ်းဖြူတစ်တင်းလျှင် ကျပ် ၄၄၀၀၀၊ နှမ်းညိုတစ်တင်းလျှင် ကျပ် ၃၄၀၀၀၊ နှမ်းနက်တစ်တင်းလျှင် ကျပ် ၃၄၀၀၀ ဈေးနှုန်းများဖြင့် ရောင်းဝယ်လျက်ရှိကြောင်း ပွဲရုံများမှ သိရှိရသည်။

ဆီဈေးနှုန်းများအနေဖြင့် နှမ်းဆီ တစ်ပိဿာလျှင် ကျပ် ၇၀၀၀၊ ပဲဆီတစ်ပိဿာလျှင် ကျပ် ၈၀၀၀၊ စားဆီတစ်ပိဿာလျှင် ကျပ် ၃၄၀၀ ဈေးနှုန်းများဖြင့် ရောင်းဝယ်လျက်ရှိကြောင်း သိရှိရသည်။

**နှင်းလဲ့လဲ့(ကျောက်ဆည်ခရိုင်)**

## ယခုတစ်ပတ် ဓာတ်မြေဩဇာတင်သွင်းမှု ပိုမို

မေ ၂၂ ရက်မှ ၂၈ ရက်အထိ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၀၈ သန်း တန်ဖိုးရှိ ဓာတ်မြေဩဇာတန်ချိန် ၈၅၀၀ ကျော် တင်သွင်းခဲ့ကြောင်း သိရှိရသည်။ စခန်းအလိုက်တင်သွင်းမှုမှာ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၉၆ သန်း တန်ဖိုးရှိ ဓာတ်မြေဩဇာတန်ချိန် ၂၁၀၀ ကျော်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၇၁၄ သန်း တန်ဖိုးရှိ ဓာတ်မြေဩဇာ တန်ချိန် ၄၀၀၀ ကျော်နှင့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၇၀ သန်း တန်ဖိုးရှိ ဓာတ်မြေဩဇာ တန်ချိန် ၁၄၈၀ ကျော် တင်သွင်းနိုင်ခဲ့ပြီး မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၄၂၈ သန်း တန်ဖိုးရှိ ဓာတ်မြေဩဇာ တန်ချိန် ၉၀၀ နီးပါး တင်သွင်းခဲ့ကြောင်း သိရှိရသည်။

အနီးစပ်ဆုံး ယခင်သီတင်းပတ်နှင့်နှိုင်းယှဉ်ပါက တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၂၂၈ သန်းနှင့် ၄၂၅ တန် ပိုမိုတင်သွင်းနိုင်ခဲ့ကြောင်း သိရှိရသည်။

မေ ၂၂ ရက်မှ ၂၈ ရက်အတွင်း အမေရိကန်ဒေါ်လာ ၂၈၄၃၃၇၆ တန်ဖိုးရှိ မြေဩဇာတန်ချိန် ၇၇၉၀ ကို ပင်လယ်ရေကြောင်းမှတင်သွင်းခဲ့သည်။ ယခုတစ်ပတ်အတွင်း ဂျာမနီနိုင်ငံမှ တန်ချိန် ၂၁၆၀၊ ထိုင်းနိုင်ငံမှ တန်ချိန် ၂၁၀၆၊ ရုရှားနိုင်ငံမှ တန်ချိန် ၂၀၁၆၊ တောင်ကိုးရီးယားသမ္မတနိုင်ငံမှ တန်ချိန် ၁၀၀၈ နှင့် ဗီယက်နမ်နိုင်ငံမှ တန်ချိန်၅၀၀ တင်သွင်းခဲ့ကြောင်း သိရှိရသည်။

ယခုတစ်ပတ်တွင် ဂျာမနီနိုင်ငံမှ မြေဩဇာအများဆုံး တင်သွင်းခဲ့ကြောင်း သိရှိရသည်။ ယခင်သီတင်းပတ်နှင့် နှိုင်းယှဉ်ပါက တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၇၁ သန်းနှင့် ၇၂၇၉ တန် ပိုမိုတင်သွင်းနိုင်ခဲ့ကြောင်း သိရှိရသည်။ ထို့ကြောင့် ယခုတစ်ပတ်တွင် ပင်လယ်ရေကြောင်းမှ မြေဩဇာတင်သွင်းမှု ပိုမိုခဲ့သလို နယ်စပ်လမ်းများမှာလည်း အဝင် ပိုမိုခဲ့ကြောင်း သိရှိရသည်။

**အိမ့်**

## နို့မှုန့်အဝင် ပိုမိုလာသော်လည်း နို့ဆီတင်သွင်းမှု လျော့နည်း

မေ ၂၂ ရက် မှ ၂၈ ရက်အတွင်း အမေရိကန်ဒေါ်လာ ၁၄၉၆၄၀ တန်ဖိုးရှိ နို့ဆီ ၁၄၈ ဒသမ ၈၂၄ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် မလေးရှားနိုင်ငံမှသာ တင်သွင်းခဲ့ပြီး တင်သွင်းခဲ့သည့် အမျိုးအစားမှာ Hawk Brand ဖြစ်ကြောင်း သိရှိရသည်။

ယခင်သီတင်းပတ်တွင် နို့ဆီ ၉၁၉ ဒသမ ၆၅၆ တန် တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့် နှိုင်းယှဉ်လျှင် ၇၇၀ ဒသမ ၈၃၂ တန် လျော့နည်းခဲ့ကြောင်း သိရှိရသည်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၇၂၀၈၃၁ တန်ဖိုးရှိ နို့မှုန့် ၂၉၅ ဒသမ ၉ တန်ကိုတင်သွင်းခဲ့သည်။ နယူးဇီလန်နိုင်ငံမှ ၁၇၂ ဒသမ ၁၇၅ တန်၊ ဘယ်လ်ဂျီယံနိုင်ငံမှ တန် ၁၀၀နှင့် အမေရိကန်ပြည်ထောင်စုနိုင်ငံမှ ၂၃ ဒသမ ၇၃ တန် အသီးသီး တင်သွင်းခဲ့ကြောင်း သိရှိရသည်။ ယခင်သီတင်းပတ်က နို့မှုန့် ၂၀၃ ဒသမ ၄ တန် တင်သွင်းနိုင်ခဲ့ပြီး ယခုတစ်ပတ်နှင့် နှိုင်းယှဉ်ပါက ၉၂ ဒသမ ၅ တန် တင်သွင်းမှုပိုမိုခဲ့ကြောင်း သိရှိရသည်။ ထို့ကြောင့် ယခုတစ်ပတ်တွင် နို့ဆီအဝင်လျော့ပြီး နို့မှုန့်အဝင် ပိုမိုခဲ့ကြောင်း သိရှိရသည်။

**အိမ့်**

## နယ်စပ်မှ ဘိလပ်မြေတင်သွင်းမှု သိသိသာသာ လျော့နည်းကျဆင်းလာ

ယခုတစ်ပတ် မေ ၂၂ ရက်မှ ၂၈ ရက်အထိ ကုန်သွယ်ရေးစခန်းများမှ ဘိလပ်မြေတင်သွင်းမှုမှာ အမေရိကန်ဒေါ်လာ သုည ဒသမ ၉၃၁ သန်းရှိပြီး တန်ချိန်အားဖြင့် ၁၂၀၀၀ ကျော် တင်သွင်းခဲ့ကြောင်း သိရှိရသည်။ စခန်းအလိုက် တင်သွင်းမှုအခြေအနေများအား လေ့လာကြည့်ရာတွင် ကော့သောင်းကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၅၃ သန်းတန်ဖိုးရှိ တန်ချိန် ၇၀၀၀ ကျော်၊ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၄၀ သန်းတန်ဖိုးရှိ၅၄၀၀ ကျော်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ သုည သုည ၁ သန်း တန်ဖိုးရှိ ၁၂ တန် တင်သွင်းနိုင်ခဲ့ကြောင်း သိရှိရသည်။

ယခုတစ်ပတ်အတွင်း ဘိလပ်မြေတင်သွင်းမှုမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက သိသိသာသာ ကျဆင်းလာခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၇၉ သန်းနှင့် တန်ချိန် ငါးသောင်းခုနစ်ထောင်ကျော် တင်သွင်းမှု လျော့နည်းခဲ့ကြောင်း သိရှိရသည်။ ယခုတစ်ပတ်အတွင်း ပင်လယ်ရေကြောင်းမှ ဘိလပ်မြေ တင်သွင်းမှုမရှိကြောင်း သိရသည်။

**အိမ့်**





## ကုန်စည်ဒိုင်၏ ကုန်စည်ဈေးနှုန်း

မေ ၃၁ ရက် မော်လမြိုင် ကုန်စည်ဒိုင်၏ ကုန်ဈေးနှုန်းပေါက်ဈေးများမှာ ရော်ဘာ R.S.S-3 (မှိုင်းခံပြား)တစ်ပေါင် ကျပ် ၉၀၀၊ ၁၀၈ ပေါင် (ဆန်သား ၉၀%) ဆန်တစ်အိတ်ဈေးနှုန်းမှာ ဧည့်မထ ကျပ် ၂၅၅၀၀၊ ပေါ်ကျွဲ ကျပ် ၃၂၅၀၀၊ ပေါ်ဆန်း ကျပ် ၃၅၀၀၀၊ ၂၀ ပိဿာဝင် ပဲတစ်တင်းဈေးနှုန်းများမှာ ပဲတီစိမ်း ကျပ် ၃၁၀၀၀၊ မတ်ပဲ ကျပ် ၃၄၀၀၀၊ ပဲလွန်းဖြူ ကျပ် ၃၀၀၀၀၊ ဗိုလ်ကိတ်ပဲ ကျပ် ၂၃၀၀၀၊ ပဲပုပ် ကျပ် ၂၈၀၀၀၊ မြေပဲ ၅၇၀၀၀ ကျပ်၊ ဆားကြမ်း တစ်ပိဿာ ကျပ် ၁၂၀ မှ ၁၅၀၊ ကြက်သွန်နီအလတ်စား တစ်ပိဿာ ကျပ် (၃၅၀ မှ ၄၅၀) ရေထွက်ကုန် တစ်ပိဿာ (အလတ်စ) ဈေးနှုန်းမှာ ငါးကွန်းရှပ် ကျပ် ၇၀၀၀၊ ကကတစ် ကျပ် ၇၀၀၀၊ ငါးသလောက်(အာနီ) ကျပ် ၉၀၀၀၊ ငါးတန် ကျပ် ၂၂၀၀၊ ငါးမြစ်ချင်း ကျပ် ၂၆၀၀၊ ငါးဖားမ ကျပ် ၁၉၀၀၊ တီလားဗီးရား ကျပ် ၂၇၀၀၊ ငါးပုတ်သင် ကျပ် ၅၀၀၀၊ ငါးပုဏ္ဏား(ထီး) ကျပ် ၆၀၀၀၊ ကင်းမွန် ကျပ် ၄၀၀၀ မှ ၈၀၀၀၊ ပုစွန်ပျော့ ကျပ် ၂၀၀၀၀ မှ ၂၅၀၀၀၊ ရေချိုပုစွန်တုပ်(စိမ်း) ကျပ် ၁၅၀၀၀ မှ ၃၀၀၀၀၊ ကဏန်း(ပန်း) ကျပ် ၅၀၀၀ မှ ၈၀၀၀ အသီးသီး ဖြစ်ပေါ်နေကြောင်းနှင့် အခေါက်ရွှေ တစ်ကျပ်သား ကျပ် ၁၅၅၀၀၀၀၊ ၁၅ ပဲရည်ပြည့် တစ်ကျပ်သား ကျပ် ၁၄၄၀၀၀၀ ဖြစ်ပေါ်ခဲ့ကြောင်း မော်လမြိုင်ကုန်စည်ဒိုင်မှ သိရှိရသည်။

**ဝင်းမြတ်(ရာမညကုန်သွယ်မှုဗဟိုဌာန)**

## မော်လမြိုင် ဘိလပ်မြေနှင့် ဓာတ်မြေဩဇာဈေးကွက်

မော်လမြိုင်မြို့၌ ယခုပတ်တွင် ဘိလပ်မြေဈေးကွက်မှာ အရောင်းအဝယ် အေးပြီး ဈေးတည်ငြိမ်နေကြောင်း သိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ် ပုံမှန်ဖြစ်နေသည့်ဈေးမှာ ကြံ့တစ်ကောင်(အပြာ) ကျပ် ၆၂၀၀၊ ဆင်(ထိုင်း) ကျပ် ၆၇၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေပြီး မော်လမြိုင်မြို့၌ ဓာတ်မြေဩဇာမှာ ယခုတစ်ပတ်တွင် ဈေးအနည်းငယ်မြင့်တက်ပြီး အရောင်းအဝယ် အေးလျက်ရှိကြောင်း သိရှိရသည်။ အရောင်းအဝယ်ဖြစ်နေသောဈေးမှာ ကွန်ပေါင်း (မြန်မာ့ဩဘာ ရွှေကောမက်) ၁၅း၁၅း၁၅ မှာ ကျပ် ၄၆၅၀၀၊ ကွန်ပေါင်း ၂၀း၁၂း၁၂ မှာ ကျပ် ၄၂၀၀၀၊ ကွန်ပေါင်း (Thai Grow How) ၁၅း၁၅း၁၅ မှာ ကျပ် ၅၁၅၀၀၊ ပုလဲ (အသေး) ၄၆% မြန်မာ (MPE) မှာ ကျပ် ၂၇၀၀၀၊ ပုလဲ (အသေး) ၄၆% တရုတ် (ရွှေတောင်) ကျပ် ၃၅၅၀၀၊ ပုလဲ (အကြီး) ၄၆% ထိုင်း (မြင်းပျံ) ကျပ် ၃၇၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**အောင်မြင့်မြတ် (မွန်)**

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၂/၅ မှ ၂၈/၅ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၅/၅ မှ ၂၁/၅ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၂.၀၀ | ၆၆.၀၀ | (-) | ၆၄.၀၀ |
| ၂။ | လွယ်ဂျယ် | - | - | | - |
| ၃။ | ချင်းရွှေဟော် | ၁၂.၀၀ | - | (+) | ၁၂.၀၀ |
| ၄။ | ကန်ပိုက်တီး | - | - | | - |
| ၅။ | တာချီလိတ် | ၁၀၀၀.၀၀ | ၁၃၀၀၀.၀၀ | (-) | ၁၂၀၀၀.၀၀ |
| ၆။ | မြဝတီ | - | ၂၇၄၇.၅၀ | (-) | ၂၇၄၇.၅၀ |
| ၇။ | ကော့သောင်း | ၇၁၀၀.၀၀ | ၂၀၇၉၅.၀၀ | (-) | ၁၃၆၉၅.၀၀ |
| ၈။ | မြိတ် | ၅၄၀၀.၀၀ | ၄၅၀.၀၀ | (+) | ၄၉၅၀.၀၀ |
| | စုစုပေါင်း | ၁၃၅၁၄.၀၀ | ၄၅၀၅၈.၅၀ | (-) | ၃၁၅၄၄.၅၀ |

အေးအေးသန့်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၂/၅ မှ ၂၈/၅ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၅/၅ မှ ၂၁/၅ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၂၁၁၄.၅၅ | ၂၉၁၄.၅၀ | (-) | ၇၉၉.၉၅ |
| ၂။ | လွယ်ဂျယ် | ၄၀၁၈.၈၅ | ၃၉၆၉.၇၅ | (+) | ၄၉.၁၀ |
| ၃။ | ချင်းရွှေဟော် | ၁၄၈၀.၂၅ | ၆၄၂.၀၀ | (+) | ၈၃၈.၂၅ |
| ၄။ | ကန်ပိုက်တီ | - | - | | - |
| ၅။ | မြဝတီ | ၈၈၈.၀၀ | ၅၅၀.၇၅ | (+) | ၃၃၇.၂၅ |
| ၆။ | ကော့သောင်း | - | - | | - |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိဒ် | - | - | | - |
| ၉။ | တမူး | - | - | | - |
| | စုစုပေါင်း | ၈၅၀၁.၆၅ | ၈၀၇၇.၀၀ | (+) | ၄၂၄.၆၅ |

ခင်မိုးသူ

# ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အဖွဲ့ဝင်များကို တွေ့ဆုံပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ကြည့်ရှုအားပေး

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး/ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးအောင်နိုင်ဦးသည် မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအဖွဲ့ဝင်များအား မေ ၂၈ ရက် နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံခဲ့သည်။



ထိုသို့တွေ့ဆုံရာ၌ ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအနေဖြင့် တိုင်းဒေသကြီးအတွင်း ခွင့်ပြုပြီး လုပ်ငန်းများကိုလည်း ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်းရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လွယ်ကူလျင်မြန်အဆင်ပြေချောမွေ့စေရေးနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြစ်စေရေးသည် အရေးကြီးကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် ငါးရပ်နှင့် ဦးတည်ချက်ကိုးရပ်ကို အခြေခံကာ ရင်းနှီးမြှုပ်နှံမှု မူဝါဒကို လိုက်လျောညီထွေချမှတ်အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ တိုင်းဒေသကြီးအတွင်းရှိ ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးတက်ရေးနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်မှုကဏ္ဍ၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၊ အချိန်တိုတိုအတွင်း ရလဒ်ကောင်းများရရှိမည့် လုပ်ငန်းများကို ဦးစားပေးလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်သည့် တင်ပြလျှောက်ထားမှုများကို ဥပဒေ ပြဋ္ဌာန်းချက်ပါ သတ်မှတ်ကာလအတွင်း ပြီးပြတ်အောင် စိစစ်ဆောင်ရွက်ပေးရန်လိုကြောင်း၊ နိုင်ငံသား ကုန်ထုတ်လုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရေးနှင့် ရင်းနှီးမြှုပ်နှံသူများအတွက် အထောက်အကူပြုစေမည့် ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်တစ်ရပ် ဖြစ်ပေါ်လာစေရေး ဌာနများက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ/ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌက တိုင်းဒေသကြီးအတွင်းရှိ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စများနှင့် ပတ်သက်၍ ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအတွက် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပေးရန် ကိစ္စများကိုလည်းကောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံးသို့ သွားရောက်၍ ရုံးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဝန်ထမ်းများနှင့် ရင်းနှီးပွင့်လင်းစွာတွေ့ဆုံကာ အခက်အခဲများကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

နေ့လယ်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မင်းဘူးခရိုင် မင်းဘူး (စကု)မြို့နယ် မင်းလှကျင်းကျေးရွာအုပ်စုရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဖြစ်သော GEP (Myanmar) Co.,Ltd. ၏ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းသို့ ရောက်ရှိခဲ့ရာ ကုမ္ပဏီ၏ အထွေထွေမန်နေဂျာ ဦးထက်နိုင်အောင်က စီမံကိန်းလုပ်ငန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။ ရှင်းလင်းပြောကြားရာတွင် ယခုစီမံကိန်းသည် မြန်မာနိုင်ငံ၏ ပထမဆုံးနှင့် အကြီးမားဆုံး နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ စီမံကိန်းတစ်ခုလုံးကို အပိုင်းလေးပိုင်းခွဲခြားထားပြီး တည်ဆောက်ပြီးစီးမှုကာလမှာ လေးနှစ်လျာထားကြောင်း၊ စီမံကိန်း၏ အပိုင်း(၁) ကို ၂၀၁၈ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ရာ ၂၀၁၉ ခုနှစ်တွင် လုပ်ငန်းစတင် လည်ပတ်နိုင်ခဲ့ပြီး နေ့စဉ်လျှပ်စစ်ဓာတ်အား မီဂါဝပ် ၄၀ ထုတ်လုပ်ပေးလျက်ရှိကြောင်း၊ ကျန်စီမံကိန်းအပိုင်းများကို ဆက်လက်တည်ဆောက်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ စီမံကိန်းတစ်ခုလုံး ပြီးစီးပါက မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့သို့ လျှပ်စစ်မီး အလုံအလောက်ဖြန့်ဝေပေးနိုင်မည်ဖြစ်ကြောင်းနှင့် တိုင်းဒေသကြီးအတွင်း အလုပ်အကိုင် အခွင့်အလမ်း ၁၀၀၀ ကျော် ရရှိနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။ ပြည်ထောင်စုဝန်ကြီးက စီမံကိန်းဆိုင်ရာကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိလိုသည်များကို မေးမြန်းခဲ့ပြီး ကုမ္ပဏီကတင်ပြသည့် အခက်အခဲများကို ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကန်ရေကျေးရွာအုပ်စုရှိ မြန်မာ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဖြစ်သော Kyaw and Than Co.,Ltd ၏ မန်းသီတာ(MTT)ကွန်ကရစ်ကျောက်တိုင် ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်နေမှုလုပ်ငန်း အခြေအနေများအား သွားရောက်ကြည့်ရှုအားပေးခဲ့သည်။ ကုမ္ပဏီ၏ ရှင်းလင်းဆောင်တွင် အထွေထွေမန်နေဂျာဖြစ်သူ ဦးညီညီထွေးက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် လက်ရှိဖြစ်ပေါ်နေသော အခက်အခဲများကို ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဖြေရှင်းပေးခဲ့သည်။

ထို့ပြင် မေ ၂၉ ရက် နံနက်ပိုင်းတွင်လည်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့်ဆောင်ရွက်လျက်ရှိသော မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ဆားတိုင်ကန်ကျေးရွာအုပ်စုရှိ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းဖြစ်သော Paragon Myay Latt Thar Co.,Ltd. ၏ တန်ဖိုးမြှင့် နှမ်းများဖြစ်သည့် အခွံချွတ်နှမ်း၊ နှမ်းလှော်စေ့၊ နှမ်းလှော်မှုန့်၊ သန့်စင်ပြီးနှမ်း၊ ရောင်စုံနှမ်း၊ နှမ်းလှော်ဆီမွှေး၊ တန်ဖိုးမြှင့်ပဲများဖြစ်သည့် သန့်စင်ပြီးပဲတီစိမ်း၊ သန့်စင်ပြီးမြေပဲထုတ်လုပ်၍ ပြည်ပသို့ ရာနှုန်းပြည့် တင်ပို့ခြင်းလုပ်ငန်းသို့ သွားရောက်ခဲ့သည်။

ထိုသို့ ရောက်ရှိစဉ် ကုမ္ပဏီ၏ ဒါရိုက်တာဦးကောင်းခန့်ဇင်က လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်တို့ နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက ကုန်ထုတ်လုပ်မှုမြှင့်တင်ရေး၊ ပြည်ပသို့ တန်ဖိုးမြှင့်နှမ်း တိုးမြှင့်တင်ပို့နိုင်ရေးကိစ္စတို့နှင့်စပ်လျဉ်း၍ ပြောကြားခဲ့ပြီး လိုအပ်သည်များဆွေးနွေးပေါင်းစပ်ညှိနှိုင်းပေးကာ စက်ရုံအတွင်း လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့်ဆောင်ရွက်လျက်ရှိသော မကွေးခရိုင် မြို့သစ်မြို့နယ် ရေပြည့်ကျေးရွာအုပ်စုရှိ ရာနှုန်းပြည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဖြစ်သော Good Brothers' Co.,Ltd. ၏ နွားသားစပ်မွေးမြူခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းသို့ ရောက်ရှိစဉ် ကုမ္ပဏီ၏ အရောင်းတာဝန်ခံ ဦးမျိုးမြင့်ထွန်းက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင် ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများတိုးချဲ့ဆောင်ရွက်နိုင်ရေး၊ ဒေသခံတောင်သူများနှင့် နွားမွေးဖက်ပေးလုပ်ငန်းများချဲ့ထွင်ဆောင်ရွက်နိုင်ရေး၊ အခြားမြို့နယ်များသို့လည်း နွားမွေးမြူရေး တိုးချဲ့ဆောင်ရွက်နိုင်ရေးနှင့် ပြည်ပသို့ တိုးချဲ့တင်ပို့နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ပြောကြားခဲ့ပြီး လိုအပ်သည်များ ဆွေးနွေးပေါင်းစပ်ညှိနှိုင်းပေးကာ မွေးမြူရေးခြံအတွင်း လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

**DICA**



# oifukbvkdpifalu;tm; ,ciftrdEIfYumjifmpmtrSwf (58^2019)y|rlvEIfxm;twkdkifaumufcH;rnf

အမိန့်ကြော်ငြာစာအမှတ် (၄၆/၂၀၂၁) ပါ သွင်းကုန်လိုင်စင် တစ်စောင်လျှင် ကျပ် ၃၀၀၀၀ နှုန်းဖြင့် ကာလတိုး မြှင့်သတ်မှတ်ကောက်ခံခဲ့မှုမှာ ၂၀၂၁ ခုနှစ် မေ ၃၁ ရက်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး အဆိုပါသွင်းကုန်လိုင်စင်ကြေး အား ၂၀၂၁ခုနှစ် ဇွန် ၁ ရက်မှစ၍ ယခင်အမိန့်ကြော်ငြာစာအမှတ် (၅၈/၂၀၁၉) ပါ သတ်မှတ်နှုန်းထားများအတိုင်း ပြန်လည်ကောက်ခံသွားမည်ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
အမိန့်ကြော်ငြာစာအမှတ်၊ ၅၈ / ၂၀၁၉
၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၂ ရက်
( ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက် )

**သွင်းကုန်လိုင်စင်ကြေးများသတ်မှတ်ထုတ်ပြန်ခြင်း**

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ လက်ရှိကောက်ခံလျက်ရှိသော သွင်းကုန်လိုင်စင်ကြေးနှုန်းထားများကို လိုင်စင်လျှောက်ထားမှုတန်ဖိုးများနှင့် ဆီလျော်မှုရှိစေရေး အတွက် အောက်ပါအတိုင်း သတ်မှတ်လိုက်သည် -

| သွင်းကုန်ပစ္စည်း၏ ဆိပ်ကမ်းရောက်တန်ဖိုး (CIF) | သွင်းကုန်လိုင်စင်ကြေး |
|---|---|
| (က) ကျပ် ၅၀၀၀၀၀၀အထိ | ကျပ် ၃၀၀၀၀ |
| ( ခ ) ၅၀၀၀၀၀၁ကျပ်မှ ကျပ် ၁၀၀၀၀၀၀၀ အထိ | ကျပ် ၅၀၀၀၀ |
| ( ဂ ) ၁၀၀၀၀၀၀၁ကျပ်မှ ကျပ် ၅၀၀၀၀၀၀၀ အထိ | ကျပ် ၆၀၀၀၀ |
| (ဃ) ၅၀၀၀၀၀၀၁ကျပ်မှ ကျပ် ၁၅၀၀၀၀၀၀၀အထိ | ကျပ် ၈၀၀၀၀ |
| ( င ) ၁၅၀၀၀၀၀၀၁ ကျပ်နှင့်အထက် | ကျပ် ၉၀၀၀၀ |

၂။ သို့ဖြစ်ပါ၍ နိုင်ငံတော်သို့ပေးသွင်းရန် သတ်မှတ်ထားသည့် လိုင်စင်ကြေးများကို အပိုဒ် (၁)ပါ သတ်မှတ်ထားသည့်နှုန်းထားများအတိုင်း ဤအမိန့်ထုတ်ပြန်သည့်နေ့မှစ၍ ရက်ပေါင်း ၆၀ ပြည့်မြောက်သည့်နေ့တွင် ပြောင်းလဲကောက်ခံသွားမည်ဖြစ်ပါသည်။ ရက်ပေါင်း ၆၀ မတိုင်မီ ကာလ အတွင်း လျှောက်ထားလာသော သွင်းကုန်လိုင်စင်များအပေါ် လက်ရှိကောက်ခံနေသော နှုန်းထားများ အတိုင်း ကောက်ခံသွားမည်ဖြစ်သည်။

၃။ ယခင်ထုတ်ပြန်ထားသည့် ကုန်သွယ်ရေးဝန်ကြီးဌာန၏ ၂၈ - ၆ - ၁၉၉၁ ရက်စွဲပါ အမိန့်အမှတ် ၄/၉၁ နှင့် ၂၉ - ၃ - ၁၉၉၂ ရက်စွဲပါအမိန့်အမှတ် ၃/၉၂ တို့ကို ဤအမိန့်ဖြင့် ပယ်ဖျက် လိုက်သည်။

# မွန်ပြည်နယ် ရော်ဘာစိုက်ပျိုးထွက်ရှိမှု ဈေးနှုန်းနှင့် ဈေးကွက်အခြေအနေ

မွန်ပြည်နယ်၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ရော်ဘာစိုက်ဧကမှာ ၄၉၇၅၂ ဧကရှိပြီး ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ် ရော်ဘာစိုက်ဧကမှာ ၅၀၂၁၄၁ ဧကရှိသည့် အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ထက် စိုက်ဧက ၄၆၂၀ တိုးတက်လာကြောင်း တွေ့ရှိရသည်။

ပြည်နယ်အတွင်း အရောင်းအဝယ်ဖြစ်သည့် ရော်ဘာထွက်ကုန်ပစ္စည်း အမျိုး အစား အများစုမှာ TSR , Crump Rubber များအား ပြုပြင်ထုတ်လုပ်၍ ပြည်ပသို့ တင်ပို့ခြင်းအား ဆောင်ရွက်ပြီး RSS-3 အား ပြည်တွင်း ရောင်းဝယ်မှုနှင့် ပြည်ပ တင်ပို့မှုပုံစံဖြင့် လည်းကောင်း၊ အထူပြားများ၊ ခွက်ကပ်များ၊ ဆွဲဖတ်များကို လုပ်သား စရိတ်လျှော့ချနိုင်ရေးအတွက် TSR ထုတ်စက်ရုံများသို့ ပေးပို့ ရောင်းဝယ်မှုများ ရှိကြောင်းသိရှိရသည်။

ယခင်နှစ်များက RSS-3 ရော်ဘာ တစ်ပေါင်ဈေးနှုန်း ကျပ် ၁၀၀၀ အထက် ရရှိခဲ့သည့်အတွက် ခြံရှင်များ အကျိုးအမြတ်များပြားခဲ့သည်။ ရော်ဘာစိုက် ဧက များသည် နှစ်စဉ်တိုးတက်လာသော်လည်း ယခုအချိန်တွင်မူ ရော်ဘာဈေးနှုန်းမြင့် တက်လာခြင်းမရှိသည့်အတွက် ခြံရှင်ငယ်များအနေဖြင့် RSS ရော်ဘာပြားများ ထုတ်လုပ်မှုထက် အစေးရည်တိုက်ရိုက်ရောင်းချခြင်း၊ အထူပြားပုံစံများ ပြုလုပ်ခြင်း များကို ဆောင်ရွက်လာကြသည်ကို တွေ့ရှိလာရသည်။

မွန်ပြည်နယ်၏ ရော်ဘာဈေးနှုန်းအခြေအနေမှာ ယခုတစ်ပတ်တွင် RSS -3 တစ်ပေါင် ၉၁၀ ကျပ်ပေါက်ဈေး ဖြစ်ပေါ်နေပြီး ယခင်တစ်ပတ် ဈေးနှုန်း ကျပ် ၈၉၀ ရှိပြီး ယခင်ပတ်နှင့် နှိုင်းယှဉ်ပါက တစ်ပေါင်လျှင် ၂၀ ကျပ်ခန့် ဈေးနှုန်းတက်လာပြီး ယခင်နှစ်အလားတူကာလ RSS -3 တစ်ပေါင် လျှင် ကျပ် ၆၃၀ နှင့် နှိုင်းယှဉ် ပါက ယခင်နှစ်ဈေးနှုန်းထက် တစ်ပေါင်လျှင် ကျပ် ၂၈၀ ခန့် ဈေးနှုန်း မြင့်တက် ကြောင်း တွေ့ရှိရသည်။

ရော်ဘာထုတ်လုပ်မှုလက်ရှိအခြေအနေမှာ COVID -19 ရောဂါအခြေအနေ များကြောင့် ခြံလုပ်သားများ လာရောက်မှုနည်းပါးပြီး လုပ်သားအခက်အခဲများကြောင့် ထုတ်လုပ်မှုလျော့နည်းလျက်ရှိသည်။ TSR စက်ရုံများမှလည်း ၎င်းတို့ဝယ်ယူထုတ် လုပ်မည့် အရေအတွက်ပြည့်မီရရှိရေးနှင့် ဈေးကွက်အလားအလာ အခြေအနေများ ကြောင့် ဈေးအနည်းငယ် တိုးမြှင့်ဝယ်ယူခြင်းဖြစ်ကြောင်း သိရှိရသည်။

**အောင်မြင့်မြတ် (မွန်)**

# တာချီလိတ် ကုန်သွယ်ရေးစခန်းမှ မေလအတွင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ခုနစ်သန်းကျော်ရှိ

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် မေလအတွင်း တာချီလိတ် ကုန်သွယ်ရေးစခန်းမှ ပို့ကုန်အမေရိကန်ဒေါ်လာ သုည ဒသမ ၄၇၃ သန်း သွင်းကုန် အမေရိကန်ဒေါ်လာ ၇ ဒသမ ၀၈၄ သန်း ဆောင်ရွက်ခဲ့ပြီး စုစုပေါင်းကုန်သွယ်မှုပမာဏ ၇ ဒသမ ၅၅၇ သန်းရှိခဲ့သည်။ အနီးစပ်ဆုံး ဧပြီလနှင့် နှိုင်းယှဉ်ပါက ပို့ကုန်တန်ဖိုး လျော့ကျခဲ့သော်လည်း သွင်းကုန်တန်ဖိုး ပိုမိုခဲ့ ကြောင်း သိရသည်။

ပို့ကုန်တန်ဖိုးလျော့ကျရခြင်းမှာ လယ်ယာထွက်ကုန်နှင့် သစ်တောထွက်ပစ္စည်းတင်ပို့မှု လျော့ကျခဲ့သောကြောင့် ဖြစ်သည်။ ပို့ကုန်ပစ္စည်းအနေဖြင့် တစ်ဖက် ထိုင်းနိုင်ငံသို့ ပြောင်း၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ လက်ဖက်ခြောက်၊ ချင်းခြောက်၊ ကွမ်းစားဂမုန်း၊ Ko Bark နှင့် Managanese dioxid တို့ တင်ပို့ လျက်ရှိသည်။

သွင်းကုန်ပိုင်းတွင် အနီးစပ်ဆုံး ဧပြီလထက် ပိုမိုရခြင်း မှာ ရင်းနှီးမြှုပ်နှံမှုပစ္စည်း၊ လုပ်ငန်းသုံးကုန်ကြမ်းနှင့် လူသုံး ကုန်ပစ္စည်းများ ပိုမိုတင်သွင်းခဲ့သောကြောင့်ဖြစ်သည်။ ယခုလ တွင် Cement Diesel Oil, Motor Gasoline နှင့် Corrugated Sheet တို့ အများဆုံး တင်သွင်းခဲ့ကြောင်း သိရသည်။ **YYA**

# မော်လမြိုင်မြို့တွင် ဖြစ်ပေါ်နေသော အခြေခံစားကုန် ဈေးနှုန်းများ

မော်လမြိုင်မြို့၏ ဇွန်လ ပထမပတ်တွင် ဖြစ်ပေါ်နေသော အခြေခံ စားကုန်ဈေးနှုန်းများမှာ ပေါ်ဆန်း (စပါး)တင်း ၁၀၀ လျှင် ကျပ် ၇၆၀၀၀၀၊ ပေါ်ဆန်း (ဆန်) ၂၄ ပြည်ပါ တစ်အိတ် ကျပ် ၃၄၅၀၀၊ ညော့်မထ (စပါး) တင်း ၁၀၀ လျှင် ကျပ် ၆၄၄၀၀၀၊ ညော့်မထ (ဆန်) ၂၄ ပြည်ပါ တစ်အိတ် ကျပ် ၂၃၅၀၀၊ စားအုန်းဆီ တစ်ပိဿာ ကျပ် ၃၈၀၀၊ မြေပဲဆီ တစ်ပိဿာ ကျပ် ၈၅၀၀၊ ကြက်သွန်နီ တစ်ပိဿာ ကျပ် ၆၀၀၊ ကြက်သွန်ဖြူ (ရှမ်း) တစ်ပိဿာ ကျပ် ၃၅၀၀၊ ကြက်သွန်ဖြူ(ကြူဂုတ်)တစ်ပိဿာ ကျပ် ၃၀၀၀၊ မန်ကျည်းမှည့် တစ်ပိဿာ ကျပ် ၄၅၀၀၊ ငရုတ်ခြောက် တစ်ပိဿာ ကျပ် ၆၀၀၀၊ ပဲနီလေး (မြန်မာ) တစ်ပိဿာ ကျပ် ၄၀၀၀၊ ကုလားပဲခြမ်း တစ်ပိဿာ ကျပ် ၂၂၀၀၊ မြေပဲဆန်တစ်ပိဿာ ကျပ် ၃၃၀၀၊ မွေးမြူရေး ကြက်သားတစ်ပိဿာ ကျပ် ၇၀၀၀၊ ဝက်သား တစ်ပိဿာ ကျပ် ၁၀၀၀၀၊ ဆိတ်သား တစ်ပိဿာ ကျပ် ၂၅၀၀၀၊ အမဲသား တစ်ပိဿာ ကျပ် ၁၂၀၀၀၊ ငါးကြင်းတစ်ပိဿာ ကျပ် ၈၀၀၀၊ ငါးမြစ်ချင်း တစ်ပိဿာ ကျပ် ၅၀၀၀၊ ကြက်ဥ/ဘဲဥ တစ်လုံးလျှင် ကျပ် ၁၅၀/၂၂၀၊ ရော်ဘာ RSS-3 တစ်ပေါင် ကျပ် ၉၁၀၊ ရွှေ ၁၆ ပဲရည် ကျပ် ၁၅၅၀၀၀၀၊ ရွှေ ၁၅ ပဲရည် ကျပ် ၁၄၈၀၀၀၀ ၊ ရွှေ ၁၄ ပဲရည် ကျပ် ၁၃၃၅၀၀၀၊ ဓါတ်ဆီ တစ်ဂါလံ ကျပ် ၅၀၄၀၊ ဒီဇယ်တစ်ဂါလံ ကျပ် ၄၆၅၇ ဖြစ်ပေါ်လျက်ရှိကြောင်း သိရှိရသည်။

ယခုတစ်ပတ်ဈေးနှုန်းများမှာ ယခင်ပတ်နှင့်နှိုင်းယှဉ်လျှင် စားအုန်း ဆီဈေးနှုန်းနှင့် ဓာတ်ဆီ ၊ ဒီဇယ်ဆီဈေးနှုန်းတို့မှာ အနည်းငယ် ကျဆင်း လာပြီး ပေါ်ဆန်း(ဆန်)၊ ညော့်မထ(ဆန်)တို့မှာ ဈေးအနည်းထပ် မြင့်တက် လာကြောင်း သိရှိရသည်။

**နန်းတာတာလှိုင်(မွန်)**

# လျှော်ဖြူစိုက် တောင်သူများ ဈေးကောင်းမျှော်လျက်ရှိ

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ်တွင် လျှော်ဖြူ(ခ) ဆေးကုလားမပင်များ စိုက်ပျိုးထားရာ အပင်ပေါင်း ၈၇၆၀၀ ရှိပြီး ၁၉၈၀ ပင် အစေးထုတ်ပြီးဖြစ်သည်။

ယခုအချိန်တွင် လျှော်ဖြူဈေးမှာ တစ်ပိဿာလျှင် ကျပ် ၇၀၀၀ သာရှိသည့်အတွက် ယခင်နှစ်နှင့်စာလျှင် ဈေးမှာ သိသိ သာသာကျနေပြီး လျှော်ဖြူစိုက်တောင်သူများက အစေးမထုတ်ဘဲ ဈေးတက်လာမှသာ ထုတ်မည်ဖြစ်ကြောင်း သိရသည်။

ယခင်နှစ် လျှော်ဖြူဈေးမှာ တစ်ပိဿာလျှင် ကျပ် ၁၇၀၀၀ အထိ ဈေးမြင့်ခဲ့ပြီး COVID ကာလမှစပြီး ယခုအချိန်ထိ ဈေးနှုန်းမှာ ကျပ် ၇၀၀၀ ဖြင့်သာ ရောင်းဝယ်နေကြရသည့်အတွက် လျှော်ဖြူစိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် ဈေးကောင်း မျှော်လျက်ရှိနေကြောင်း သိရသည်။

**အောင်နိုင်ဦး (ရွှေတောင်)**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကြော်ငြာစာ

ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဇွန် လ ၂ ရက်

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနပိုင် ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင်ရုံး၊ တောင်ပိုင်းခရိုင်ဦးစီးမှူးရုံးနှင့် လှည်းကူး (CTQM) ရှိ အောက်ဖော်ပြပါ ငှားရမ်းခြင်း(၃)ခုတို့အား (၁)နှစ်သက်တမ်း/(၃)နှစ်သက်တမ်း (၁)နှစ်တစ်ကြိမ် စာချုပ်ဖြင့် ပုဂ္ဂလိက လုပ်ငန်းရှင်များသို့ သက်တမ်းတိုး ငှားရမ်းမည်-

| စဉ် | တည်နေရာ | အကျယ်အဝန်း |
|---|---|---|
| (က) | အရှေ့ပိုင်းခရိုင်၊ ပုဇွန်တောင်မြို့နယ်၊ ငါးဒိုင်အဆောက်အဦ | ၃၀' x ၁၁' |
| (ခ) | တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်၊ ဘုရားလမ်း၊ ဆိုင်ခန်း | ၁၅' x ၁၁' |
| (ဂ) | လှည်းကူး (CTQM) သိုလှောင်ရုံ | ၇၂' x ၅၁' |

၂။ အထက်ဖော်ပြပါ ငှားရမ်းခြင်း(၃)ခုကို ငှားရမ်းလိုပါက စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးတွင် (၁၅-၆-၂၀၂၁)နေ့ နောက်ဆုံးထား၍ အဆိုပြုလွှာက်လွှာ တင်ပြရမည်ဖြစ်ပါသည်။

၃။ စိတ်ဝင်စားသူများသည် သတ်မှတ်ရက်အတွင်း အဆိုပြုလွှာက်လွှာတင်သွင်းနိုင်ပြီး ၎င်းရက်ထက် ကျော်လွန်ပါက လွှာက်လွှာများကို လက်ခံမည်မဟုတ်ကြောင်း ကြော်ငြာအပ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း ၀၁-၂၅၁၈၂၄၊ ၀၁-၂၅၀၄၃၂ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တိုင်းဒေသကြီးဦးစီးမှူး
စားသုံးသူရေးရာဦးစီးဌာန
ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကြော်ငြာစာ

ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဇွန် လ ၃ ရက်

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီးရှိ အောက်ဖော်ပြပါ အခန်း(၁)ခန်းအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် (၁)နှစ်သက်တမ်းစာချုပ်ဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင် များသို့ ငှားရမ်းပေးမည် ဖြစ်ပါသည်။

၂။ အဆိုပါ ငှားရမ်းခြင်း(၁)ခုအား ငှားရမ်းလိုပါက စားသုံးသူရေးရာဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံးများသို့ (၁၅.၆.၂၀၂၁)ရက်နေ့ နောက်ဆုံးထား၍ အဆိုပြုလွှာက်လွှာတင်ပြရမည်ဖြစ်ပါသည်။

၃။ စိတ်ဝင်စားသူများသည် သတ်မှတ်ရက်အတွင်း အဆိုပြုလွှာက်လွှာ တင်သွင်းနိုင်ပြီး ၎င်းရက်ထက်ကျော်လွန်ပါက လွှာက်လွှာများကို လက်ခံမည်မဟုတ်ကြောင်း ကြော်ငြာအပ်ပါသည်။

၄။ အသေးစိတ် အချက်အလက်များကို သိရှိလိုပါက ဖုန်း- ၀၄၂-၂၄၅၂၀၊ ၀၄၂-၂၄၅၂၁၊ ၀၄၂-၂၄၅၂၂ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တိုင်းဒေသကြီးဦးစီးမှူး
စားသုံးသူရေးရာဦးစီးဌာန

## ၂၈-၅-၂၀၂၁မှ ၃-၆-၂၀၂၁ရက်အထိ Online CO Applicationမှ CO / Proudct Card / CE လျှောက်ထားမှုစာရင်း

| No | Form Tpye | New | Amend | Extension | Cancel | True Copy | Total |
|---|---|---|---|---|---|---|---|
| 1. | Certificate of Origin (COs) | | | | | | |
| | Form A | 361 | 21 | - | - | - | 382 |
| | Form AANZ | 9 | - | - | - | - | 9 |
| | Form AHK | - | - | - | - | - | - |
| | Form AI | 54 | 3 | - | - | - | 57 |
| | Form AJ | 30 | 1 | - | - | - | 31 |
| | Form AK | 127 | 1 | - | - | - | 130 |
| | Form CHINA | - | - | - | - | - | 0 |
| | Form D | - | - | - | - | - | 0 |
| | Form DFTP | 4 | - | - | - | - | 4 |
| | Form E | 138 | 10 | - | - | 1 | 148 |
| | Form Korea | 15 | 1 | - | - | - | 16 |
| | E Form D | 192 | - | - | - | - | 192 |
| 2. | Product Card | - | - | - | - | - | - |
| 3. | Certified Exporter | - | - | - | - | - | - |
| | Total | 930 | 37 | - | - | 2 | 969 |

## ပြည်တွင်းဆီဈေးနှုန်းများ (၄-၆-၂၀၂၁)

*ကျပ်/ပိဿာ*

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၇၅၀၀ | ၇၅၀၀ | □ | ၇၅၀၀ | ၇၅၀၀ | □ | ၃၉၀၀ | ၃၉၀၀ | □ |
| ရန်ကုန် | ၈၅၀၀ | ၈၅၀၀ | □ | ၉၀၀၀ | ၉၀၀၀ | □ | ၃၈၀၀ | ၃၆၀၀ | ▽ |
| မန္တလေး | ၇၀၀၀ | ၇၀၀၀ | □ | ၆၅၀၀ | ၆၅၀၀ | □ | ၃၆၀၀ | ၃၆၀၀ | □ |
| ပဲခူး | ၆၅၀၀ | ၆၅၀၀ | □ | ၆၅၀၀ | ၆၅၀၀ | □ | ၃၅၀၀ | ၃၅၀၀ | □ |
| မကွေး | ၆၅၀၀ | ၆၅၀၀ | □ | ၆၅၀၀ | ၆၅၀၀ | □ | ၃၄၀၀ | ၃၄၀၀ | □ |
| မုံရွာ | ၆၈၀၀ | ၆၈၀၀ | □ | ၆၈၀၀ | ၆၈၀၀ | □ | ၃၆၀၀ | ၃၆၀၀ | □ |
| စစ်တွေ | ၉၅၀၀ | ၉၅၀၀ | □ | - | - | - | ၄၀၀၀ | ၄၀၀၀ | □ |

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၃-၆-၂၀၂၁) ရက်

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်)<br>Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၃၁၂၁.၅၂ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၇.၈၀ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၁၅.၆၁ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၁၆.၀၀ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၁၈၇.၂၉ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၆၆.၀၅ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၈.၁၁ |
| ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | | ၃၄၂၈.၁၉၁ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၃-၆-၂၀၂၁ ရက် (CIF ဈေး Cloud Point 8 ˚C Max ၉၇၅ ဒေါ်လာနှင့် USD ဈေး ၁၆၅၄ ကျပ်) ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၃-၆-၂၀၂၁ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်။
၄။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# စက်သုံးဆီ(ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ သကြား၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီ ဈေးကွက်အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်း သည် ၂၀၂၁ ခုနှစ် မေ ၃၁ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၂၃ နိုင်ငံအနက် Central African Republic နိုင်ငံသည် ယခင်အပတ်ဈေးနှုန်းထက် ၉ ဒသမ ၁၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်ခဲ့ပြီး ပါရာဂွေးနိုင်ငံတွင် ၅ ဒသမ ၉၀ ရာခိုင်နှုန်း၊ အာဖဂန်နစ္စတန်နိုင်ငံတွင် ၄ ဒသမ ၃၀ ရာခိုင်နှုန်းနှင့် Cayman Islands နိုင်ငံတွင် ၃ ဒသမ ၇၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းများ မြင့်တက်ခဲ့ပြီး ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၄၈ နိုင်ငံရှိကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်၊ တရုတ်၊ ဟောင်ကောင်၊ ပါကစ္စတန်၊ ဘူလ်တန်၊ အီဂျစ်၊ အိုက်စလန်၊ လီဆိုသို၊ ပိုလန်၊ ရုရှားနှင့် ဆွစ်ဇာလန် စသည့် နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၅၉ နိုင်ငံတွင် ယခင်အပတ်ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်း တည်ငြိမ်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် မြန်မာ၊ ဂျာမနီ၊ ဂရိ၊ ပီရူး၊ ပြင်သစ်၊ ကနေဒါ၊ တောင်အာဖရိက၊ ဖင်လန်နှင့် ဟန်ဂေရီ စသည့်နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၁၆ နိုင်ငံရှိပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၁ ဒသမ ၇၀ ရာခိုင်နှုန်းအထိ ဈေးနှုန်းကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ မေ ၃၁ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းများအနေဖြင့် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ဖိလစ်ပိုင်နိုင်ငံတွင် သုည ဒသမ ၃၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး မြန်မာနိုင်ငံတွင် ၁ ဒသမ ၇၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရပါသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၂၁ ခုနှစ် မေ ၃၁ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၂၃ နိုင်ငံအနက် ပါရာဂွေးနိုင်ငံသည် ယခင်အပတ် ဈေးနှုန်းထက် ၈ ဒသမ ၁၀ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်ခဲ့ပြီး ကာတာနိုင်ငံတွင် ၆ ဒသမ ၁၀ ရာခိုင်နှုန်း၊ Curacao နိုင်ငံတွင် ၅ ဒသမ ၇၀ ရာခိုင်နှုန်းနှင့် ဂျော်ဒန်နိုင်ငံတွင် ၄ ဒသမ ၅၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းများ မြင့်တက်ခဲ့ပြီး ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၄၄ နိုင်ငံရှိကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်၊ တရုတ်၊ ဂျပန်၊ ပါကစ္စတန်၊ ဘာဘေဒို၊ ဘရာဇီး၊ အီကွေဒေါ၊ ကင်ညာ၊ လီဆိုသို၊ နိုင်ဂျီရီးယား၊ ပိုလန်၊ ရုရှားနှင့် တူရကီ စသည့် နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၆၁ နိုင်ငံတို့တွင် ယခင်အပတ်များအတိုင်း ဈေးနှုန်း အပြောင်းအလဲမရှိဘဲ ဒီဇယ်ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း တွေ့ရှိရသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် မြန်မာ၊ ဘယ်လ်ဂျီယံ၊ ဂရိ၊ ခရိုအေးရှား၊ ပြင်သစ်၊ နယ်သာလန်၊ ဟန်ဂေရီနှင့် ဖင်လန် စသည့်နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၁၈ နိုင်ငံရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၈ ဒသမ ၃၀ ရာခိုင်နှုန်းအထိ ဈေးနှုန်းကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ မေ ၃၁ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းများအနေဖြင့် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ဖိလစ်ပိုင်နိုင်ငံတွင် သုည ဒသမ ၆၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး မြန်မာနိုင်ငံတွင် ၁ ဒသမ ၉၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၁ ခုနှစ်၊ မေလ ၃၁ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၇၀ | ၀.၆၃ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၇၅ | ၀.၇၃ |
| ၃ | ထိုင်း | လီတာ | ၁.၁၄ | ၀.၈၀ |

## ဆန် ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၂၁ ခုနှစ်၊ မေ ၃၁ ရက်တွင် International Rice Market Website တွင် ဖော်ပြချက်အရ ပါကစ္စတန်ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ % တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၃၈ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ % တစ် တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၈ ဖြင့် လည်းကောင်း ဖြစ်ပေါ်ခဲ့သည်ကို သိရှိရသည်။ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ % ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀၃ ဖြင့်လည်းကောင်း၊ ဧည့်မထ ၅ % တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၈၇ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ % ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၇၈ ဖြင့်လည်းကောင်း၊ ပေါင်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၉၁ ဖြင့်လည်းကောင်း အသီးသီးဖြစ်ပေါ်ခဲ့သည်ကို လေ့လာသိရှိရသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ % တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၈၈ ဖြင့်လည်းကောင်း၊ ဧည့် မထ ၂၅ % ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၆၃ ဖြင့် လည်းကောင်းရှိခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ % ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၈ ဖြင့်လည်းကောင်း အသီးသီးရှိခဲ့သည်ကို လေ့လာတွေ့ရှိရသည်။

ထိုင်းနိုင်ငံ၌ ၁၀၀ % ဘီဂရိတ်ဆန်၊ ဧည့်မထ ၅ % ဆန်၊ ဧည့်မထ ၂၅ % ဆန် ဈေးနှုန်းများ မြင့်တက်ခဲ့ပြီး ဗီယက်နမ်နိုင်ငံတွင် ဧည့်မထ ၅ % ဆန်၊ ဧည့်မထ ၂၅ % ဆန်ဈေးနှုန်းများ ကျဆင်းခဲ့ပြီး ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံတို့၏ ဆန်ဈေးနှုန်းများမှာ တည်ငြိမ်နေခဲ့သည်ကို သိရှိရပါသည်။

ပြည်ပသတင်းအနေဖြင့် ကမ္ဘာ့ဆန်တင်ပို့မှု အများဆုံးနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံသည် ယခုနှစ်အတွင်းတွင်လည်း ဆန်ပမာဏ စံချိန်တင် တင်ပို့ဖွယ်ရှိနေပြီး ကမ္ဘာ့စားသောက်ကုန် ဈေးနှုန်းမြင့်တက်မှုကို ထိန်းကျောင်းပေးနိုင်ကြောင်း ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေး အဖွဲ့ (FAO) က ထုတ်ပြန်ခဲ့သည်ကို သိရှိရသည်။ အိန္ဒိယနိုင်ငံသည် ၂၀၂၀ ပြည့်နှစ်အတွင်းတွင် ဆန်တန်ချိန် ၁၄ ဒသမ ၅ သန်း တင်ပို့နိုင်ခဲ့ပြီး ယခုနှစ်တွင် ဆန်တင်ပို့မှုမှာ သမိုင်းတစ်လျှောက် စံချိန်တင် အမြင့်ဆုံးအဖြစ် တန်ချိန် ၁၆ ဒသမ ၂ သန်းအထိ ရှိလာနိုင်မည်ဟု ရောမမြို့အခြေစိုက် FAO ၏ အကြီးတန်းစီးပွားရေးပညာရှင်တစ်ဦး၏ ပြောကြားချက်အရ သိရှိရပါသည်။ အိန္ဒိယနိုင်ငံသည် ပြည်ပသို့ ဆန်အမြောက်အမြား တင်ပို့ခြင်းကြောင့် နိုင်ငံတကာဈေးကွက်အတွင်း ပြောင်း၊ ပဲပုပ်၊ ဂျုံ စသည် သီးနှံများ ဈေးမြင့်တက်နေသည့်အချိန်နှင့် ကိုဗစ်ရောဂါကြောင့် ကမ္ဘာ့ဒေသအချို့ ပို၍ ဆင်းရဲချို့တဲ့နေသည့် အချိန်တွင် ဆန်ကို ဈေးသက်သက်သာသာဖြင့် ဝယ်ယူရရှိနိုင်စေသည်ဟု FAO ၏ အကြီးတန်းစီးပွားရေးပညာရှင်ဖြစ်သူ မူစတာဖာမှ မေလ ၆ ရက်တွင် အီးမေးလ်ပေးပို့၍ ပြောဆိုခဲ့ကြောင်း သိရှိရပါသည်။

အိန္ဒိယ၏ ဆန်ထုတ်လုပ်မှုမှာ ဇွန်လတွင် အပြီးသတ်မည့် သီးနှံနှစ်အတွင်း စံချိန်တင်ပမာဏအနေဖြင့် တန်ချိန် ၁၂၀ ဒသမ ၃ သန်း ရှိလာနိုင်ပြီး ယခင်နှစ်၏ ထုတ်လုပ်မှု တန်ချိန် ၁၁၈ ဒသမ ၉ သန်းထက် ပိုမိုများပြားလာနိုင်မည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံ၏ စိုက်ပျိုးရေးဝန်ကြီးဌာန၏ ထုတ်ပြန်ခန့်မှန်းချက်အရ သိရှိရသည်။ ပြီးခဲ့သည့် ဖေဖော်ဝါရီလကုန်အထိ ၁၁ လအတွင်း ပြည်ပဈေးကွက်သို့ တင်ပို့သော ဘာစမာတီဆန်ဈေးသည် ယခင်နှစ်ကထက် ၁၃ ရာခိုင်နှုန်းသက်သာခဲ့ပြီး အခြားဆန်ဈေးမှာလည်း ၈ ရာခိုင်နှုန်း ဈေးသက်သာခဲ့ကြောင်း အိန္ဒိယနိုင်ငံအစိုးရ၏ ထုတ်ပြန်ချက်အရ သိရှိရသည်။ အိန္ဒိယနိုင်ငံသည် ကိုဗစ်ကပ်ရောဂါ ဒုတိယလှိုင်းကြောင့် အခက်အခဲ ကြုံတွေ့နေရသော ပြည်သူများအတွက် ရိက္ခာထောက်ပံ့သည့်အနေဖြင့် မေလနှင့် ဇွန်လအတွင်း ဆန်နှင့် ဂျုံများကို အစိုးရကဝယ်ယူသော ဈေးထက်လျှော့ချ၍ စတင်ရောင်းချပေးနေကြောင်း အိန္ဒိယနိုင်ငံ စားနပ်ရိက္ခာဝန်ကြီးဌာနမှ အကြီးတန်းအရာရှိတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

လက်ရှိ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ မေ ၂၈ ရက်အထိ (ယာယီ) စာရင်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၃၀ ကျော်သို့ ဆန်နှင့်ဆန်ကွဲ တင်ပို့နိုင်မှု ဆန်တန်ချိန် ၈၂၂၉၀၇ ဒသမ ၂၉၃ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၃၃၅ ဒသမ ၀၅၅ သန်း၊ ဆန်ကွဲ တန်ချိန် ၆၁၅၂၂၉ဒသမ ၂၈၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၁၁ ဒသမ ၅၆၆ သန်း၊ စုစုပေါင်း ဆန်နှင့် ဆန်ကွဲ တင်ပို့နိုင်မှု တန်ချိန် ၁၄၃၈၁၃၆ ဒသမ ၅၇၃ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ သန်းပေါင်း ၅၄၆ ဒသမ ၆၂၁ သန်း ရရှိထားပြီး ယခင်နှစ်ကာလတူတွင် ဆန်တန်ချိန် ၁၂၇၂၂၃၉ ဒသမ ၄၅၃ တန်၊ တန်ဖိုး အမေရိကန် ဒေါ်လာ ၃၉၆ ဒသမ ၁၆၉ သန်း၊ ဆန်ကွဲ တန်ချိန် ၆၈၆၄၆၂ ဒသမ ၁၄၀ တန်၊ တန်ဖိုး အမေရိကန် ဒေါ်လာ ၁၈၀ ဒသမ ၁၀၁ သန်း၊ စုစုပေါင်း ဆန်နှင့်ဆန်ကွဲ တင်ပို့နိုင်မှု တန်ချိန် ၁၉၅၈၇၀၁ ဒသမ ၅၉၃ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ သန်းပေါင်း ၅၇၆ ဒသမ ၂၇၀ သန်းဖြစ်ကြောင်း ကုန်သွယ်မှုစာရင်းများအရ သိရှိရပါသည်။

ယခင်နှစ် ကာလတူနှင့်နှိုင်းယှဉ်လျှင် ဆန်တန်ချိန် ၄၄၉၃၃၂ ဒသမ ၁၆၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၆၁ ဒသမ ၁၁၄ သန်း တင်ပို့မှု လျော့နည်းခဲ့သည်ကို တွေ့ရှိရသည်။ ဆန်ကွဲတင်ပို့မှုတွင် တန်ချိန် ၇၁၂၃၂ ဒသမ ၈၆၀ တန် တင်ပို့မှု လျော့နည်းခဲ့သော်လည်း တန်ဖိုး အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၄၆၅ သန်း ပိုမိုခဲ့သည်ကို သိရှိရသည်။ ဆန်နှင့်ဆန်ကွဲကို တရုတ်နိုင်ငံသို့ အများဆုံး တင်ပို့ရောင်းချနိုင်ခဲ့ခြင်းဖြစ်ပြီး ဘယ်လ်ဂျီယံနိုင်ငံသို့လည်း ဆန်ကွဲတင်ပို့နိုင်မှု မြင့်တက်ခဲ့ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရှိရသည်။

မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ၂၀၂၁ ခုနှစ် ဇွန် ၂ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်း တစ်ယွမ်လျှင် ၂၄၈ ကျပ်နှုန်းရှိပြီး၊ ဧည့်မထ ၂၅ % ဆန်တစ်အိတ်လျှင် ၂၈၅၂၀ ကျပ်မှ ၂၉၇၆၀ ကျပ်ကြား ပေါက်ဈေးရှိကြောင်း သိရှိရသည်။ မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၂၁ ခုနှစ် ဇွန် ၂ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ဘတ်လျှင် ၄၇ ကျပ်နှုန်း ပေါက်ဈေးရှိကြောင်း သိရှိရသည်။

တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန် ဈေးနှုန်းများကို လေ့လာကြည့်ပါက ဧည့်မထဆန် တစ်ပြည်လျှင် ဟားခါးမြို့တွင် ၂၄၀၀ ကျပ်၊ မုံရွာမြို့တွင် ၂၁၀၀ ကျပ်၊ မကွေးမြို့တွင် ၁၆၅၀ ကျပ်ဖြင့် အမြင့်ဆုံးဈေးနှုန်းများ ဖြစ်ပေါ်ခဲ့ပြီး ဘားအံမြို့၊ မော်လမြိုင်မြို့နှင့် ပြည်မြို့တို့တွင် ၁၁၀၀ ကျပ်တို့ဖြင့် အနိမ့်ဆုံး ဈေးနှုန်းများ ဖြစ်ခဲ့သည်ကို တွေ့ရှိရသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက သုည ဒသမ ၉၁ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း သိရှိရသည်။

၂၀၂၁ ခုနှစ် ဇွန်လဆန်းတွင် နိုင်ငံတကာဆန်ဈေးနှုန်းများတွင် အတက်/ အကျ ပြောင်းလဲမှုများရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်/အကျ ပြောင်းလဲမှုများ ဖြစ်ပေါ်နေသည်ကို လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

| | | | | |
|---|---|---|---|---|
| ၄ | ဗီယက်နမ် | လီတာ | ၀.၈၆ | ၀.၆၅ |
| ၅ | စင်ကာပူ | လီတာ | ၁.၇၆ | ၁.၄၂ |
| ၆ | မလေးရှား | လီတာ | ၀.၅၀ | ၀.၅၂ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၁.၀၇ | ၀.၈၈ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၁.၀၅ | ၀.၈၁ |
| ၉ | လာအို | လီတာ | ၁.၀၅ | ၀.၈၇ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

၂၀၂၁ ခုနှစ်၊ မေလ ၃၁ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီ ဈေးနှုန်းမှာ ဓာတ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၈ နှင့် ဒီဇယ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၅ ရှိပြီး စက်သုံးဆီ ဈေးနှုန်း နိုင်ငံအလိုက် နည်း/များတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီ ဈေးနှုန်း တစ်လီတာ သုည ဒသမ ၇၀ ဒေါ်လာနှုန်းဖြင့် ၂၇ နိုင်ငံ မြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း တစ်လီတာ သုည ဒသမ ၆၃ ဒေါ်လာ နှုန်းဖြင့် ၂၇ နိုင်ငံမြောက်တွင် ရှိနေကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်တွင် ဓာတ်ဆီ၊ ဒီဇယ်ဈေးနှုန်း အနည်းဆုံး/ အများဆုံးနိုင်ငံများစာရင်းကို တစ်လီတာ ဈေးနှုန်းများဖြင့် တစ်ဖက် ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဓာတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဓာတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | ဗင်နီဇွဲလား | လီတာ | ၀.၀၂ | ဟောင်ကောင် | လီတာ | ၂.၄၉ |
| ၂ | အီရန် | လီတာ | ၀.၀၇ | နယ်သာလန် | လီတာ | ၂.၁၇ |
| ၃ | အင်ဂိုလာ | လီတာ | ၀.၂၅ | နော်ဝေ | လီတာ | ၂.၀၈ |
| ၄ | အယ်လ်ဂျီးရီးယား | လီတာ | ၀.၃၅ | မိုနာကို | လီတာ | ၂.၀၀ |
| ၅ | ကူဝိတ် | လီတာ | ၀.၃၅ | ဒိန်းမတ် | လီတာ | ၁.၉၉ |

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | အီရန် | လီတာ | ၀.၀၁ | ဟောင်ကောင် | လီတာ | ၂.၁၁ |
| ၂ | ဆော်ဒီအာရေဗျ | လီတာ | ၀.၁၄ | ဆွီဒင် | လီတာ | ၁.၉၆ |
| ၃ | အင်ဂိုလာ | လီတာ | ၀.၂၁ | UK | လီတာ | ၁.၈၇ |

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်နေသော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံတို့၏ စက်သုံးဆီ တစ်လီတာ ဈေးနှုန်း များအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၁၃ | ၀.၉၉ |
| ၂ | ဂျပန် | လီတာ | ၁.၃၆ | ၁.၁၇ |
| ၃ | အိန္ဒိယ | လီတာ | ၁.၃၃ | ၁.၂၃ |


Oil-Price.Net Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့ရေနံစိမ်း (Crude Oil) နေ့စဉ် ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြ အပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ရက်စွဲ | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|---|
| ၁ | ၂၇.၅.၂၀၂၁ | စည် | ၆၆.၈၅ |
| ၂ | ၂၈.၅.၂၀၂၁ | စည် | ၆၆.၃၈ |
| ၃ | ၃၁.၅.၂၀၂၁ | စည် | ၆၆.၃၂ |
| ၄ | ၁.၆.၂၀၂၁ | စည် | ၆၇.၇၂ |
| ၅ | ၂.၆.၂၀၂၁ | စည် | ၆၈.၈၃ |

source : http://www.oil-price.net/

၂၀၂၁ ခုနှစ်၊ ဧပြီ ၅ ရက်မှ မေ ၃၁ ရက်ထိ အပတ်စဉ် ဓာတ်ဆီ၊ ဒီဇယ်နှင့် ရေနံစိမ်းဈေးနှုန်း ပြောင်းလဲမှုများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-




စာမျက်နှာ ၁၅ သို့

DOT (P&S)

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာတစ်ဝန်း ဖြစ်ပေါ်နေသည့် COVID-19 ကပ်ရောဂါ နှင့် ကမ္ဘာ့နိုင်ငံရေး အခြေအနေများကြောင့် ကမ္ဘာ့ရွှေဈေး သည် အပြောင်းအလဲများစွာ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရသည်။ ကမ္ဘာ့ရွှေဈေးသည် ၂၀၂၁ ခုနှစ် မေ ၂၇ ရက်တွင် ရွှေတစ် အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၈၉၉ ဒေါ်လာ ပေါက်ဈေး ရှိခဲ့ရာမှ ဇွန် ၂ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန် ဒေါ်လာ ၁၉၀၀ ဒေါ်လာ ဖြစ်ခဲ့သည်ကို တွေ့ရှိရသည်။

ပြည်တွင်းရွှေဈေးသည်လည်း မေ ၂၇ ရက်တွင် အခေါက် ရွှေ တစ်ကျပ်သားလျှင် ကျပ် ၁၅၈၀၀၀၀ ပေါက်ဈေးရှိခဲ့ရာမှ မြန်မာ့နိုင်ငံရေးအခြေအနေများကြောင့် အတက်အကျ အပြောင်း အလဲများ ဖြစ်ပေါ်လျက်ရှိပြီး ဇွန် ၂ ရက်တွင် ကျပ် ၁၅၇၅၀၀၀ ဖြစ်ပေါ်ခဲ့ကြောင်းကို ရွှေဈေးကွက်အတွင်းမှ သိရှိရသည်။

၂၀၂၁ ခုနှစ် ဧပြီ ၁ ရက်မှ ဇွန် ၂ ရက်အတွင်း ကမ္ဘာ့ ရွှေဈေးနှင့် မြန်မာ့ရွှေဈေးအခြေအနေတို့ကို အောက်ပါအတိုင်း လေ့လာတွေ့ရှိရသည်-

| စဉ် | နေ့စွဲ | ရွှေဈေးနှုန်း | |
|---|---|---|---|
| | | ကျပ် | ဒေါ်လာ |
| ၁ | ၁.၄.၂၀၂၁ | ၁၃၉၅၀၀၀ | ၁၇၁၁ |
| ၂ | ၂.၄.၂၀၂၁ | ၁၃၉၃၀၀၀ | ၁၇၂၉ |
| ၃ | ၅.၄.၂၀၂၁ | ၁၃၉၅၀၀၀ | ၁၇၂၅ |
| ၄ | ၆.၄.၂၀၂၁ | ၁၃၉၂၀၀၀ | ၁၇၃၅ |
| ၅ | ၇.၄.၂၀၂၁ | ၁၃၉၉၀၀၀ | ၁၇၃၈ |
| ၆ | ၈.၄.၂၀၂၁ | ၁၄၂၀၀၀၀ | ၁၇၃၉ |
| ၇ | ၉.၄.၂၀၂၁ | ၁၄၃၀၀၀၀ | ၁၇၄၂ |
| ၈ | ၁၂.၄.၂၀၂၁ | ၁၄၂၈၀၀၀ | ၁၇၃၈ |
| ၉ | ၂၀.၄.၂၀၂၁ | ၁၄၄၅၀၀၀ | ၁၇၄၅ |
| ၁၀ | ၂၁.၄.၂၀၂၁ | ၁၄၅၀၀၀၀ | ၁၇၄၈ |
| ၁၁ | ၂၂.၄.၂၀၂၁ | ၁၄၆၂၀၀၀ | ၁၇၉၃ |
| ၁၂ | ၂၃.၄.၂၀၂၁ | ၁၄၆၁၀၀၀ | ၁၇၈၄ |
| ၁၃ | ၂၆.၄.၂၀၂၁ | ၁၄၆၀၀၀၀ | ၁၇၈၁ |
| ၁၄ | ၂၇.၄.၂၀၂၁ | ၁၄၄၆၀၀၀ | ၁၇၈၁ |
| ၁၅ | ၂၈.၄.၂၀၂၁ | ၁၄၃၀၀၀၀ | ၁၇၇၁ |
| ၁၆ | ၂၉.၄.၂၀၂၁ | ၁၄၅၂၀၀၀ | ၁၇၈၀ |
| ၁၇ | ၃.၅.၂၀၂၁ | ၁၄၅၇၀၀၀ | ၁၇၈၀ |
| ၁၈ | ၄.၅.၂၀၂၁ | ၁၄၇၀၀၀၀ | ၁၇၈၆ |
| ၁၉ | ၅.၅.၂၀၂၁ | ၁၄၇၂၀၀၀ | ၁၇၇၇ |
| ၂၀ | ၆.၅.၂၀၂၁ | ၁၄၉၁၀၀၀ | ၁၇၉၄ |


စာမျက်နှာ ၁၅ သို့

## သကြား ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ယခုတစ်ပတ်အတွင်း ကမ္ဘာ့သကြားဈေးနှုန်းများအနေဖြင့် International Sugar Organization (ISO) ၏ website ဖြစ်သော www.isosugar.org တွင် ဖော်ပြချက်များအရ နေ့စဉ်ဖြစ်ပေါ်နေသည့် ကမ္ဘာ့သကြားဈေးနှုန်းများကို လေ့လာတွေ့ရှိရသည်။ အဆိုပါ website တွင် ဖော်ပြချက်များအရ သကြားဖြူ (White Sugar) တစ်တန်လျှင် ၄-၅-၂၀၂၁ ရက်တွင် အမေရိကန်ဒေါ်လာ ၄၅၁ ဒသမ ၇၅ ဒေါ်လာ ပေါက်ဈေးရှိခဲ့ရာမှ အတက်အကျ အပြောင်းအလဲများ ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး ၁-၆-၂၀၂၁ ရက်တွင် သကြားဖြူ (White Sugar) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၆၅ ဒသမ ၅၅ ဒေါ်လာ ဖြစ်ပေါ်ခဲ့သည်ကို အောက်ပါအတိုင်း တွေ့ရှိရသည်-

| Date | ISA Daily Price | 15 Day Average | White Sugar Price Index | |
|---|---|---|---|---|
| 1–Jun–21 | 17.75 cts/lb | 17.27 cts/lb | 465.55 $/T | 21.12 cts/lb |
| 28–May–21 | 17.41 cts/lb | 17.25 cts/lb | 460.55 $/T | 20.89 cts/lb |
| 27–May–21 | 17.23 cts/lb | 17.26 cts/lb | 458.15 $/T | 20.78 cts/lb |
| 26–May–21 | 16.92 cts/lb | 17.28 cts/lb | 450.80 $/T | 20.45 cts/lb |
| 25–May–21 | 17.15 cts/lb | 17.32 cts/lb | 456.35 $/T | 20.70 cts/lb |
| 24–May–21 | 16.95 cts/lb | 17.32 cts/lb | 450.30 $/T | 20.43 cts/lb |
| 21–May–21 | 16.81 cts/lb | 17.30 cts/lb | 447.95 $/T | 20.32 cts/lb |
| 20–May–21 | 17.15 cts/lb | 17.32 cts/lb | 454.40 $/T | 20.61 cts/lb |
| 19–May–21 | 17.07 cts/lb | 17.30 cts/lb | 454.20 $/T | 20.60 cts/lb |
| 18–May–21 | 17.33 cts/lb | 17.31 cts/lb | 458.40 $/T | 20.79 cts/lb |
| 17–May–21 | 17.10 cts/lb | 17.34 cts/lb | 453.90 $/T | 20.59 cts/lb |
| 14–May–21 | 17.04 cts/lb | 17.34 cts/lb | 454.05 $/T | 20.60 cts/lb |
| 13–May–21 | 17.18 cts/lb | 17.33 cts/lb | 455.95 $/T | 20.68 cts/lb |
| 12–May–21 | 17.85 cts/lb | 17.31 cts/lb | 472.35 $/T | 21.43 cts/lb |
| 11–May–21 | 18.05 cts/lb | 17.24 cts/lb | 480.35 $/T | 21.79 cts/lb |
| 10–May–21 | 17.53 cts/lb | 17.15 cts/lb | 466.85 $/T | 21.18 cts/lb |
| 7–May–21 | 17.54 cts/lb | 17.06 cts/lb | 466.15 $/T | 21.14 cts/lb |
| 6–May–21 | 17.56 cts/lb | 17.00 cts/lb | 464.70 $/T | 21.08 cts/lb |
| 5–May–21 | 17.48 cts/lb | 16.91 cts/lb | 462.85 $/T | 20.99 cts/lb |
| 4–May–21 | 17.09 cts/lb | 16.81 cts/lb | 451.75 $/T | 20.49 cts/lb |

စာမျက်နှာ ၁၅ သို့



# နည်းပြ ကွန်တီကို ခေါ်ယူရန် စပါးအသင်း သဘောတူညီမှုရရှိ

အင်္ဂလန် ပရီးမီးယားလိဂ်ကလပ် စပါးအသင်းသည် အင်တာမီလန်အသင်းနှင့် လမ်းခွဲလိုက်သည့် အသက် (၅၁)နှစ်ရှိ အီတလီနိုင်ငံသား ကွန်တီကို နည်းပြအဖြစ် ခန့်အပ်ရန် သဘောတူညီမှု ရရှိခဲ့ပြီဖြစ်ကြောင်း Goal.com က ဖော်ပြထားသည်။

ကွန်တီသည် အင်တာမီလန်အသင်းကို ကိုင်တွယ်ပြီး နှစ်နှစ်အကြာတွင် စီးရီးအေ ချန်ပီယံဆုကို ရရှိခဲ့ခြင်းဖြစ်သည်။ အင်တာမီလန်အသင်းကို စီးရီးအေ ချန်ပီယံဆု ရယူပေးနိုင်ခဲ့သည့် ကွန်တီသည် အရက်ဇိုအသင်းနှင့် နည်းပြဘဝ စတင်ခဲ့ပြီး ဘာရီ၊ အတ္တလန်တာ၊ ဆီနာ၊ ဂျူဗင်တပ်၊ အီတလီလက်ရွေးစင်အသင်းနှင့် ချယ်လ်ဆီးအသင်းတို့ကို ကိုင်တွယ်ခဲ့ဖူးသည်။

ထိုကဲ့သို့ ဥရောပ ပြည်တွင်းလိဂ် အသင်းကြီးများကို ကိုင်တွယ်ခဲ့ဖူးသည့် ကွန်တီသည် အင်တာမီလန်အသင်းကို မကိုင်တွယ်မီက ဘာရီအသင်းနှင့် စီးရီးဘီ ချန်ပီယံဆု တစ်ကြိမ်၊ ဂျူဗင်တပ်အသင်းနှင့် စီးရီးအေချန်ပီယံဆု သုံးကြိမ်၊ ချယ်လ်ဆီးအသင်းနှင့် ပရီးမီးယားလိဂ် ချန်ပီယံဆု တစ်ကြိမ်နှင့် အက်ဖ်အေဖလားတစ်ကြိမ် စသည်ဖြင့် အောင်မြင်မှု အသီးသီးရရှိခဲ့သည်။ အခြားတစ်ဖက်တွင် အင်တာမီလန်အသင်းသည် လစ်လပ်သွားသော နည်းပြ ကွန်တီ၏နေရာတွင် လာဇီယိုအသင်း နည်းပြဟောင်း ဆီမွန်နီအင်ဇာဂီကို အစားထိုးခန့်အပ်လိုက်ပြီဖြစ်ကြောင်း သိရသည်။ အင်တာမီလန်အသင်းသည် ဆီမွန်နီအင်ဇာဂီကို နှစ်နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့ကြောင်း သိရသည်။

ဟန်နေသစ် စုစည်းသည်

# ပရီးမီးယားလိဂ် အသင်းများနှင့် ကောလာဟလကို လူကာကူ ငြင်းဆို



အသက်(၂၈)နှစ်ရှိ လူကာကူကို အင်္ဂလန် ပရီးမီးယားလိဂ်အသင်းများဖြစ်သည့် ချယ်လ်ဆီးအသင်းနှင့် မန်စီးတီးအသင်းတို့က ခေါ်ယူရန် ကြိုးပမ်းနေကြောင်း အင်္ဂလန်မီဒီယာများတွင် ကျယ်ကျယ်ပြန့်ပြန့် ရေးသားဖော်ပြနေကြသည်။ ယင်းသတင်းနှင့်ပတ်သက်ပြီး ကောလာဟလသာဖြစ်ကြောင်း လူကာကူက ငြင်းဆိုထားသည်။

"ကျွန်တော့် အပြောင်းအရွှေ့သတင်းတွေက တော်တော် ကျယ်ပြန့်နေတယ်လို့ ကြားသိရပါတယ်။ ခုတလော သတင်းတွေမှာ ဖော်ပြနေတဲ့အတိုင်း မဟုတ်ပါဘူး။ ကျွန်တော့်ကို ဘယ်အသင်းကမှ တရားဝင် ကမ်းလှမ်းလာတာမရှိသလို ကျွန်တော်ကလည်း ဘယ်အသင်းကိုမှ ပြောင်းရွှေ့ကစားဖို့ ဆန္ဒမရှိသေးပါဘူး။ အင်တာမီလန်မှာ ကျွန်တော်ပျော်နေသလို အင်တာမီလန်ဟာ ကျွန်တော့်အတွက် အောင်မြေပါ။ ချယ်လ်ဆီးနဲ့ မန်စီးတီးကိုမှမဟုတ်ပါဘူး။ တခြား ပရီးမီးယားလိဂ်က ဘယ်အသင်းကို ပြောင်းရွှေ့ကစားဖို့ မရှိပါဘူး။ အင်တာမီလန်အသင်းမှာဆက်နေပြီး ချန်ပီယံဆုတွေကို ကျွန်တော် ဆက်လက်ရယူသွားဦးမှာပါ"ဟု လူကာကူက ၎င်းနှင့်ပတ်သက်၍ ထွက်ပေါ်နေသည့် ကောလာဟလများကို ငြင်းဆိုသွားခဲ့သည်။

ပရီးမီးယားလိဂ်ကလပ် ချယ်လ်ဆီး၊ အဲဗာတန်နှင့် မန်ယူအသင်းတို့တွင် ကျင်လည်ခဲ့ဖူးသည့် အဆိုပါ ဘယ်လ်ဂျီယံ လက်ရွေးစင်ကစားသမားသည် အင်တာမီလန်အသင်းသို့ ရောက်ရှိမှသာ သွင်းဂိုးများစွာ ရရှိပြီး အင်တာမီလန်အသင်းကို စီးရီးအေ ချန်ပီယံဆု ရရှိအောင် များစွာ အထောက်အကူပေးနိုင်ခဲ့သူဖြစ်သည်။



# ၂၀၂၀ ပြိုင်ပွဲဝင်မည့် အင်္ဂလန်အသင်း လူစာရင်းထုတ်ပြန်

အင်္ဂလန် လက်ရွေးစင်အသင်းနည်းပြ ဆောက်ဂိတ်သည် ၂၀၂၀ ယူရိုပြိုင်ပွဲဝင်မည့် အင်္ဂလန်အသင်း၏ ကစားသမား ၂၆ ဦးစာရင်းကို ထုတ်ပြန်လိုက်ပြီ ဖြစ်သည်။ နည်းပြ ဆောက်ဂိတ်၏ အင်္ဂလန်အသင်း လူစာရင်းတွင် အာရွန်ရမ်ဒါလီ၊ ဘင်ဂွတ်ဖရေး၊ လင်ဂတ်၊ ဘင်ဝှိုက်၊ ဝတ်ဒ်ပရော်ဆီနှင့် ဝတ်ကင်တို့ ပါဝင်လာခြင်းမရှိခဲ့ပေ။

နည်းပြ ဆောက်ဂိတ် ရွေးချယ်လိုက်သည့် ကစားသမားများမှာ ဂိုး - ဟန်ဒါဆင်(မန်ယူ)၊ ဂျွန်စတုန်း(ဝက်စ်ဘရွန်း)၊ ပက်ဖို့ဒ်(အဲဗာတန်)၊ နောက်တန်း - ဘင်ရှိဝဲလ်၊ ရီစီဂျိမ်းစ်(ချယ်လ်ဆီး)၊ ကိုအာဒီ(ဝုလ်ဗာဟမ်တန်)၊ မက်ဂွိုရီ၊ လုခ်ရှော(မန်ယူ)၊ တိုင်ရိုနီ(အက်စ်တွန်ဗီလာ)၊ ဂျွန်စတုန်း၊ ဝေါ်လ်ကာ(မန်စီးတီး)၊ ထရက်ပီယာ(အက်သလက်တီကို)၊ အလယ်တန်း - ဘယ်လင်ဟမ်(ဒေါ့မွန်)၊ ဂေါ်ဒန်ဟန်ဒါဆင်(လီဗာပူး)၊ မာဆွန်မောင့်(ချယ်လ်ဆီး)၊ ကယ်ဗင်ဖိလစ်(လိဒ်ဒ် ယူနိုက်တက်)၊ ရိုက်စ်(ဝက်စ်ဟမ်း)၊ ရှေ့တန်း - ကဲလ်ဗတ်လီဝင်(အဲဗာတန်)၊ ဖိုဒင်၊ စတာလင်း(မန်စီးတီး)၊ ဂရီရယ်လက်ချ် (အက်စ်တွန်ဗီလာ)၊ ဟယ်ရီကိန်း(စပါး)၊ ရက်ချ်ဖို့ဒ်(မန်ယူ)၊ ဆာကာ(အာဆင်နယ်)၊ ဂျာဒွန်ဆန်ချို(ဒေါ့မွန်)တို့ဖြစ်သည်။

# မူလားနှင့် ဟမ်မဲလ်တို့ ဂျာမနီအသင်း လူစာရင်းတွင် ပြန်လည်ပါဝင်လာ

ဝါရင့် နောက်ခံကစားသမား ဟမ်မဲလ်နှင့် ကွင်းလယ်တိုက်စစ်ကစားသမား မူလားတို့သည် နည်းပြ ဂျိုအာချင်လို၏ ဂျာမနီအသင်း လူစာရင်းတွင် ပြန်လည်ပါဝင်လာကြောင်း သိရသည်။

အသက်(၃၂)နှစ်ရှိ ဟမ်မဲလ်နှင့် အသက်(၃၁)နှစ်ရှိ မူလားတို့သည် ဂျာမနီ လက်ရွေးစင်အသင်းမှ ချန်လှပ်ခံရသည်မှာ နှစ်နှစ်ပင် ရှိခဲ့ပြီဖြစ်သည်။ နည်းပြ ဂျိုအာချင်လိုသည် ဒိန်းမတ်အသင်းနှင့် ယူရို ၂၀၂၀ ပြိုင်ပွဲအကြို ခြေစမ်းပွဲအဖြစ် ကစားခဲ့ရာတွင် တစ်ဂိုးစီ သရေကျသည့်ပွဲအပြီးတွင် ဟမ်မဲလ်နှင့် မူလားတို့ကို ဂျာမနီအသင်းတွင် ထည့်သွင်းရွေးချယ်ရန် ဆုံးဖြတ်လိုက်ခြင်းပင်ဖြစ်သည်။




၂၀၂၀ ယူရိုပြိုင်ပွဲအတွက် နည်းပြ ဂျိုအာချင်လို ရွေးချယ်ထားသော ကစားသမားများမှာ ဂိုး-နူအာ(ဘိုင်ယန်မြူးနစ်)၊ လီနို(အာဆင်နယ်)၊ ကီဗင်ထရက်ပ်(ဖရန့်ဖတ်)၊ နောက်တန်း-ဂျင်တာ (ဂလက်ဘတ်)၊ ရူဒီဂါ(ချယ်လ်ဆီး)၊ ဂိုဆင်(အတ္တလန်တာ)၊ ဂျန်တာ(ဖရိုင်းဘတ်)၊ ဟယ်စတင်ဘတ်၊ ကလိုစတာမန်း(လိုက်ဇစ်)၊ ဟမ်မဲလ်(ဒေါ့မွန်)၊ ရော်ဘင်ကွတ်ချ်(လိဒ်ယူနိုက်တက်)၊ ဆူလီ(ဘိုင်ယန်မြူးနစ်)၊ အလယ်တန်း-ဂွမ်ဒိုဂန်(မန်စီးတီး)၊ တိုနီကရုစ်(ရီးရဲလ်မက်ဒရစ်)၊ အမ်မရီကန်(ဒေါ့မွန်)၊ ကမ်မက်ချ်၊ မူလား၊ မူဆီရာလာ၊ ဂနာဘရီ၊ ဂိုရက်ဖ်ကာ၊ ဆာနေး(ဘိုင်ယန်မြူးနစ်)၊ ကိုင်ဟားဗက်ဇ်(ချယ်လ်ဆီး)၊ ဟော့ဖ်မန်း၊ ဖလိုရီအန်(ဂလက်ဘတ်)၊ ရှေ့တန်း-တီမိုဝါနာ(ချယ်လ်ဆီး)၊ ကီဗင်ဗော်လန်း(မိုနာကို)တို့ ဖြစ်သည်။

၂၀၂၀ ယူရိုပြိုင်ပွဲ အုပ်စုအဆင့်ပွဲစဉ်များကို ဇွန် ၁၂ ရက်တွင် စတင်ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။ ဂျာမနီအသင်းသည် အုပ်စု(F)တွင် ပြင်သစ်၊ ဟန်ဂေရီ၊ ပေါ်တူဂီတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေခြင်းကြောင့် အုပ်စုကျပ်ထဲ ရောက်ရှိနေသည်။

## စာမျက်နှာ (၁၃) ရွှေနှင့် အမေရိကန်ဒေါ်လာ. . . မှအဆက်

| | | | |
|---|---|---|---|
| ၂၁ | ၇.၅.၂၀၂၁ | ၁၅၀၄၀၀၀ | ၁၈၁၈ |
| ၂၂ | ၁၀.၅.၂၀၂၁ | ၁၆၀၃၀၀၀ | ၁၈၃၈ |
| ၂၃ | ၁၁.၅.၂၀၂၁ | ၁၆၄၂၀၀၀ | ၁၈၃၆ |
| ၂၄ | ၁၂.၅.၂၀၂၁ | ၁၇၀၉၀၀၀ | ၁၈၃၃ |
| ၂၅ | ၁၃.၅.၂၀၂၁ | ၁၅၆၀၀၀၀ | ၁၈၁၅ |
| ၂၆ | ၁၄.၅.၂၀၂၁ | ၁၆၄၅၀၀၀ | ၁၈၃၀ |
| ၂၇ | ၁၇.၅.၂၀၂၁ | ၁၅၈၀၀၀၀ | ၁၈၅၄ |
| ၂၈ | ၁၈.၅.၂၀၂၁ | ၁၅၉၀၀၀၀ | ၁၈၇၀ |
| ၂၉ | ၁၉.၅.၂၀၂၁ | ၁၅၉၅၀၀၀ | ၁၈၆၅ |
| ၃၀ | ၂၀.၅.၂၀၂၁ | ၁၆၁၅၀၀၀ | ၁၈၆၉ |
| ၃၁ | ၂၁.၅.၂၀၂၁ | ၁၅၈၀၀၀၀ | ၁၈၇၄ |
| ၃၂ | ၂၂.၅.၂၀၂၁ | ၁၅၈၅၀၀၀ | ၁၈၈၁ |
| ၃၃ | ၂၄.၅.၂၀၂၁ | ၁၅၅၅၀၀၀ | ၁၈၈၃ |
| ၃၄ | ၂၅.၅.၂၀၂၁ | ၁၅၂၅၀၀၀ | ၁၈၈၆ |
| ၃၅ | ၂၆.၅.၂၀၂၁ | ၁၅၆၅၀၀၀ | ၁၉၀၆ |
| ၃၆ | ၂၇.၅.၂၀၂၁ | ၁၅၈၀၀၀၀ | ၁၈၉၉ |
| ၃၇ | ၂၈.၅.၂၀၂၁ | ၁၅၈၅၀၀၀ | ၁၈၉၀ |
| ၃၈ | ၃၁.၅.၂၀၂၁ | ၁၅၇၀၀၀၀ | ၁၉၀၆ |
| ၃၉ | ၁.၆.၂၀၂၁ | ၁၅၈၀၀၀၀ | ၁၉၀၈ |
| ၄၀ | ၂.၆.၂၀၂၁ | ၁၅၇၅၀၀၀ | ၁၉၀၀ |

Source: estimate of world's exchange rate and gold price page




ရွှေဈေးကွက်နှင့် ပတ်သက်သည့် ပြည်တွင်းသတင်းများအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း (YG EA) ၏ လပတ်အစည်းအဝေးကို ၂၀၂၁ ခုနှစ် မေ ၃၁ ရက် နံနက်ပိုင်းတွင် အသင်းရုံး၌ ပြုလုပ်ခဲ့ပြီး အဆိုပါအစည်းအဝေးတွင် လက်ရှိအချိန်ကာလ၌ ရွှေရောင်းသည့်အခါ ရွှေကျိုသည့်ဖိုများတွင် အသုံးပြုသည့် အက်စစ်သည် မရှိသလောက် ပစ္စည်းပြတ်လပ်နေသည့်အတွက် ရွှေကိုထိန်း၍ ရောင်းပေးရန်နှင့် ဆိုင်သမားများကိုသာ တစ်ပိုင်း/နှစ်ပိုင်း ရောင်းပေးပြီး အပြင်ကနေ ဝယ်ရောင်းလုပ်၍ ရွှေဈေးကွက်အတွင်း ဈေးကစားသူများကို ရွှေ(လုံး၀) ရောင်းချခြင်းများ မပြုလုပ်ရန် ဆုံးဖြတ်ချက် ချမှတ်လိုက်ကြောင်း သိရှိရသည်။

ရွှေဈေးနှုန်း တည်ငြိမ်စေရန် စစစ (အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့)၏လမ်းညွှန်မှုဖြင့် ဆောင်ရွက်နေလျက်ရှိနေပြီး အရောင်းကျွံ၊ အဝယ်ကျွံ ကတိပျက်ယွင်းသူများကိုလည်း ထိထိရောက်ရောက် အရေးယူ ဆောင်ရွက်လျက်ရှိနေပြီး YGEA အသင်းအနေဖြင့် အခါအားလျော်စွာ ပန်ကြားချက်များ ထုတ်ပြန်ပြီး သတိပေးတားမြစ်သွားမည်ဟု အသိပေးထားပြီးဖြစ်ကြောင်း လေ့လာသိရှိရသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ website တွင် Economic Indicator (%) ဖော်ပြချက်များအရ GDP Growth 3.20 %၊ Annual Rate of Inflation 2.61 %၊ Year on Year Inflation 1.51 % ရှိသည်ကို လေ့လာသိရှိရသည်။

၂၀၂၁ ခုနှစ် မေ ၂၇ ရက်မှ ဇွန် ၂ ရက်အထိ ရက်အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲလှယ်နှုန်းများကို တစ်ဖက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်

ယခုတစ်ပတ်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ မေ ၂၇ ရက်တွင် အမေရိကန် တစ်ဒေါ်လာလျှင် ၁၅၈၅ ဒသမ ၉ ကျပ်ရှိခဲ့ရာမှ ဇွန် ၂ ရက်တွင် တစ်ဒေါ်လာလျှင် ကျပ် ၁၅၈၀ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရပြီး အမေရိကန်ဒေါ်လာငွေ လဲလှယ်နှုန်းမှာ တစ်ပတ်အတွင်း ၀ ဒသမ ၃၇ ရာခိုင်နှုန်း ကျဆင်းခဲ့သည်ကို လေ့လာတွေ့ရှိရသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ထုတ်ပြန်ချက်အရ ၂၀၂၁ ခုနှစ်၊ မတ် ၁ ရက်မှ ဇွန် ၂ ရက်အထိ နေ့အလိုက် ဖြစ်ပေါ် ပြောင်းလဲခဲ့သော အမေရိကန်ဒေါ်လာဖြင့် ကျပ်ငွေလဲလှယ်နှုန်း တန်ဖိုးများအား အထက်ပါဂရပ်ဖြင့် ဖော်ပြအပ်ပါသည်။

ပြည်တွင်းရှိ ပြင်ပ ဒေါ်လာငွေကြေးဈေးကွက်ကို လေ့လာရာတွင် ၂၀၂၁ ခုနှစ် မေ ၂၇ ရက်တွင် အမေရိကန် တစ်ဒေါ်လာလျှင် ၁၅၉၀ ကျပ်၊ မေ ၂၈ ရက်တွင် အမေရိကန် တစ်ဒေါ်လာလျှင် ၁၅၉၅ ကျပ်၊ မေ ၃၁ ရက်တွင် အမေရိကန် တစ်ဒေါ်လာလျှင် ၁၆၀၅ ကျပ်၊ ဇွန် ၁ ရက်တွင် အမေရိကန် တစ်ဒေါ်လာလျှင် ၁၆၁၀ ကျပ်နှင့် ဇွန် ၂ ရက်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ၁၆၀၀ ကျပ် အသီးသီးပေါက်ဈေးများ ဖြစ်ပေါ်ခဲ့ကြောင်း လေ့လာသိရှိရသည်။

တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၂၇-၅-၂၀၂၁ | ၂၈-၅-၂၀၂၁ | ၃၁-၅-၂၀၂၁ | ၁-၆-၂၀၂၁ | ၂-၆-၂၀၂၁ | တစ်ပတ်အတွင်း ငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၁၅၈၅.၉ | ၁၅၈၀.၀ | ၁၅၈၉.၄ | ၁၅၈၆.၁ | ၁၅၈၀.၀ | -၀.၃၇ | ↓ |
| ၂ | Thai Baht | THB | ၃၁.၂၄၀ | ၃၁.၂၅၀ | ၃၁.၂၄၀ | ၃၁.၁၅၅ | ၃၁.၁၅၀ | -၀.၂၉ | ↓ |
| ၃ | Singapore Dollar | SGD | ၁.၃၂၃ | ၁.၃၂၃ | ၁.၃၂၂ | ၁.၃၂၁ | ၁.၃၂၄ | ၀.၀၈ | ↑ |
| ၄ | Malaysian Ringgit | MYR | ၄.၁၃၇ | ၄.၁၃၄ | ၄.၁၂၉ | ၄.၁၂၇ | ၄.၁၂၇ | -၀.၂၄ | ↓ |
| ၅ | Indonesian Rupiah | IDR | ၁၄၂၈၇ | ၁၄၂၈၄ | ၁၄၂၈၀ | ၁၄၂၈၀ | ၁၄၂၈၁ | -၀.၀၅ | ↓ |
| ၆ | Chinese Yuan | CNY | ၆.၃၇၅ | ၆.၃၆၄ | ၆.၃၆၈ | ၆.၃၇၃ | ၆.၃၈၈ | ၀.၂၀ | ↑ |
| ၇ | Indian Rupee | INR | ၇၂.၆၄၈ | ၇၂.၄၅၇ | ၇၂.၅၆၉ | ၇၂.၇၉၀ | ၇၃.၁၃၈ | ၀.၆၇ | ↑ |
| ၈ | Japanese Yen | JPY | ၁၀၉.၁၁၇ | ၁၀၉.၈၆၇ | ၁၀၉.၇၁၂ | ၁၀၉.၅၄၅ | ၁၀၉.၇၆၀ | ၀.၅၉ | ↑ |
| ၉ | Australian Dollar | AUD | ၁.၂၉၁ | ၁.၂၉၄ | ၁.၂၉၃ | ၁.၂၈၉ | ၁.၂၉၃ | ၀.၁၅ | ↑ |
| ၁၀ | Euro | EUR | ၀.၈၁၉ | ၀.၈၂၀ | ၀.၈၂၀ | ၀.၈၁၇ | ၀.၈၂၀ | ၀.၁၂ | ↑ |
| ၁၁ | Pound Sterling | GBP | ၀.၇၀၈ | ၀.၇၀၄ | ၀.၇၀၆ | ၀.၇၀၃ | ၀.၇၀၇ | -၀.၁၄ | ↓ |

Source– Central Bank of Myanmar

## စာမျက်နှာ (၁၃) သကြားပြည်တွင်းဈေး . . . မှအဆက်

၂၀၂၁ ခုနှစ်၊ ဇွန်လဆန်းတွင် တရုတ်နိုင်ငံ၌ ဖြစ်ပေါ်ခဲ့သော သကြားဈေးနှုန်းမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၈၈၃ ဒေါ်လာဖြစ်ပေါ်ခဲ့ပြီး၊ အမေရိကန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၃၄၇ ဒေါ်လာ၊ ပါကစ္စတန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၅၉၁ ဒသမ ၆၀၆ ဒေါ်လာ၊ အိန္ဒိယနိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၄၄၈-၅၃၈ ဒေါ်လာဖြစ်ပေါ်ခဲ့ပြီး ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက တရုတ်၊ ပါကစ္စတန်၊ အိန္ဒိယနှင့် အမေရိကန်နိုင်ငံတို့တွင် သကြားဈေးနှုန်းများ မြင့်တက်ခဲ့သည်ကို လေ့လာတွေ့ရှိရသည်။

၂၀၂၁ ခုနှစ်၊ ဇွန်လဆန်းတွင် မြန်မာ-တရုတ် နယ်စပ် မူဆယ်ဒေသ၌ သကြားတစ်တန်လျှင် ပျမ်းမျှဈေးမှာ အမေရိကန်ဒေါ်လာ ၃၂၀ ဒေါ်လာရှိပြီး တရုတ်နိုင်ငံတွင် သကြားတစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၈၈၃ ဒေါ်လာပေါက်ဈေးရှိသောကြောင့် တစ်တန်ပေါ်တွင် အမေရိကန်ဒေါ်လာ ၅၆၃ ဒေါ်လာ ဈေးနှုန်း ကွာဟချက်ရှိပါသည်။ မြန်မာ-ထိုင်း နယ်စပ်၊ မြဝတီမြို့တွင် သကြားတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၈၁ ဒေါ်လာ ဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံ၊ မဲဆောက်မြို့၌ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀၄ ဒေါ်လာဝန်းကျင်ခန့်ရှိကြောင်း လေ့လာသိရှိရသည်။

ထို့ပြင် ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ ပြည် နယ်များရှိမြို့ကြီးများ၌ နေ့စဉ် ဖြစ်ပေါ်နေသော သကြားပေါက်ဈေးများကို လေ့လာရာတွင် ဟားခါးမြို့တွင် သကြား တစ်ပိဿာလျှင် ၂၀၀၀ ကျပ်နှင့် ရန်ကုန်မြို့နှင့် မြစ်ကြီးနားမြို့တို့တွင် သကြားတစ်ပိဿာလျှင် ၁၈၀၀ ကျပ်ဖြင့် အမြင့်ဆုံး ဖြစ်ပေါ်နေပြီး ထားဝယ် မြို့တွင် သကြားတစ်ပိဿာလျှင် ၁၁၀၀ ကျပ်ဖြင့် အနည်းဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရှိရပါသည်။

Trading Economics Website တွင် ဖော်ပြ ချက်အရ ၂၀၂၁ ခုနှစ် ဇွန်လဆန်းတွင် ကမ္ဘာ့သကြားဈေးနှုန်းများသည် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ၅ ဒသမ ၃၆ ရာခိုင်နှုန်း ဈေး နှုန်း မြင့်တက်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

## စာမျက်နှာ (၁၃) စက်သုံးဆီ . . . မှအဆက်

ပြည်တွင်းစက်သုံးဆီဈေးနှုန်းများအနေဖြင့် Yangon Denko စက်သုံးဆီဆိုင်၏ ရောင်းဈေးများအရ ဇွန် ၃ ရက်တွင် အောက်တိန်း-92 တစ်လီတာလျှင် ၉၈၅ ကျပ်၊ အောက်တိန်း-95 တစ်လီတာလျှင် ၁၀၇၀ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ၉၈၅ ကျပ်နှင့် ပရီမီယံ ဒီဇယ်တစ်လီတာလျှင် ၉၉၅ ကျပ်ဖြင့် ပေါက်ဈေးရှိကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ ပြည်နယ်များရှိမြို့ကြီး များ၌ နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီဈေးနှုန်းများအား လေ့လာရာတွင် ကျိုင်းတုံမြို့တွင် ဓာတ်ဆီ တစ်ဂါလန်လျှင် ၅၃၁၀ ကျပ်၊ ဒီဇယ် တစ်ဂါလန်လျှင် ၅၁၇၀ ကျပ်၊ မော်လမြိုင်မြို့တွင် ဓာတ်ဆီ တစ်ဂါလန်လျှင် ၅၀၄၀ ကျပ်၊ ဒီဇယ် တစ်ဂါလန်လျှင် ၄၆၅၇ ကျပ်၊ ကလေးမြို့တွင် ဓာတ်ဆီ တစ်ဂါလန်လျှင် ၅၀၀၀ ကျပ်၊ ဒီဇယ် တစ်ဂါလန်လျှင် ၅၀၀၀ ကျပ် ဖြင့် အမြင့်ဆုံး ဖြစ်ပေါ်နေပြီး ပခုက္ကူမြို့တွင် ဓာတ်ဆီ တစ်ဂါလန်လျှင် ၄၁၅၀ ကျပ်၊ ဒီဇယ် တစ်ဂါလန်လျှင် ၄၂၅၀ ကျပ်၊ ထားဝယ်မြို့တွင် ဓာတ်ဆီ တစ်ဂါလန် လျှင် ၃၂၈၅ ကျပ်၊ ဒီဇယ် တစ်ဂါလန်လျှင် ၃၂၄၀ ကျပ်ဖြင့် အနည်းဆုံးဖြစ်ပေါ် နေကြောင်း တွေ့ရှိရသည်။ မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ စက်သုံးဆီဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ယခင်တစ်ပတ်ထက် ဓာတ်ဆီ တစ်ဂါလန်လျှင် ၁၈၀ ကျပ် နှင့် ဒီဇယ်တစ်ဂါလန်လျှင် ၁၈၀ ကျပ်သို့ ဈေးနှုန်းကျဆင်းခဲ့ကြောင်း လေ့လာသုံးသပ် တင်ပြအပ်ပါသည်။

# သီးနှံစိုက်ပျိုးမည်ဆိုရင် မြေ၏သဘာဝကို ဦးစွာလေ့လာဖို့ လိုအပ်

အောင်ဆန်း(စိုက်ပျိုးရေး)



"မြေမှန် မျိုးမှန် စိုက်နည်းမှန် ရာသီမှန် အောင်စိုက်" ဆိုပြီး စိုက်ပျိုးရေးလောကမှာ မြေ၏ အရေးပါမှုကို ရှေ့တန်းကတင်၍ ဆိုခဲ့ကြပါတယ်။ မြေမှန်မှ သီးနှံပင်များ ရှင်သန်နိုင်မှာ ဖြစ်ပါတယ်။ မြေညံ့ရင် သီးနှံပင်လည်း ညံ့သွားမှာ ဖြစ်ပါတယ်။ ဒါကြောင့်လည်းမြေဆီလွှာပညာရှင်တွေက"အပင်ကို အစာမကျွေးပါနဲ့ မြေကို အစာကျွေးပါ" Don't feed the plant feed the soil"လို့ အလေးအနက် ဆိုခဲ့ကြခြင်းဖြစ်ပါတယ်။

သို့အတွက် သီးနှံတစ်ခုစိုက်ပျိုးတော့မယ်ဆိုရင် မြေ၏သဘာဝ ဖြစ်ပေါ်နေတဲ့ အခြေအနေကို အကဲခတ်မိအောင် ဦးစွာလေ့လာဖို့ လိုအပ်ပါတယ်။ မြေမှန်ဆိုတာ ရူပဂုဏ်သတ္တိနဲ့ ပြည့်ဝနေဖို့ လိုတယ်။ ဓာတ်ဂုဏ်သတ္တိနဲ့ ပြည့်စုံနေဖို့ လိုတယ်။ ဇီဝဂုဏ်သတ္တိနဲ့လည်း ကြွယ်ဝနေဖို့ လိုတယ်။ ဒါမှသာ သီးနှံပင်ကြီးထွားရှင်သန်ဖြစ်ထွန်းပြီး အထွက်များများကို ပေးစွမ်းနိုင်မှာဖြစ်တယ်။

မြေဆီလွှာ၏ရူပဂုဏ်သတ္တိများတွင် မြေမျက်နှာပြင် အနိမ့်အမြင့်သိရှိအောင် လေ့လာခြင်း၊ ကုန်းစောင်း၊ တောင်စောင်း၊ လျှိုမြောင်များ ဖြစ်တည်နေမှုများကို သိရှိလေ့လာခြင်း ပြုလုပ်ရန် လိုအပ်သည်။ သို့မှသာ ရေတိုက်စားမှုကာကွယ်တားဆီးနိုင်ရန် စီမံခြင်း၊ ရေသိုလှောင်နိုင်မည့်နေရာတွင် တမံပိတ်၍ ရေသိုလှောင်နိုင်ရန် စီမံခြင်း၊ မြေအနိမ့်အမြင့်အလိုက် လှေကားထစ်များဖော်၍ စိုက်ပျိုးနိုင်ရန် စီမံခြင်း၊ မြေအနိမ့်အမြင့်အလိုက် သီးနှံပင်စိုက်ပျိုးနိုင်ရန် စီမံခြင်း၊ မြေမျက်နှာပြင် ညီအောင်ညှိခြင်းတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်ပါတယ်။

နောက်လေ့လာရမည့်အချက်မှာ မြေသား ဖွဲ့စည်းတည်ဆောက်မှု၊ ရေစီးဆင်းအားကောင်းမှု၊ အစိုဓာတ်ထိန်းအားကောင်းမှု စတဲ့ အခြေအနေ ဖြစ်ပါတယ်။ နီညိုတောမြေဟာ မြေသားအလယ်အလတ်မြေစေးသမ(အလယ်အလတ် အနုအကြမ်း)၊ မိုးရေချိန် ၈၀-၂၀၀ လက်မရှိပြီး မြေဆွေးပါဝင်မှု နည်းပါးတာတွေ့ရပါတယ်။ ပင်လယ်မြေမျက်နှာပြင်အထက် ၁၀၀၀-၄၀၀၀ ပေကျော်မှာ တွေ့ရှိနိုင်ပါတယ်။ မြေချဉ်ငန်ကိန်း ၅ ဒသမ ၅-၆ ဒသမ ၅ ရှိလေ့ရှိပါတယ်။ ဥယျာဉ်ခြံ သီးနှံစိုက်ပျိုးရန် သင့်လျော်မြေဖြစ်ပါတယ်။

နုန်းမြေသည် သဲသမမှ မြေစေးသမထိရှိပြီး မြေတွင် နိုက်ထရိုဂျင်ဓာတ်နှင့် ဖော့စဖရပ်ဓာတ်များ ချို့တဲ့တတ်ပါတယ်။ အဆိုပါ မြေမျိုးမှာ စပါး၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံနဲ့ ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးနိုင်ပါတယ်။ PH 6-8 ၊ မြေစေး ၁၅ ရာခိုင်နှုန်း၊ မြေဆွေး သုည ဒသမ ၅-၁ ဒသမ ၀ ရာခိုင်နှုန်း ပါဝင်ပါတယ်။ နိုက်ထရိုဂျင်ဓာတ်နဲ့ ဖော့စဖရပ်ဓာတ်များသုံးစွဲရန် စီမံသင့်ပါတယ်။

နုန်းရောမြေမဟာ သဲနုန်းသမမှ မြေစေးသမထိ ရှိတတ်ပါတယ်။ နိုက်ထရိုဂျင်ဓာတ်နဲ့ ဖော့စဖရပ်ဓာတ်များနည်းတတ်ပါတယ်။ အဆိုပါမြေမျိုးမှာ စပါး၊ မြေပဲ၊ နှမ်း၊ ဆေး၊ ကြက်သွန်၊ ကြံ၊ ပဲမျိုးစုံ၊ ဂုန်လျှော်၊ ဟင်းသီးဟင်းရွက်များ စိုက်ပျိုးရန် စီမံသင့်ပါတယ်။နိုက်ထရိုဂျင်ဓာတ်နဲ့ ဖော့စဖရပ်ဓာတ် ဂရုစိုက်သုံးစွဲသင့်ပါတယ်။ အဆိုပါ မြေမျိုးများတွင် မကြာခဏ ရေလွှမ်းတတ်လေ့ရှိပါသဖြင့် ရေဘေးကာကွယ်ရေး ကြိုတင်စီမံသင့်ပါတယ်။

မြေမမြေဟာ မြေစေးသမနဲ့ မြေစေးပါဝင် ဖွဲ့စည်းထားတာ တွေ့ရပါတယ်။ နိုက်ထရိုဂျင်ဓာတ် အသင့်အတင့်နဲ့ ဖော့စဖရပ်ဓာတ်များများ လိုအပ်တာ တွေ့ရပါတယ်။ PH (5.5-6.5) ၊ မြေစေး ၉၀ ရာခိုင်နှုန်း၊ မြေဆွေး ၁-၂ ရာခိုင်နှုန်း ပါဝင်ပါတယ်။ ဒီလိုမြေအမျိုးအစားမျိုးမှာစပါး၊ ပဲအမျိုးမျိုး၊ ဆီထွက်သီးနှံ၊ ကြံနဲ့ဟင်းသီးဟင်းရွက်များ စိုက်ပျိုးရန် စီမံသင့်ပါတယ်။ ရေနုတ်မြောင်းများ ဖောက်လုပ်ပေးရန် လိုအပ်ပါတယ်။

နွံပေါက်မြေဟာ မြေစေးနဲ့ ဖွဲ့စည်းတည်ဆောက်ထားတာဖြစ်ပါတယ်။ နိုက်ထရိုဂျင်၊ ဖော့စဖရပ်နဲ့ ပိုတက်စီယမ် ချို့တဲ့တဲ့အတွက် ထည့်သွင်းတဲ့ အစီအမံ ပြုလုပ်သင့်ပါတယ်။ သီးနှံကတော့ စပါး၊ ဂုန်လျှော်၊ ဟင်းသီးဟင်းရွက်များ စိုက်ပျိုးရန် စီမံသင့်ပါတယ်။ ရေနုတ်မြောင်းတူးခြင်း၊ ရေစုတ်ထုတ်ခြင်းများ ကြိုတင်စီမံသင့်ပါတယ်။

ဂဝံမြေဟာ သဲသမနဲ့ မြေသမ ဖွဲ့စည်းတည်ဆောက်ထားပါတယ်။ ရော်ဘာ၊ သီဟိုဠ်သရက်နဲ့ ဥယျာဉ်ခြံအဖြစ် တည်ထောင်စိုက်ပျိုးသင့်ပါတယ်။ PH 4-5.8 ၊ မြေဆွေး ၁-၂ ရာခိုင်နှုန်း၊ မြေစေး ၈-၁၅ ရာခိုင်နှုန်း၊ ဝါညို/နီညိုတောမြေဟာ မြစေးသမ၊ သဲသမဖွဲ့စည်းတည်ဆောက်ထားတာတွေ့ရပါတယ်။ PH 5.5-6.0 ၊ မြေစေး ၃၀ ရာခိုင်နှုန်း၊ မြေဆွေး ၂-၄ ရာခိုင်နှုန်း ပါဝင်ပါတယ်။ အာဟာရဓာတ်များချို့တဲ့တတ်သဖြင့် ထည့်သွင်းအသုံးပြုရန် စီမံသင့်ပါတယ်။ မြေဆွေးဓာတ်လည်း နည်းတတ်ပါတယ်။ ရော်ဘာ၊ သီဟိုဠ်သရက်၊ ဥယျာဉ်ခြံသီးနှံများ တည်ထောင်စိုက်ပျိုးသင့်ပါတယ်။

မြေနီသဲဝန်းမြေဟာ သဲနဲ့ သဲသမမြေများနဲ့ ဖွဲ့စည်းတည်ဆောက်ထားတာဖြစ်ပါတယ်။အာဟာရဓာတ်အတော်အသင့် ပြည့်စုံတတ်တာတွေ့ရပါတယ်။ မြေပဲ၊ နှမ်း၊ ဝါ၊ ပဲမျိုးစုံ၊ နှံစားပြောင်း၊ ဟင်းသီးဟင်းရွက်များ စိုက်ပျိုးရန် စီမံသင့်ပါတယ်။ PH 8.5-7.5 ၊ မြေစေး ၃၀ ရာခိုင်နှုန်း၊ မြေဆွေး ၁ ရာခိုင်နှုန်း ပါဝင်ပါတယ်။ အဓိကကတော့ မြေဆီလွှာတိုက်စားခြင်းမှ ကာကွယ်သည့်လုပ်ငန်းကို ဦးစားပေးဆောင်ရွက်သင့်ပါတယ်။စနယ်မြေဟာ မြေစေး၊ နှုန်းမြေဆေးသမတို့ ပါဝင်ဖွဲ့စည်းထားတာ တွေ့ရပါတယ်။ PH 7.5-8.5 ၊ မြေစေး ၂၅-၅၅ ရာခိုင်နှုန်း၊ မြေဆွေး ၀-၁ ဒသမ ၅ ရာခိုင်နှုန်း ပါဝင်ပါတယ်။ အာဟာရဓာတ်များ အသင့်အတင့် ပြည့်ဝတာ တွေ့ရပါတယ်။ ပြောင်း၊ အစေ့ထုတ်ပြောင်း၊ နှံစားပြောင်း၊ ကြံ၊ ဝါ၊ ငရုတ်၊ ပဲမျိုးစုံ၊ ဟင်းသီးဟင်းရွက်များ စိုက်ပျိုးရန် စီမံသင့်ပါတယ်။ ရေသွင်းစိုက်ပျိုးတဲ့စနစ်ဖြစ်အောင် စီမံသင့်ပါတယ်။

မြေဆီလွှာရဲ့ရူပဂုဏ်သတ္တိတွင် လေ့လာရမည့်အချက်မှာ မိမိစိုက်ပျိုးမည့်မြေ၏ ရာဇဝင်ကို သိရှိအောင် ဆောင်ရွက်ရမည့်အချက်ဖြစ်ပါတယ်။ မိမိမြေပေါ်တွင် အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းထုတ်လုပ်တဲ့စက်ရုံ တည်ဆောက်ခဲ့ဖူးသလား၊ လွန်ခဲ့သောနှစ်များက ပိုးမွှားရောဂါများ လွန်ကဲစွာ ကျရောက်ခဲ့ဖူးသလား၊ ရက်ကြာရှည်စွာ ရေကြီးရေလွှမ်းခံခဲ့ရဘူးသလား စသည့် အချက်များကို သေချာစွာလေ့လာ၍ ထိရောက်သော ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးမှ သီးနှံစိုက်ပျိုးရန် စီမံသင့်ပါတယ်။

မြေဆီလွှာ၏ရူပဂုဏ်သတ္တိကို လေ့လာရာတွင် မြေဆီလွှာရဲ့အတိမ်အနက်ဟာလည်း အလွန်အရေးပါတဲ့အချက်ဖြစ်ပါတယ်။ မိမိမြေဆီလွှာဟာ မြေဆီလွှာအနက် ဘယ်လောက်ရှိသလဲ လေ့လာရန် လိုအပ်ပါတယ်။ မိမိသည် ရာသီသီးနှံ (စပါး၊ ပဲမျိုးစုံ၊ ဆီထွက်၊ ဟင်းသီးဟင်းရွက်) စတဲ့ သီးနှံတွေပဲ စိုက်ပျိုးမယ်ဆိုရင် မြေဆီလွှာအနက်ဟာ ၈-၁၂ လက်မရှိရင် လုံလောက်ပါတယ်။ ဘဘာဝမြေဩဇာ တစ်ဧကလည်း ၁၀-၂၀ စီး တည့်ပေးဖို့ လိုပါတယ်။ အကယ်၍ မိမိ စိုက်ပျိုးမယ့် သီးနှံဟာ ဥယျာဉ်ခြံသီးနှံ (သို့) နှစ်ရှည်သီးနှံဆိုရင်တော့ မြေဆီလွှာအနက်ဟာ အနည်းဆုံး ၃ မှ ၈ ပေထိ ရှိဖို့ လိုအပ်ပါတယ်။ မြေဆီလွှာရဲ့အနက်ဟာ လိုအပ်တဲ့အနက်မရှိဘူးဆိုရင်တော့ မိမိ သီးနှံပင်စိုက်မယ့်နေရာမှာ လိုအပ်တဲ့ အကျယ်၊ လိုအပ်တဲ့အနက်ရအောင် ကျင်းတူးပြီး သဘာဝမြေဆွေးများ အပြည့်ထည့်နှပ်ပြီးမှ စိုက်ပျိုးသင့်ပါတယ်။

မြေဆီလွှာရဲ့ဓာတုဂုဏ်သတ္တိများကိုလေ့လာမည်ဆိုရင် မြေဆီလွှာအတွင်း အာဟာရဓာတ်အမျိုးအစားအလိုက် ပါဝင်သည့် ပမာဏသိရှိရန် မြေဆီလွှာဓာတ်ခွဲသေတ္တာဖြင့် ဓာတ်ခွဲစမ်းသပ်ဖို့ လိုပါတယ်။ သီးနှံများ ရှင်သန်ကြီးထွား အထွက်များဖို့ဆိုရင် အာဟာရဓာတ် ၁၆ မျိုးပါဝင်ရန် လိုအပ်ပါတယ်။ ကာဗွန်၊ ဟိုက်ဒရိုဂျင်၊ အောက်စီဂျင်၊ နိုက်ထရိုဂျင်၊ ဖော့စဖရပ်၊ ပိုတက်စီယမ်၊ မဂ္ဂနီစီယမ်၊ မဂ္ဂနီးစ်၊ ဆာလ်ဖယကယ်လ်စီယမ်၊ သံ၊ ကော့ပါး၊ ဇင့်၊ ဘိုရွန်၊ မော်လ်ဘီဒီနန်၊ ကလိုရင်းတို့ဖြစ်ပါတယ်။

သီးနှံတစ်မျိုးချင်းအလိုက် တစ်ဟက်တာမှာ အကောင်းဆုံးအထွက်ရရှိရန် လိုအပ်တဲ့ အာဟာရဓာတ်များကတော့ စပါးတစ်ဟက်တာ ၆ တန် ထွက်ရှိရန် နိုက်ထရိုဂျင် ၁၀၀၊ ကီလိုဂရမ်ဖော့စဖိတ် ၅၀၊ ကီလိုဂရမ်ပိုတက် ၁၆၀ ကီလိုဂရမ်၊ မဂ္ဂနီစီယမ်နဲ့ ဆာလ်ဖာ ၃၀ ကီလိုဂရမ် လိုအပ်ပါတယ်။ အစေ့ထုတ်ပြောင်း တစ်ဟက်တာ ခြောက်တန် ထွက်ရှိဖို့အတွက် နိုက်ထရိုဂျင် ၁၂၀၊ ကီလိုဂရမ် ဖော့စဖိတ် ၅၀၊ ကီလိုဂရမ် ပိုက်တက်ရှ် ၁၂၀၊ ကီလိုဂရမ် မဂ္ဂနီစီယမ် ၄၀၊ ကီလိုနဲ့ ဆာလ်ဖာ ၂၅ ကီလိုဂရမ် လိုအပ်ပါတယ်။ ပဲမျိုးစုံ သီးနှံ တစ်ဟက်တာ ၂ ဒသမ ၄ တန်ထွက်ရှိဖို့အတွက် နိုက်ထရိုဂျင် ၁၅၅၊ ကီလိုဖော့စဖိတ် ၅၀၊ ကီလိုဂရမ် ပိုက်တက်ရှ် ၁၂၀ ကီလိုဂရမ်၊ မဂ္ဂနီစီယမ် ၂၀ ကီလိုဂရမ် ဆာလ်ဖာ ၂၅ ကီလိုဂရမ် လိုအပ်ပါတယ်။

မြေပဲသီးနှံတစ်ဟက်တာ နှစ်တန်ထွက်ရှိဖို့အတွက် နိုက်ထရိုဂျင် ၁၇၀ ကီလိုဂရမ်၊ဖော့စဖိတ် ၃၀ ကီလိုဂရမ်၊ ပိုတက်ရှ် ၁၁၀ ကီလိုဂရမ်၊ မဂ္ဂနီစီယမ် ၂၀ ကီလိုဂရမ်၊ ဆာလ်ဖာ ၁၅ ကီလိုဂရမ် လိုအပ်ပါတယ်။ နှမ်း၊ သီးနှံ တစ်ဟက်တာ ၁ဒသမ ၅ တန်ထွက်ရှိဖို့အတွက် နိုက်ထရိုဂျင် ၁၂၀ ကီလိုဂရမ်၊ ဖော့စပရပ် ၆၀ ကီလိုဂရမ်၊ ပိုတက်ရှ် ၁၂၀ ကီလိုဂရမ်၊ မဂ္ဂနီဆီယမ် ၄၀ ကီလိုဂရမ် လိုအပ်ပါတယ်။ ကြက်သွန်ဖြူ/နီ တစ်ဟက်တာ ၃၃ တန် ထွက်ဖို့ဆိုရင် နိုက်ထရိုဂျင် ၁၂၀ ကီလိုဂရမ် ၊ ဖော့စဖိတ် ၄၅ ကီလိုဂရမ်၊ ပိုတက်ရှ် ၁၆၀ ကီလိုဂရမ်၊ ဆာလ်ဖာ ၂၀ ကီလိုဂရမ် လိုအပ်ပါတယ်။ သို့အတွက် မြေမှာ ဓာတ်ခွဲသိရှိရတဲ့ ပါဝင်တဲ့ဓာတ်များ ပမာဏအလိုက် လိုအပ်တဲ့ အာဟာရကို ထပ်မံဖြည့်စွက်ထည့်သွင်းစိုက်ပျိုးရန် စီမံသင့်ပါတယ်။

မြေဆီလွှာရဲ့ဓာတုဂုဏ်သတ္တိများကို လေ့လာတဲ့အခါမှာ အရေးကြီးဆုံးအချက်ကတော့ မြေဆီလွှာပြဿနာများပဲဖြစ်ပါတယ်။ ဒီမြေဆီလွှာပြဿနာများဟာ သီးနှံပင်အထွက်ကို သိသိသာသာကြီး ထိခိုက်ပျက်စီးစေသည့်ဒုက္ခကို ပေးပါတယ်။ မြေဆီလွှာ ချဉ်ခြင်း၊ ငန်ခြင်း၊ အာဟာရဓာတ်များက သီးနှံပင်ကို အဆိပ်သင့်စေခြင်းပဲ ဖြစ်ပါတယ်။ မိမိရဲ့မြေမှာ ဒီလယ်ယာမြေများ ကြုံခဲ့ရဖူးခြင်း ရှိ၊ မရှိ ကြိုတင်သိရှိအောင် လေ့လာရန် အထူးလိုအပ်မှာ ဖြစ်ပါတယ်။

မြေဆီလွှာချဉ်ငန်ကိန်းကို ကြိုတင်သိရှိနေအောင် မြေဆီလွှာဓာတ်ခွဲသေတ္တာနဲ့ ကြိုတင်ဓာတ်ခွဲ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ သို့မှသာ မြေချဉ်နေခြင်း၊ မြေငန်နေခြင်းကို ကြိုတင်သိရှိပြီး မြေချဉ်ခြင်းကြောင့် သီးနှံပင်များ ပျက်စီးဆုံးရှုံးရမှု၊ မြေငန်ခြင်းကြောင့် သီးနှံပင်များ ပျက်စီးဆုံးရှုံးရမှုကို ကြိုတင်သိရှိကာကွယ်မှု ပြုလုပ်နိုင်မှာ ဖြစ်ပါတယ်။

မြေဆီလွှာမြေချဉ်ကိန်း ၅ ဒသမ ၁ မှ ၅ဒသမ ၅ ဆိုရင် အချဉ်များ မြေချဉ်ငန်ကိန်း ၄ ဒသမ ၅ အောက်ဆိုရင် အလွန်ချဉ်တဲ့ မြေဖြစ်နေပါတယ်။ မြေဆီလွှာချဉ်နေရင်သီးနှံပင်ကောင်းစွာ မရှင်သန်နိုင်ခြင်း၊ မကြီးထွားမဖွံ့ဖြိုးခြင်း၊ မြေဆီလွှာတွင် နိုက်ထရိုဂျင် ဖမ်းပေးသော ဗက်တီးရီးယားများ နည်းလာခြင်း၊ အော်ဂဲနစ်ပစ္စည်းများ ဓာတ်ပြိုကွဲစေတဲ့ သက်ရှိအနုဇီဝများ လျော့နည်းလာခြင်း၊ ကယ်လ်ဆီယမ်၊ မဂ္ဂနီဆီယမ်၊ မော်လစ်ဘီဒီနန်၊ ဖော့စဖရပ်ဓာတ်များ ချို့တဲ့မှု ဖြစ်ပေါ်စေခြင်း၊ သံ၊ အလူမီနံယမ်နဲ့ မဂ္ဂနီးစ် အဆိပ်သင့်စေခြင်းများ ဖြစ်ပေါ်စေပါတယ်။

စာမျက်နှာ - ၁၇ သို့

# အရာတော်မြို့နယ် သနပ်ခါး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းနှင့် တွေ့ဆုံ

စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် လုပ်ငန်းတာဝန်တစ်ရပ်ဖြစ်သော ပြည်တွင်းကုန်သွယ်မှုမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူရေးရာ ဦးစီးဌာန၊ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး၊ မုံရွာခရိုင်ဦးစီးမှူးနှင့်အဖွဲ့သည် ဇွန် ၃ ရက်တွင် အရာတော်မြို့နယ် သနပ်ခါးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းနှင့် အရာတော်မြို့နယ် တာဝန်ခံရုံး၌ တွေ့ဆုံခဲ့သည်။

အရာတော်မြို့နယ် သနပ်ခါးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းကို ၂၀၁၄ခုနှစ် နိုဝင်ဘာလက အလုပ်အမှုဆောင် ၂၅ ဦးဖြင့် စတင်ဖွဲ့စည်းခဲ့သည်။ အရာတော်မြို့နယ်တွင် သနပ်ခါး စိုက်ဧက ၆၀၀၀၀ ခန့်ရှိပြီး သနပ်ခါးမြို့တော် အရာတော်ဟု တင်စားခေါ်ဝေါ်ကြသည်။

အရာတော်မြို့အဝင်တွင် သနပ်ခါးရောင်းသည့် ဈေးတန်းအဖြစ်လည်းကောင်း၊ သနပ်ခါးအသင်းအနေဖြင့် သနပ်ခါးပွဲရုံအဖြစ်လည်းကောင်း ဖွင့်လှစ်၍ သနပ်ခါးတုံးများကို လက်လီ၊ လက်ကား ရောင်းချလျက်ရှိရာ အရွယ်အစား၊ အရည်အသွေး၊ အပင်အရှည်ပေါ် မူတည်၍ တစ်ပင်လျှင် ကျပ် ၄၀၀၀ မှ ၁၀၀၀၀ ကြားအထိ ပေါက်ဈေးအသီးသီးဖြင့် ရောင်းချကြသည်။

တိုင်းအတွင်း ဈေးကွက်များအပြင် မန္တလေး၊ ရန်ကုန်၊ နေပြည်တော်နှင့် ဧရာဝတီတိုင်းဒေသကြီးများသို့လည်း အမှာစာများဖြင့် တင်ပို့ရောင်းချလျက်ရှိကြသည်။ အချို့သနပ်ခါးအသင်းသားများက သနပ်ခါးမှ တန်ဖိုးမြှင့်ထုတ်ကုန် (Value Added)အဖြစ် ဘုရားဆင်းတုတော်၊ စိတ်ပုတီး၊ အုပ်/ခွက်၊ အမြစ်မှုန့်၊ အပွေးမှုန့်၊ သနပ်ခါးဆပ်ပြာ၊ သနပ်ခါးရေမွှေး၊ ဆေးဝါးအဖြစ် အကြောပြေလိမ်းဆေး၊ နှလုံးအားတိုးဆေး စသည်တို့ထုတ်လုပ်ပြီး ဈေးကွက်များ ရှာဖွေရောင်းချလျက်ရှိကြသည်။

ယခုအချိန်တွင် COVID-19 ရောဂါနှင့်လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့် အရောင်းအဝယ်ပါးလျက်ရှိကြောင်း သနပ်ခါးအသင်း အတွင်းရေးမှူးထံမှ သိရှိရသည်။

**သန်းသန်းတင်(မုံရွာ)**

# သရက်သီးမှည့် ရာသီချိန် အရောင်းအဝယ်လိုက်

မကွေးတိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ သရက်သီးမှည့်များ လှိုင်လှိုင်ပေါ်နေပြီး ရောင်းလိုအား ဝယ်လိုအားလိုက်နေကြောင်း ရေနံချောင်းမြို့နယ်မှ သရက်သီးမှည့် ရောင်းဝယ်သူများထံမှသိရသည်။

"သရက်သီးကတော့ သရက်စိန်တလုံး၊ ဘုရားကုန်းသရက်သီး၊ ပျားရည်စမ်း အမျိုးအစားငါးခုခန့်ဝင်နေပြီး သရက်သီးမှည့်အဝင်များပြီး ဈေးကလည်း အနိမ့်ဆုံးသရက်သီး ၁၀လုံးလျှင် ငွေကျပ် ၁၀၀၀ ကနေ စိန်တလုံး သရက်သီးမှည့် ၁၀ လုံးလျှင် ငွေကျပ် ၁၅၀၀ အတွင်းရှိပြီး ယခင်နှစ်ပတ်ခန့်က သရက်သီး တစ်ဝယ်လုံးလျှင် ငွေကျပ် ၂၀၀၀၊ ငွေကျပ် ၃၀၀၀အတွင်း ဈေးပေါက်ကြတယ်"ဟု သရက်သီးမှည့်ရောင်းသည့်ဈေးသည်များထံမှ သိရသည်။

ယခုနှစ်တွင် သရက်သီးအထွက်ကောင်းခဲ့ပြီးဝင်ရောက်မှုများသည့်အပြင် ဒေသခံများက သရက်သီးကို ရပ်ကွက်များအတွင်း လိုက်လံရောင်းချသောကြောင့်ဈေးနှုန်းအေးသွားကြောင်း သိရသည်။

**ဆန်းညွန့် (ရေနံချောင်း)**

## စာမျက်နှာ (၁၆) သီးနှံစိုက်ပျိုးမည်ဆိုရင် . . . မှအဆက်

မြေချဉ်ခြင်းကို ကြိုတင်သိရှိနေပါက တစ်ဟက်တာ ထုံး ၁-၃ တန် ကြိုတင်ထည့်ပေးပြီး ပြုပြင်ရန် လိုအပ်ပါတယ်။

မြေဆီလွှာအလယ်အလတ်ငန်နဲ့ အလွန်ငန်အဆင့်မှာ သီးနှံပင်များ လုံးဝစိုက်ပျိုး၍ မရပါ။ ဆိုဒီယမ်ပါဝင်မှု အလွန်များပြီး ဖော့စ်ဖရပ်နဲ့ အနဲလို အာဟာရဓာတ်များ ချို့တဲ့မှုဖြစ်စေပါတယ်။ သံ၊ ဆာလ်ဖာ၊ မဂ္ဂနီးစ်၊ ဘိုရွန်ဓာတ်အဆိပ်သင့်မှု ဖြစ်ပေါ်စေပါတယ်။ ဂျစ်ပဆန်ကျောက်မှ တစ်ဟက်တာ ပေါင် ၄၀၀ ထည့်သွင်းပြုပြင်ပြီးမှ သီးနှံစိုက်ပျိုးသင့်ပါတယ်။

မြေဆီလွှာငန်ခြင်းဖြစ်ပေါ်ရခြင်းမှာ ဘိုဒီယမ်အိုင်ယွန်းများ ပါဝင်မှုများနေခြင်းကြောင့်ဖြစ်ရပါတယ်။ ဆိုဒီယမ်ကာဗွန်နိတ်၊ ကယ်လ်စီယမ်ကာဗွန်နိတ်နဲ့ ဆီလီကာများ ပျော်ဝင်ပျောက်ဆုံးခြင်းဖြစ်ပေါ်ပါတယ်။ ဒီအခြေအနေမှာ နိုက်ထရိုဂျင်ဓာတ်နဲ့ ဖော့စဖရပ်ဓာတ်များ ချို့တဲ့တတ်ပါတယ်။ အချို့ဒေသများတွင် ဆိုဒီယမ်များသော မြေဆပ်ပြာပေါက်မှု ဖြစ်ပေါ်စေပါတယ်။ ဂျစ်ပဆန် ကျောက်မှုန့်တစ်ဧကလျှင် ၅၀ ပါဝင်နှုန်းထည့်ပေးပြီး ရေသွင်းရေထုတ် ၅-၆ ကြိမ်ပြုလုပ်ပေးပြီးမှ သီးနှံစိုက်ပျိုးသင့်ပါတယ်။

မြေဆီလွှာ၏ ဇီဝဂုဏ်သတ္တိကို လေ့လာလျှင် ဓာတ်သတ္တု ၄၉ ရာခိုင်နှုန်း ၊ လေ ၂၅ ရာခိုင်နှုန်း၊ အစိုဓာတ် ၂၅ ရာခိုင်နှုန်း အော်ဂဲနစ်ပစ္စည်း တစ်ရာခိုင်နှုန်း ပါဝင်တာ တွေ့ရပါတယ်။ မြေဆီလွှာ တစ်ဟက်တာမှာ အနုဇီဝများ ၇၀၀ ကီလိုဂရမ် ပါဝင်ပါတယ်။ အဲဒီအထဲမှာ မှို ၇၀-၇၅ ရာခိုင်နှုန်း၊ ဗက်တီးရီးယား ၂၀-၂၅ ရာခိုင် နှုန်း၊ အခြားပစ္စည်း ၅ ရာခိုင်နှုန်း ပါဝင်ပါတယ်။ မြေကောင်းတစ်ခုမှာ မြေဆွေးဓာတ်ဟာ ၁ ဒသမ ၅ မှ ၂ ရာခိုင်နှုန်းထိ ပါဝင်တာ တွေ့ရပါတယ်။ မြေဆီလွှာဟာ ဇီဝဂုဏ်သတ္တိများနဲ့ ပြည့်ဝနေမှသာ မှန်ကန်တဲ့မြေဖြစ်ပြီး သီးနှံအထွက်တိုးမှာ ဖြစ်ပါတယ်။ သို့အတွက် မိမိမြေရဲ့ ဇီဝသတ္တိအပြည့် ရှိ မရှိ လေ့လာပြီး အပြည့်ရှိအောင် ဆောင်ရွက်ပြီးမှ သီးနှံစိုက်ပျိုးသင့်ပါတယ်။

ဇီဝသက်ရှိများဟာ မြေဆီလွှာအတွင်း ရှင်သန်ကြီးထွားနေနိုင်ရန်မှာ မြေဆွေးနဲ့ ပြည့်ဝနေဖို့ လိုအပ်ပါတယ်။ ဇီဝသက်ရှိများ ရှင်သန်ပွားများမှု နည်းပါးရင် အပင်ကြီးထွားဖွံ့ဖြိုးမှုလည်း ရပ်တန့်နေမှာ ဖြစ်ပါတယ်။ ၎င်းအပြင် မြေဆွေးဓာတ်နဲ့ ဇီဝသက်ရှိများမရှိပါက မြေဆီလွှာအတွင်းရှိ ဖော့စဖရပ်၊ မဂ္ဂနီစီယမ်၊ ကယ်စီယမ်၊ ပိုတက်စီယမ်စတဲ့ ဓာတ်များဟာ ထိန်းချုပ်ခံရပြီး အပင်က မစားသုံးနိုင်တဲ့ပုံစံအဖြစ် ပြောင်းသွားပြီး ချို့တဲ့မှု ဖြစ်ပေါ်စေပါတယ်။ မြေဆွေးဓာတ်ဟာ ဘာနဲ့မှ အစားထိုးလို့မရနိုင်တဲ့ အမိမြေဆီလွှာ ဖြစ်ပါတယ်။

မြေဆီလွှာအတွင်းရှိ မြေဆွေး အော်ဂဲနစ်များတွင် မှိုရေညှိ ၄၀ ရာခိုင်နှုန်း ဗက်တီးရီးယားနဲ့ အက်တီနိုမိုက်စီ ၄၀ ရာခိုင်နှုန်း၊ တီကောင် ၁၂ ရာခိုင်နှုန်း၊ အကောင်ကြီး ၅ ရာခိုင်နှုန်း၊ သတ္တဝါငယ် ၃ ရာခိုင်နှုန်း ပါဝင်တာကို တွေ့ရပါတယ်။ အခြားပစ္စည်း ၂၅-၃၀ ရာခိုင်နှုန်း မှာ လစ်ကနင့်နဲ့ ပရိုတင်းများ ဖြစ်ကြပါတယ်။ မြေဆီလွှာအတွင်းရှိ အော်ဂဲနစ်များဟာ မြေဆီလွှာ၏ အပူချိန်ကို လျှော့စေပါတယ်။ အော်ဂဲနစ်များ ဆွေးမြည့်လာတဲ့အခါ အပင်၏အစာအာဟာရ ဖြစ်တဲ့အပြင် ထွက်ပေါ်လာတဲ့ ဟော်မုန်းများ၊ ဗီတာမင်များ၊ ပဋိဇီဝပစ္စည်းများ၊ ချီးလိတ်များဟာ အပင်ကြီးထွားမှုအတွက် အထောက်အကူဖြစ်စေပါတယ်။

အော်ဂဲနစ်ပစ္စည်းများ ဆွေးမြေ့လာတဲ့အခါ အပင်က စားသုံး၍ မရရှိနိုင်သော ပိုတက်စီယမ်၊ ကယ်လ်ဆီယမ်၊ မဂ္ဂနီစီယမ်၊ အိုင်းယွန်း၊ အလူမီနီယမ်၊ ဘိုရွန်၊ ဖော့စဖိတ် စတဲ့ ဓာတ်များကို အပင်က စုပ်ယူနိုင်သောပုံစံသို့ ပြောင်းလဲပေးစေနိုင်ပါတယ်။ တစ်ခါတစ်ရံ အဆိပ်ဆင့်မှုများကို ပြေပျောက်စေနိုင်တာ တွေ့ရပါတယ်။ သို့ပါ၍ မိမိမြေဆီလွှာအား ဇီဝဂုဏ်သတ္တိနဲ့ပြည့်ဝနေစေအောင် ကြိုတင်စီမံပြုပြင်ပြီးမှ စိုက်ပျိုးသင့်ပါတယ်။

သို့အတွက် မိမိမြေကို သီးနှံစိုက်ပျိုးတော့မယ်ဆိုရင် မြေရဲ့ သဘာဝအခြေအနေကို သေချာစွာလေ့လာ၍ ပြုပြင်ပြီးမှသာ စိုက်ပျိုးကြစေရန် တိုက်တွန်းလိုက်ရပါတယ်။

# ပြည်ပဆန်ဈေးနှုန်းများ

၂၉-၅-၂၀၂၁ မှ ၄-၆-၂၀၂၁ ထိ ပြည်ပဆန်ဈေးနှုန်း၊ FOB-YGN

ရေတွက်ပုံ- USD/MT

| စဉ် | အမျိုးအမည် | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|
| 1 | Myanmar Long Grain White Rice 5% Broken (Well Milled Double Polished Sortexed) | 430-440 | |
| 2 | Myanmar Long Grain White Rice 10% Broken (Well Milled Double Polished Sortexed) | 415-420 | |
| 3 | Myanmar Long Grain White Rice 15% Broken (Well Milled Double Polished Sortexed) | 410-415 | |
| 4 | Myanmar Long Grain White Rice 20% Broken (Well Milled Double Polished Sortexed) | 405-410 | |
| 5 | Myanmar Long Grain White Rice 25% Broken (Well Milled Double Polished Sortexed) | 400-405 | |
| 6 | Myanmar Long Grain White Rice 5% Broken (Reasonable Well Milled) | 420-425 | |
| 7 | Myanmar Long Grain White Rice 15% Broken (Reasonable Well Milled) | 410-420 | |
| 8 | Myanmar Long Grain White Rice 25% Broken (Reasonable Well Milled) | 375-385 | |
| 9 | Myanmar Long Grain White Rice 35% Broken (Reasonable Well Milled) | 370-375 | |
| 10 | Myanmar Long Grain Brown Rice 5% Broken | 375-380 | |
| 11 | Myanmar Long Grain Brown Rice 10% Broken | 370-375 | |
| 12 | Myanmar Long Grain White Rice (Kayinma) 5% Broken(Well Milled Double Polished Sortexed) | 435-440 | |
| 13 | Myanmar Long Grain White Rice (Kayinma) 10% Broken(Well Milled Double Polished Sortexed) | 430-435 | |
| 14 | Myanmar Long Grain White Rice (Kayinma) 15% Broken(Well Milled Double Polished Sortexed) | 425-430 | |
| 15 | Myanmar Long Grain White Rice (Kayinma) 25% Broken(Well Milled Double Polished Sortexed) | 415-420 | |
| 16 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed) | 430-435 | |
| 17 | Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed) | 425-430 | |
| 18 | Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed) | 410-420 | |
| 19 | Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed) | 400-410 | |
| 20 | Myanmar White Rice Nga Sein Yarkyaw (or) BG (or) Tun pu 5% Broken (Well Milled Double Polished Softexed) | 425-435 | |
| 21 | Myanmar White Rice Nga Sein Yarkyaw (or) BG (or) Tun pu 10% Broken (Well Milled Double Polished Softexed) | 430-435 | |
| 22 | Myanmar White Rice Nga Sein Yarkyaw (or) BG (or) Tun Pu 15% Broken (Well Milled Double Polished Sortexed) | 415-425 | |
| 23 | Myanmar White Rice Nga Sein Yarkyaw (or) BG (or) Tun Pu 25% Broken (Well Milled Double Polished Sortexed) | 410-415 | |
| 24 | Myanmar Parboiled Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 495-500 | |
| 25 | Myanmar Parboiled Rice (Kayinma) 10% Broken (Well Milled Double Polished Sortexed) | 485-495 | |
| 26 | Myanmar Long Grain Parboiled Brown Rice 5% Broken | 410-415 | |
| 27 | Myanmar Glutinous Rice 5% Broken | 620-670 | |
| 28 | Myanmar Glutinous Rice 10% Broken | 590-620 | |
| 29 | A-1 , 2 (Sortexed) | 370-380 | |
| 30 | B-1 , 2 (Sortexed) | 365-370 | |
| 31 | B-1,2 (Non-Sortexed) | 355-365 | |
| 32 | B-2,3,4 (Non-Sortexed) | 340-355 | |
| 33 | 100% Broken Rice Softexed Reject (Animal Feed) | 315-325 | |
| 34 | 100% Parboiled Broken Rice Sortexed Reject | 300-320 | |
| 35 | 100% Parboiled Broken (B-1,2) | 300-320 | |
| 36 | 100% Brown Rice Broken (B-1,2) | 280-300 | |
| 37 | Parboiled Rice Reject (Grade 2) | 310-320 | |
| 38 | Glutinous Broken Rice (Sortexed) | 500-535 | |
| 39 | Paw San 5% Broken | 575 | |
| 40 | Paw San 10% Broken | 560 | |
| 41 | Paw San 15% Broken | 550 | |

Source : မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

၄-၆-၂၀၂၁ ရက်နေ့ ပြည်ပဆန်ဈေးနှုန်း FOB-MUSE

| စဉ် | အမျိုးအစား | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|
| 1 | Emata 5 % | 421-426 | |
| 2 | Emata 10 % | 415-420 | |
| 3 | Emata 15 % | 404-409 | |
| 4 | Emata 25 % | 397-402 | |
| 5 | Ngasein 5 % | 420-425 | |
| 6 | Ngasein 15 % | 404-409 | |
| 7 | Ngasein 25 % | 397-402 | |
| 8 | Broken (1 & Extra) | 369-374 | |
| 9 | Broken 1,2 | 354-359 | |
| 10 | Broken 2,3,4 | 337-342 | |

Source : ဆန်စပါးကုန်စည်ဒိုင် ( မူဆယ် )

# ဘရာဇီးတွင် ၂၀၂၁ ခုနှစ် ပထမ သုံးလပတ်ကာလအတွင်း ရင်းနှီးမြှုပ်နှံမှု ၁၉ ဒသမ ၄ ရာခိုင်နှုန်းရှိ



၂၀၂၁ ခုနှစ် ပထမ သုံးလပတ်ကာလတွင် ဘရာဇီးနိုင်ငံသို့ ရင်းနှီးမြှုပ်နှံမှုဝင်ရောက်မှုသည် နိုင်ငံ၏စုစုပေါင်းပြည်တွင်းအသားတင်ထုတ်ကုန်တန်ဖိုး (GDP) ၏ ၁၉ ဒသမ ၄ ရာခိုင်နှုန်းရှိပြီး ၂၀၂၀ ပြည့်နှစ်ကာလတူတွင် ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှုသည် GDP ၏ ၁၅ ဒသမ ၉ ရာခိုင်နှုန်း ရှိခဲ့ကြောင်း Brazilian Instiute of Geography and Statistics(IBGE) ၏ သုံးလတစ်ကြိမ်ထုတ်ပြန်သည့် လေ့လာမှုစစ်တမ်းတွင် ဖော်ပြထားသည်။

၂၀၂၁ ခုနှစ် ပထမသုံးလပတ်ကာလတွင် ပြည်တွင်းစုဆောင်းငွေသည် ၂၀ ဒသမ ၆ ရာခိုင်နှုန်းရှိပြီး ၂၀၂၀ ပြည့်နှစ်ကာလတူတွင် ၁၃ဒသမ ၄ ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ Gross Fixed Capital Formation(GFCF) တွင် ၁၇ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး ၂၀၁၀ပြည့်နှစ်ဒုတိယ သုံးလပတ်ကာလ နောက်ပိုင်းတွင် တိုးတက်မှုအမြင့်ဆုံးဖြစ်ကြောင်း၊ အဆိုပါတိုးတက်မှုများသည် ပြည်တွင်းတွင် စက်နှင့်စက်အပိုပစ္စည်းများ တိုးတက်ထုတ်လုပ်မှု၊ လောင်စာဆီနှင့် ဓာတ်ငွေ့ထုတ်လုပ်မှု များနှင့် Software ပိုင်းတွင် ဖွံ့ဖြိုးတိုးတက်မှုများကြောင့်ဖြစ်ကြောင်း IBGE ၏ စစ်တမ်းတွင် ဖော်ပြထားသည်။

၂၀၂၁ ခုနှစ် ပထမသုံးလပတ်ကာလတွင် ဘရာဇီးနိုင်ငံ၏ ကုန်သွယ်မှုသည် ပို့ကုန်တင်ပို့မှု၌ သုညဒသမ ၈ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး သွင်းကုန်တွင် ၇ ဒသမ ၇ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း၊ ပို့ကုန်များအနက် သတ္တုတွင်းထွက်၊ စားသောက်ကုန်ပစ္စည်း၊ မော်တော်ကားနှင့် ဆေးရွက်ကြီးတို့ကို တိုးတက်တင်ပို့နိုင်ခဲ့သော်လည်း စားသုံးဆီနှင့် လယ်ယာထွက်ကုန်သီးနှံ တင်ပို့မှုတွင် လျော့နည်းခဲ့ကြောင်း၊ သွင်းကုန်များတွင် ဓာတုဗေဒပစ္စည်းများ၊ စက်နှင့်စက်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ ဆေးနှင့် ဆေးပစ္စည်းများနှင့် သံနှင့်သံမဏိများ၏ တင်သွင်းမှုမှာ မြင့်တက်ခဲ့ကြောင်း IBGE ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

လောင်စာစွမ်းအင် ထုတ်လုပ်သည့် ရင်းနှီးမြှုပ်နှံမှုများတွင် အသုံးပြုရန်အတွက် တင်သွင်းသည့် ကုန်ပစ္စည်းများအပေါ် ပြည်ထောင်စုအခွန်အကောက် ကင်းလွတ်ခွင့်ပြုခြင်း၊ ပြည်တွင်းထုတ်လုပ်မှုများ တိုးတက်လာခြင်းနှင့်Software နည်းပညာပိုင်းတွင် ဖွံ့ဖြိုးတိုးတက်လာခြင်းတို့ကြောင့် အသားတင် ရင်းနှီးမြှုပ်နှံမှု (Gross Fixed Capital Formation) တွင် ၄ ဒသမ ၆ ရာခိုင်နှုန်းပိုမိုတိုးတက်ခဲ့ကြောင်း၊ IBGE ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဘရာဇီးနိုင်ငံ၏ ကုန်သွယ်မှုပမာဏတွင် ၃ ဒသမ ၇ ရာခိုင်နှုန်း ကုန်သွယ်မှုပိုငွေပြလျက်ရှိကြောင်း၊ သို့ရာတွင် သွင်းကုန်တင်သွင်းမှုတွင်လည်း ၂၀၂၀ ပြည့်နှစ်နှင့်နှိုင်းယှဉ်ပါက ၁၁ ဒသမ ၆ ရာခိုင်နှုန်း ပိုမိုမြင့်တက်လာကြောင်း၊ သွင်းကုန်များတွင် ကိုဗစ်(၁၉)ကာကွယ်ဆေးထုတ်လုပ်ရန်အတွက် လိုအပ်သော ကုန်ကြမ်းပစ္စည်းများ၊ လျှပ်စစ်နှင့် စက်ပစ္စည်းများ၊ သံနှင့်သံမဏိပစ္စည်းများအား အဓိက တင်သွင်းခဲ့ကြောင်း၊ ပို့ကုန်ပစ္စည်းများတွင် စားသောက်ကုန်နှင့် မော်တော်ကားများအား အများဆုံးတင်ပို့နိုင်ခဲ့ကြောင်း၊ IBGE၏ အမျိုးသားငွေစာရင်းဌာနတာဝန်ခံRebeca Palisက သတင်းဌာနသို့ ပြောကြားခဲ့သည်။

၂၀၂၁ ခုနှစ် ပထမသုံးလတာကာလအတွင်း နိုင်ငံအတွင်း ငွေကြေးလိုအပ်ချက်သည် ဘရာဇီးဟဲရာ ၆၀ ဒသမ ၁ ဘီလီယံရှိပြီး ၂၀၂၀ ပြည့်နှစ်ကာလတူတွင် ဟဲရာ ၈၀ဒသမ၃ ဘီလီယံရှိခဲ့ကြောင်း၊ ငွေကြေး လိုအပ်ချက်လျော့နည်းခဲ့ခြင်းမှာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ အသားတင်ဝင်ငွေ (အမြတ်ငွေနှင့် ပေးရန် တာဝန်များ) လွှဲပြောင်းမှုများသည် ဟဲရာ ၂၂ ဒသမ ၇ ဘီလီယံအထိ လျော့ကျခဲ့ခြင်းနှင့် ကုန်သွယ်မှုပိုငွေ ဟဲရာ ၆ ဘီလီယံကျော်ဖြစ်ပေါ်ခြင်းတို့ကြောင့် နိုင်ငံအတွင်းငွေကြေးလိုအပ်ချက်ကို လျှော့ချနိုင်ခဲ့ခြင်းဖြစ်ကြောင်း IBGE ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

**ထွန်းအောင်ဇော်(စီးပွားရေးသံမှူး)**

# ဖိလစ်ပိုင်နိုင်ငံ၏ ဆန်တင်သွင်းမှုအပေါ် အခွန်လျှော့ချမှုက အိန္ဒိယကုန်သည်များကို တွန်းအားဖြစ်စေလျက်ရှိ

ဖိလစ်ပိုင်နိုင်ငံသည် ဆန်တင်သွင်းမှုအပေါ် အကောက်ခွန်နှုန်းထားများအား မကြာသေးမီက လျှော့ချပေးခဲ့ရာ အိန္ဒိယနိုင်ငံရှိ ဆန်တင်ပို့သည့် လုပ်ငန်းများအနေဖြင့် ရှေ့လာမည့်လမှ စတင်၍ ဖိလစ်ပိုင်သို့ ဘာစမာတီမဟုတ်သော ဆန်များကို ပိုမိုတိုးမြှင့်တင်ပို့ရန် ပြင်ဆင်လျက်ရှိကြောင်း သိရှိရသည်။

ကမ္ဘာပေါ်၌ ဆန်တင်သွင်းမှု ဒုတိယအများဆုံးဖြစ်သော ဖိလစ်ပိုင်နိုင်ငံတွင် အနည်းဆုံး ပမာဏ သတ်မှတ်ချက် (Minimum Access Volume) အတွင်း ဆန်တင်သွင်းမှုအတွက် သွင်းကုန်ခွန် ၄၀ ရာခိုင်နှုန်းနှင့် ၎င်းပမာဏ ပြင်ပ၌ တင်သွင်းမှုအပေါ် သွင်းကုန်ခွန် ၅၀ ရာခိုင်နှုန်း ကောက်ခံရန် သတ်မှတ်ထားရှိခဲ့သည်။ သို့ရာတွင် ဖိလစ်ပိုင်နိုင်ငံသမ္မတ ရိုဒရီဂိုဒူတာတေးသည် ပြည်တွင်းစားနပ်ရိက္ခာ ဖူလုံရေးအတွက် အကောက်ခွန်နှုန်းထား ပြင်ဆင်သည့်အမိန့် EO 135 ကို ၁၅-၅-၂၀၂၁ ရက်တွင် လက်မှတ်ရေးထိုးလျက် ဆန်တင်သွင်းမှုအပေါ် သွင်းကုန်ခွန်အား ၃၅ ရာခိုင်နှုန်းသို့ လျှော့ချခဲ့ပြီး တစ်နှစ်ကာလအထိ ခွင့်ပြုပေးခဲ့ကြောင်း ဖိလစ်ပိုင်သတင်းအေဂျင်စီ (PNA) ၏ ဖော်ပြချက်အရ သိရှိရသည်။

သို့ဖြစ်ရာ အိန္ဒိယ ကုန်သည်များသည် ဖိလစ်ပိုင်နိုင်ငံသို့ ဆန်တင်ပို့ရာတွင် မူလက သွင်းကုန်အခွန် ၅၀ ရာခိုင်နှုန်း ပေးဆောင်ရမည့် အခြေအနေမှ ယခု ၁၅ ရာခိုင်နှုန်း လျှော့နည်းသက်သာသည့် အခွင့်အလမ်းကို ရရှိလာခြင်းဖြစ်သည်။ အိန္ဒိယ ဆန်တင်ပို့သူ လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ Mr. BV Krishna Rao က ယခုအခါ အိန္ဒိယသည် အခြားသော အာဆီယံနိုင်ငံများနှင့် တန်းတူညီမျှသည့် အကောက်ခွန်နှုန်းထားဖြင့် တင်ပို့နိုင်သည့်အခြေအနေသို့ရောက်ရှိလာပြီဖြစ်ရာ အိန္ဒိယကုမ္ပဏီများသည် ဇွန်လကုန်ပိုင်းမှ စတင်၍ ဖိလစ်ပိုင်နိုင်ငံသို့ ဆန်တင်ပို့နိုင်ရေး စိတ်အားထက်သန်လျက်ရှိကြောင်း၊ သို့သော် ကုန်သေတ္တာများ ရလွယ်နိုင်မှုမှာ အဓိက အခက်အခဲအဖြစ်ကြုံတွေ့နေရကြောင်း၊ ၎င်းတို့အနေဖြင့် ဖိလစ်ပိုင်နိုင်ငံသို့ ဆန်တင်ပို့ရေးနည်းလမ်းများကို လေ့လာလျက်ရှိကြောင်းနှင့် ယခင်နှစ် တင်ပို့ခဲ့သည့် ပမာဏနည်းတူ လက်ရှိဘဏ္ဍာနှစ်၌ ဘာစမာတီမဟုတ်သောဆန်များအား ပြည်ပတင်ပို့နိုင်လိမ့်မည် မျှော်မှန်းထားကြောင်း စသည်ဖြင့် ပြောဆိုသည်။

ဖိလစ်ပိုင်နိုင်ငံ၏ နှစ်စဉ် ဆန်တင်သွင်းမှုမှာ တန်ချိန် ၂ ဒသမ ၅ သန်းခန့်ရှိပြီး ၎င်းအနက် တန်ချိန် နှစ်သန်းခန့်သည် အရည်အသွေး ကောင်းမွန်သည့် တန်းမြင့်ဆန်များဖြစ်ကြောင်း၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့မှ အရည်အသွေးမြင့်မားသည့် ရန့်မွှေးကြိုင်သော ကောက်ညှင်းအနွယ်ဝင် ဆန်များကို အဓိကရယူ တင်သွင်းလျက်ရှိကြောင်း အိန္ဒိယ Economic Times သတင်းဌာနက ဖော်ပြသည်။

အိန္ဒိယလယ်ယာပို့ကုန်များ ဖွံ့ဖြိုးတိုးတက်ရေး အာဏာပိုင်အဖွဲ့(APEDA)၏စာရင်းများအရ အိန္ဒိယနိုင်ငံသည် ၂၀၂၀-၂၀၂၁ ခုနှစ်၌ ပြည်ပသို့ ဆန်တန်ချိန် ၁၇ ဒသမ၇ သန်း တင်ပို့နိုင်ခဲ့ရာ ယခင်နှစ် တင်ပို့မှုတန်ချိန် ၉ ဒသမ ၅ သန်းထက် နှစ်ဆမျှတိုးတက်လာခဲ့ကြောင်း တွေ့ရှိရသည်။ အဆိုပါ ပမာဏအနက် ဘာစမာတီဆန်တင်ပို့မှုမှာ တန်ချိန် ၄ဒသမ၄၅ သန်းဖြင့် တိုးတက်မှု ၄ ရာခိုင်နှုန်းခန့် ရရှိခဲ့ပြီး ဘာစမာတီမဟုတ်သော ဆန်များအား ယခင်နှစ်ထက် ၁၆၀ ရာခိုင်နှုန်း တိုးမြှင့်လျက် တန်ချိန် ၁၃ ဒသမ ၀၉ သန်းအထိ တင်ပို့ခဲ့ခြင်းဖြစ်သည်။ တန်ဖိုးအားဖြင့် ဘာစမာတီမဟုတ်သော ဆန်၌ ဒေါ်လာ ၄ ဒသမ၈ ဘီလီယံ (ရူပီးငွေ ၃၅၄၄၈ ကုဋေ) တင်ပို့ခြင်းဖြစ်ပြီး ဘာစမာတီ ဆန်တွင် ဒေါ်လာ ၄ ဘီလီယံ (ရူပီးငွေ ၂၉၈၄၉ ကုဋေ) ဖြစ်ကြောင်း တွေ့ရှိရသည်။

**နေအေးလွင်(စီးပွားရေးသံမှူး)**

## တရုတ်-အာဆီယံသတ္တုတွင်း ပူးပေါင်းဆောင်ရွက်မှုတွင် လုပ်ငန်းစဉ်အသစ်များ ပြုလုပ်လာနိုင်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့တွင် မေလအတွင်း ကျင်းပပြုလုပ်ခဲ့သည့် (၁၁)ကြိမ်မြောက် တရုတ်-အာဆီယံ သတ္တုတွင်း ပူးပေါင်းဆောင်ရွက်မှုဖိုရမ်နှင့် ပြပွဲ (၂၀၂၁)၌ စာချုပ်တန်ဖိုး ၃ဒသမ ၁ ဘီလီယံ (အမေရိကန်ဒေါ်လာ ၄၈၂ ဒသမ ၈ သန်း)တန်ဖိုးရှိ သတ္တုတွင်းစီမံကိန်းပေါင်း ၁၉ ခုအား လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ၎င်းပမာဏမှာ သမိုင်း၌ စံချိန်တင်လောက်အောင် တန်ဖိုးမြင့်မားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တရုတ်-အာဆီယံသတ္တုတွင်း ပူးပေါင်းဆောင်ရွက်မှုဖိုရမ်နှင့် ပြပွဲအား ယခင်က (၁၀)ကြိမ်တိုင်ကျင်းပခဲ့ပြီး စီမံကိန်းပေါင်း ၂၀၀ ကျော်အတွက် စီးပွားရေးဆွေးနွေးပွဲများနှင့် စီမံကိန်း ၂၇ ခုအတွက် မြှင့်တင်ရေးပွဲများကို ကျင်းပခဲ့ဖူးသည်။ ထိုကာလများအတွင်း စုစုပေါင်းစာချုပ်တန်ဖိုး ယွမ်ငွေ ၁၄ ဒသမ ၅ ဘီလီယံရှိ စီမံကိန်းပေါင်း ၆၆ ခုအား လက်မှတ် ရေးထိုးနိုင်ခဲ့ကြသည်။

၎င်းအပြင် တရုတ်-အာဆီယံ ဂြိုဟ်တုအဝေးထိန်း အာရုံခံထောက်လှမ်းမှုဆွေးနွေးပွဲကိုလည်း ဤဖိုရမ်ကျင်းပစဉ်အတွင်း ထည့်သွင်းပြုလုပ်ခဲ့ကာ အာဆီယံနိုင်ငံများရှိ သဘာဝရင်းမြစ်များအတွက် တရုတ်နိုင်ငံ၏ ဂြိုဟ်တုရုပ်ပုံအချက်အလက်အား အတွင်းကျကျအသုံးပြုနိုင်ပုံကို မြှင့်တင်ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထိုသို့အသုံးပြုနိုင်ပါက အာဆီယံဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အကျိုးဖြစ်ထွန်းစေနိုင်မည်ဖြစ်သည်။

ဒေသအတွင်း အမြဲတစေဖွံ့ဖြိုးတိုးတက်မှု အမှန်တကယ်ဖြစ်လာစေရန် အလို့ငှာ ကွမ်ရှီးသည် သတ္တုတွင်းကဏ္ဍ၌ သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေသည့် ဖွံ့ဖြိုးတိုးတက်မှုများအတွက် ဒေသတွင်းဆိုင်ရာအဖွဲ့အစည်းကဲ့သို့ သော ပူးပေါင်းဆောင်ရွက်မှု ပေါင်းကူးအသစ်များကို ထူထောင်ခြင်းအားဖြင့် အာဆီယံနှင့်ပထဝီဝင်အနေအထားအရ နီးကပ်စွာတည်ရှိနေသည့်အကျိုးကျေးဇူးကို အပြည့်အဝ အသုံးပြုသွားမည်ဖြစ်သည်။

**ရင်းမြစ်-en.gxzf.gov.cn, ဒေါက်တာရွှေစင်ကို(စီးပွားရေးသံမှူး)**

# စားသုံးဆီများ တရားမဝင်တင်သွင်းမှုက ပြည်တွင်းလုပ်ငန်းကို ထိခိုက်စေကြောင်း အိန္ဒိယ ဆီစက်လုပ်ငန်းအသင်းပြော

အိန္ဒိယနိုင်ငံ၌ ဈေးနှုန်းများမြင့်တက်မှုနှင့်အတူ စားသုံးဆီများမှာ ပြည် တွင်းဈေးကွက်သို့ တရားမဝင်ဝင်ရောက်လျက်ရှိရာ ပြည်တွင်းကုန်ထုတ်လုပ်သူများနှင့် တောင်သူလယ်သမားများအပေါ် ထိခိုက်စေနိုင်သဖြင့် အရေးယူဆောင်ရွက်မှုပြုရန် အိန္ဒိယဆီစက်လုပ်ငန်းရှင်များအသင်း(SEA)က တောင်းဆိုလိုက်သည်။

အဆိုပါအသင်းက အိန္ဒိယ ဗဟိုအစိုးရထံသို့ စာရေးသားပေးပို့ရာတွင် အကောက်ခွန်နှုန်းထား သုည ရာခိုင်နှုန်းအထိ သက်သာခွင့်ရရှိမှုကို အခွင့်ကောင်းယူ၍ အခြားပင်ရင်းနိုင်ငံများမှ ထုတ်လုပ်သော စားအုန်းဆီနှင့် ပဲပုပ်ဆီများမှာ ပြည်တွင်းဈေးကွက်သို့ အိမ်နီးချင်း နီပေါနိုင်ငံမှတစ်ဆင့် ဝင်ရောက်လျက်ရှိကြောင်း၊ နီပေါနိုင်ငံ၌ ပဲပုပ်စိုက်ပျိုးထုတ်လုပ်ခြင်းမရှိသကဲ့သို့ ပဲပုပ်ဆီကို အဓိကအားဖြင့် တောင်အမေရိကဒေသမှ ရယူတင်သွင်းလျက်ရှိကြောင်း၊ ပြင်ပမှတင်သွင်းသည့် ပဲပုပ်စေ့များအား စားသုံးဆီထုတ်လုပ်နိုင်စွမ်းမှာလည်း အနည်းမျှသာရှိကြောင်း၊ အလားတူ စားအုန်းဆီကိုလည်း နီပေါနိုင်ငံ၌ စိုက်ပျိုးထုတ်လုပ်ခြင်းမရှိဘဲ မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံတို့ထံမှ တင်သွင်းခြင်းဖြစ်ကြောင်း၊ ပင်ရင်းနိုင်ငံစည်းမျဉ်း(ROO)ကို မထီမဲ့မြင်ပြုလျက် အခွန်သက်သာမှုရရှိရန် အလို့ငှာ နီပေါနိုင်ငံ သို့မဟုတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ဖြတ်သန်း၍ ကုန်တင်သွင်းမှုလမ်းကြောင်း ဖြစ်ပေါ်လျက်ရှိကြောင်း၊အိန္ဒိယ ဘဏ္ဍာရေးဝန်ကြီးဌာနသည် ROO အလွဲသုံးမှုကို စစ်ဆေးရမည့်အစားတင်းကျပ်သည့် လုပ်ထုံးလုပ်နည်းများကိုသာ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လတွင် အမိန့်ကြော်ငြာစာထုတ်ပြန်ခဲ့ကြောင်း၊ သို့ဖြစ်ရာ အိန္ဒိယနိုင်ငံအတွင်း ROO စည်းမျဉ်းအား အလွဲသုံးစားပြုလျက် အကောက်ခွန်ကင်းလွတ်စွာဖြင့် ပဲပုပ်ဆီများ တင်သွင်းမှုရှိနေဆဲဖြစ်ကြောင်း၊ ထိုသို့ စားသုံးဆီများ ပြည်တွင်းဈေးကွက်သို့ဝင်ရောက်မှုမှာ ကနဦးအစပိုင်းတွင် သတိပေးသည့်အဆင့်မျှသာရှိသော်လည်း ယခုအခါ အိန္ဒိယနိုင်ငံ အရှေ့ပိုင်းနှင့် မြောက်ပိုင်းဒေသများရှိ ဟင်းသီးဟင်းရွက်ဆီထုတ်လုပ်သောလုပ်ငန်းများ၏ ရပ်တည်ရှင်သန်မှုကို ခြိမ်းခြောက်သည့် အခြေအနေသို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ အစိုးရ၏ အခွန်ဘဏ္ဍာရရှိမှုကိုလည်း ဆုံးရှုံးမှုများဖြစ်ပေါ်စေကြောင်း၊ ထို့ပြင် စားသုံးဆီများအပေါ် မြင့်မားသည့် အကောက်ခွန်နှုန်းထားများ သတ်မှတ်ထားသည့် ရည်ရွယ်ချက်ကို ပျက်သုဉ်းစေသကဲ့သို့ ပြည်တွင်းဈေးကွက်ကိုလည်း ပျက်စီးစေလျက်ရှိကြောင်း စသည်ဖြင့် ဖော်ပြထားသည်။

နီပေါနှင့် ဘင်္ဂလားဒေ့ရှ်တို့ အပါအဝင် SAARC အဖွဲ့အတွင်းရှိ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ ငါးနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ တင်ပို့သော ကုန်စည်များစွာသည် ၂၀၁၁ ခုနှစ်ကတည်းကပင် SAFTA ကုန်သွယ်ရေးသဘောတူညီချက်အရ အကောက်ခွန်နှုန်းထား သုည ရာခိုင်နှုန်းအထိ သက်သာခွင့်ရရှိခဲ့ကြောင်း သိရှိရသည်။

**နေအေးလွင် (စီးပွားရေးသံမှူး)**



# ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါကြောင့် ဂျပန်နိုင်ငံ၏ ရထားလုပ်ငန်း အရှုံးပေါ်

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါ ဆက်လက် ပြန့်ပွားနေဆဲဖြစ်သဖြင့် ဂျပန်နိုင်ငံအတွင်း ခရီးသွားလာမှုများ လျော့ကျလာသည့်အတွက် နောက်ဆက်တွဲအဖြစ် လုပ်ငန်းအရှုံးပေါ်နေမှုနှင့်ဂျပန်ရထားကုမ္ပဏီများ ရင်ဆိုင်နေကြရသည်။

၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ဂျပန်ရထားကုမ္ပဏီများသည် အမေရိကန်ဒေါ်လာ ၁၃ ဘီလီယံကျော် စုစုပေါင်းအသားတင် ဆုံးရှုံးခဲ့ပါသည်။ ဂျပန်နိုင်ငံ၏(JR)မီးရထားလုပ်ငန်း ခြောက်ခုနှင့် အခြားကုမ္ပဏီအုပ်စု ၁၅ ခုတို့သည် ၂၀၂၁ ခုနှစ် မတ်လတွင် ကုန်ဆုံးခဲ့သည့် ၂၀၂၀ ဘဏ္ဍာနှစ်အတွက် လုပ်ငန်းဝင်ငွေတွေများ ထုတ်ပြန်ခဲ့ကြရာ လုပ်ငန်းအုပ်စုအားလုံး အရှုံးပေါ်ခဲ့ကြကြောင်း သိရသည်။

JR East ကုမ္ပဏီသည် အမေရိကန်ဒေါ်လာ ၅ ဒသမ ၃ ဘီလီယံခန့် အရှုံးပေါ်ခဲ့ကြောင်း၊ JR West သည် အမေရိကန် ဒေါ်လာ နှစ်ဘီလီယံကျော်နှင့် JR Tokai သည် အမေရိကန်ဒေါ်လာ ၁ ဒသမ၈ ဘီလီယံ စသည်ဖြင့် အသီးသီးအရှုံးပြခဲ့သည်။

အလားတူ Seibu Holdings ကုမ္ပဏီအုပ်စုမှ အမေရိကန်ဒေါ်လာသန်း ၆၆၀ ခန့် ဆုံးရှုံးခဲ့ရကြောင်း၊ Kintetsu Group Holdings ကုမ္ပဏီအုပ်စုသည် အမေရိကန်ဒေါ်လာသန်း ၅၅၀ ခန့်နှင့် Tokyu ကုမ္ပဏီအနေဖြင့် အမေရိကန်ဒေါ်လာ သန်း ၅၀၀ ခန့် အရှုံးပေါ်ခဲ့ကြောင်း ထုတ်ပြန်ခဲ့ကြသည်။

ကူးစက်ရောဂါ ပြန့်ပွားနေမှုကြောင့် ပြည်သူအများ နေအိမ်တွင် နေထိုင်ချိန် ပိုများပြားလာသည့်အတွက် ခရီးသွားသူအရေအတွက်လည်း သိသိသာသာ ကျဆင်းခဲ့သည်။

အဆိုပါ အခြေအနေများကြောင့် ရထားလုပ်ငန်း ဆောင်ရွက်သည့် ကုမ္ပဏီများ၊ တည်းခို နေထိုင်မှုလုပ်ငန်းများနှင့်အခြားဆက်စပ်သည့်ဝန်ဆောင်မှုစီးပွားရေးလုပ်ငန်းများအပေါ် များစွာ သက်ရောက်မှုရှိခဲ့သည်။

**နန္ဒာဝင်း(စီးပွားရေးသံမှူး)**
**မြန်မာသံရုံး၊ တိုကျိုမြို့။**

# အမေရိကန်နိုင်ငံ၏ အားလပ်ရက်ရုံးပိတ်ချိန်တွင် ချီကာဂိုစတော့ဈေးကွက် ပိတ်ထားခဲ့သဖြင့် ဘရာဇီးဈေးကွက်တွင် ပဲပုပ်စေ့များ အရောင်းအဝယ်အေးလျက်ရှိ

မေ ၃၁ ရက်**(တနင်္လာနေ့)**သည် အမေရိကန်နိုင်ငံ၏ အောက်မေ့ဖွယ်နေ့ အထိမ်းအမှတ် ရုံးပိတ်ရက်ဖြစ်သဖြင့် ချီကာဂိုစတော့ဈေးကွက်ပိတ်ထားခဲ့ပြီး အရောင်းအဝယ်များ ရပ်နားထားခဲ့သည်။ ထို့ကြောင့် ဘရာဇီးနိုင်ငံ၏ သီးနှံဈေးကွက်များတွင်လည်း ပဲပုပ်စေ့များ အရောင်းအဝယ်အေးခဲ့ကာ ဈေးနှုန်းကျဆင်းမှုများလည်းရှိခဲ့ကြောင်း လယ်ယာထွက်ကုန်ရောင်းဝယ်ရေး အကြံပေးကုမ္ပဏီ Safrasက သတင်းဌာနသို့ ပြောကြားခဲ့သည်။

Passo Fundo (RS) ဈေးကွက်တွင် ပဲပုပ်စေ့ ၆၀ ကီလိုတစ်အိတ်လျှင် ဘရာဇီးဟဲရာ ၁၇၀ ဒသမ ၅၀ မှ ၁၆၈ သို့လည်းကောင်း၊ Missions Region ဈေးကွက်တွင် ဟဲရာ ၁၆၉ ဒသမ ၅၀ မှ ၁၆၇သို့လည်းကောင်း၊ Rio Grande ဈေးကွက်တွင် ၁၇၂ ဒသမ၅၀ မှ ၁၇၁ ဒသမ၅၀ သို့လည်းကောင်း ဈေးနှုန်းများ အသီးသီး ကျဆင်းခဲ့ကြောင်း ကုမ္ပဏီက ပြောကြားခဲ့သည်။

Paraná ပြည်နယ်၊ Cascavel ဈေးကွက်တွင် ပဲပုပ်စေ့ တစ်အိတ်လျှင် ဘရာဇီးဟဲရာ ၁၆၉ ဖြင့် ဈေးနှုန်းများ တည်ငြိမ်ခဲ့ပြီး Paranaguá (PR) ဈေးကွက်တွင် ပဲပုပ်စေ့ တစ်အိတ်လျှင် ဟဲရာ ၁၇၃ မှ ၁၇၂ သို့ ဈေးနှုန်းကျဆင်းကာ အရောင်းအဝယ်များ ဖြစ်ပေါ်ခဲ့ကြောင်း အကြံပေးကုမ္ပဏီက ပြောကြားခဲ့သည်။

၆၀ ကီလိုဂရမ်အလေးချိန်ရှိ ပဲပုပ်စေ့တစ်အိတ်တန်ဖိုးသည် Rondonópolis (MT) ဈေးကွက်တွင် ဟဲရာ ၁၆၅ ဒသမ ၅၀ ဖြင့်လည်းကောင်း၊ Dourados (MS)ဈေးကွက်တွင် ဟဲရာ ၁၆၁ ဖြင့်လည်းကောင်း၊ Rio Verde (GO)ဈေးကွက်တွင် ဟဲရာ ၁၆၅ ဖြင့် လည်းကောင်း ဈေးနှုန်းများတည်ငြိမ်စွာဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ကုမ္ပဏီက သတင်းဌာနသို့ ပြောကြားခဲ့သည်။

ဇွန် ၁ ရက်တွင် ချီကာဂိုစတော့ဈေးကွက် ပြန်လည်ဖွင့်လှစ်ချိန်တွင် အမေရိကန်နိုင်ငံ သီးနှံစိုက်ပျိုးရာသီချိန်တွင် ဖြစ်ပေါ်နိုင်သော မိုးလေဝသခန့်မှန်းချက်သတင်းများကြောင့် ဈေးကွက်အပေါ် ရိုက်ခတ်မှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့ပြင် အမေရိကန်စိုက်ပျိုးရေးဌာန (U.S. Department of Agriculture - USDA)၏ ပို့ကုန်စစ်ဆေးရေးနှင့် သီးနှံဖွံ့ဖြိုးတိုးတက်ရေး အပတ်စဉ် အစီရင်ခံစာ သတင်းထုတ်ပြန်ချက်ကလည်း စတော့ဈေးကွက်အပေါ် များစွာအကျိုးသက်ရောက်မှုရှိကြောင်း အကြံပေးကုမ္ပဏီက ပြောကြားခဲ့သည်။

ဘရာဇီးနိုင်ငံအပါအဝင် လက်တင်အမေရိကနိုင်ငံများ၏ သီးနှံဈေးကွက်သည် အမေရိကန်နိုင်ငံရှိ ချီကာဂိုစတော့ဈေးကွက်နှင့် ချိတ်ဆက်နေပြီး စတော့ဈေးကွက်၏ ဈေးကွက်ပေါက်ဈေးများအပေါ် မူတည်၍ အချိန်နှင့်အမျှ ဈေးနှုန်းများပြောင်းလဲလျက်ရှိသည်။ ထို့ပြင် ဘရာဇီးနိုင်ငံ၏ အဓိကသီးနှံများဖြစ်သည့် ပဲပုပ်စေ့၊ ကော်ဖီစေ့နှင့်ကြံ (သကြား)တို့ကို နိုင်ငံတကာသို့တင်ပို့ရန်အတွက် ချီကာဂိုစတော့ဈေးကွက်တွင် ရောင်းဝယ်မှုများ အဓိကပြုလုပ်လျက်ရှိသည်။ ဘရာဇီးနိုင်ငံက ထွက်ရှိသည့် အမဲသားနှင့် သီးနှံများ၏ ပြည်တွင်းနှင့် နိုင်ငံတကာဈေးနှုန်းများ ဖြစ်ပေါ်မှုသည် အာဂျင်တီးနားအပါအဝင် လက်တင်အမေရိကနိုင်ငံများ၊ အမေရိကန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံနှင့် အခြားဈေးကွက်ဝင်နိုင်ငံများ၏ သီးနှံစိုက်ပျိုးရိတ်သိမ်းချိန်များ၌ဖြစ်ပေါ်သည့် ရာသီဥတု အခြေအနေနှင့် စိုက်ပျိုးထုတ်လုပ်မှုတို့အပေါ်တွင် များစွာမူတည်လျက်ရှိနေသည်။

**ထွန်းအောင်ဇော်(စီးပွားရေးသံမှူး)**

# ကိုရိုနာ ကူးစက်ရောဂါ၏ သက်ရောက်မှုကြောင့် ဂျပန်စီးပွားရေး လုပ်ငန်းများ မြို့တော်တိုကျိုမှ ပြောင်းရွှေ့ စွန့်ခွာလာကြ

COVID-19 ကူးစက်ရောဂါပြန့်ပွားမှုကြောင့် ဂျပန်စီးပွားရေး လုပ်ငန်းများသည် နဂိုမူလအနေအထားသို့ ပြန်လည်မရောက်ရှိနိုင်တော့သဖြင့် စီးပွားရေးလုပ်ငန်းအများစုမှာ မြို့တော်တိုကျိုမှ စွန့်ခွာလာကြသည်။

၂၀၂၀ ဘဏ္ဍာနှစ်အတွင်း မြို့တော်တိုကျိုတွင် တည်ရှိသည့် ရုံးချုပ်များမှပြောင်းရွှေ့ခဲ့သည့် ဂျပန်စီးပွားရေးလုပ်ငန်းအရေအတွက်သည် ၂၀၁၉ ဘဏ္ဍာနှစ်က အရေအတွက်ထက် ၂၀ ရာခိုင်နှုန်းကျော် မြင့်တက်လာခဲ့ကြောင်း National Tax Agency က ထုတ်ပြန်ထားသည့် စာရင်းဇယားများအရ သိရသည်။ ကိုရိုနာကူးစက်ရောဂါ ဆက်လက်ပြန့်ပွားမှု၏ သက်ရောက်မှုကြောင့် (အထူးသဖြင့်) ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်နေသည့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသည် အခြားစီရင်စုမြို့တော်များတွင် လုပ်ငန်းခွဲများအဖြစ် ပြောင်းရွှေ့ဆောင်ရွက်ခဲ့မှုများ သိသိသာသာ မြင့်တက်လာခဲ့ကြသည်။

ဒေသတွင်းစက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုအတွက် လူနေမှုအလွှာမျိုးစုံအပေါ် ဆွဲဆောင်နိုင်မည့်လုပ်ငန်းအမျိုးအစားများကို ဖန်တီးပုံဖော်ရန် ဆက်လက်ဆောင်ရွက်သွားသင့်ကြောင်း၊ မြို့တော်တိုကျိုမှ ပြောင်းရွှေ့လာကြသည့် စီးပွားရေးလုပ်ငန်းများအနေဖြင့် ပြောင်းရွှေ့ရုံးစိုက်မည့် နယ်မြို့များရှိ ဒေသခံပြည်သူများအတွက် စီးပွားရေးပြန်လည်နာလန်ထူလာရေးကို မည်သို့မည်ပုံ ဦးစီးဦးဆောင်ပြုနိုင်မည်ဟူသည့်အချက်ကို အဓိကထည့်သွင်းစဉ်းစားသင့်ကြောင်းဟု Waseda Institute ရှိ "Advanced Study and Urban Planning" မှ တွဲဖက်ပါမောက္ခ Shu Yamamura က ထောက်ပြခဲ့သည်။

ဂျပန်နိုင်ငံ၏Corporate Lawအရ ရုံးချုပ်မှ အခြားဒေသများသို့ ပြောင်းရွှေ့လိုသည့် စီးပွားရေးလုပ်ငန်းများအနေဖြင့် မှတ်ပုံတင် ဆောင်ရွက်ရန် လိုအပ်ပါသည်။ စီးပွားရေးလုပ်ငန်းများကို စောင့်ကြပ်စစ်ဆေးနေသည့် အခွန်အေဂျင်စီ၏ အင်တာနက်ဝက်ဘ်ဆိုဒ်ကို အခြေခံကိုးကား၍ Nikkei သတင်းဌာန၏ သုံးသပ်ချက်စစ်တမ်းအရ ၂၀၁၉ ဘဏ္ဍာနှစ်နောက်ပိုင်း မြို့တော်တိုကျိုမှ အခြားစီရင်စုမြို့တော်များသို့ ပြောင်းရွှေ့သွားကြသည့် စီးပွားရေးလုပ်ငန်းအရေအတွက်မှာ လေးသိန်းခန့်ရှိကြောင်း သိရသည်။

တိုကျိုမြို့ရှိ မြို့နယ် ၂၃ မြို့နယ်မှ အခြားနယ်မြို့များသို့ ပြောင်းရွှေ့သွားခဲ့ကြသည့် စီးပွားရေးလုပ်ငန်းများမှာ သိသိသာသာမြင့်တက်ခဲ့ကြောင်း၊ ၂၀၂၀ ဘဏ္ဍာနှစ်ကုန်ခန့်တွင် ပြောင်းရွှေ့သွားခဲ့သည့် စီးပွားရေးလုပ်ငန်းပေါင်း ၆၇၀၀ ခန့် ရှိခဲ့သည်ကို တွေ့ရသည်။ အလားတူ အခြားသော စီရင်စုမြို့တော်များဖြစ်သည့် အိုဆာကာတွင် ၂၃ ရာခိုင်နှုန်းနှင့် နာဂိုယာတွင် ၁၅ ရာခိုင်နှုန်းဖြင့် အခြားနယ်မြို့များသို့ ပြောင်းရွှေ့သွားမှုများ မြင့်တက်လာကြောင်း သိရသည်။

၂၀၂၀ ပြည့်နှစ် ဧပြီလကုန်နောက်ပိုင်း မြို့တော်တိုကျို၏ မြို့နယ် ၂၃ မြို့နယ်မှ စီးပွားရေးလုပ်ငန်းအများစုသည် မြို့တော်အနီးအနားရှိဒေသများတွင် ရုံးခွဲများပြောင်းရွှေ့ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ ကာနာဂါဝါစီရင်စုနှင့်ကပ်လျက်ရှိသည့် ယိုကိုဟားမားမြို့သို့ စီးပွားရေးလုပ်ငန်းပေါင်း ၇၇၀ ပြောင်းရွှေ့ခဲ့ကြကြောင်း၊ ယင်းနောက် ကာနာဂါဝါစီရင်စုရှိ ကာဝါစကီမြို့၊ ဆိုင်းတမစီရင်စုရှိ ဆိုင်းတမမြို့နှင့် ကာဝါဂူချိမြို့တို့သို့ အသီးသီးပြောင်းရွှေ့ခဲ့ကြသည်။

> **ကိုရိုနာဗိုင်းရပ်စ် ကူးစက်ရောဂါ၏ သက်ရောက်မှုကြောင့် လူနေထိုင်မှုနှင့် လုပ်ငန်းဆောင်ရွက်မှုပုံစံများ ပြောင်းလဲလာခြင်း သည် ရုံးခန်းနေရာငှားရမ်းခ မြင့်မားလှသည့် မြို့တော်တိုကျိုတွင် စီးပွားရေးလုပ်ငန်းများ၏ လုပ်ငန်းဆက်လက်လည်ပတ်ဆောင်ရွက် ရန် စိတ်ပါဝင်စားမှုများကို လျော့ကျလာစေသည်။**

ဝန်ထမ်း ၃၀ ခန့်ရှိသော စက်ပစ္စည်းထုတ်လုပ်သည့် စီးပွားရေးလုပ်ငန်းတစ်ခုသည် Telework ဆောင်ရွက်ရန် အဆင်ပြေရုံသာမက ဝန်ထမ်းများ ကားဖြင့် အလွယ်တကူ သွားလာနိုင်သည့် ယိုကိုဟားမားမြို့သို့ပြီးခဲ့သည့် ၂၀၂၀ပြည့်နှစ် အောက်တိုဘာလအတွင်းက ပြောင်းရွှေ့ခဲ့သည်။ မြို့တော်တိုကျို ရှိဘုယတွင်ရှိသည့် တေးဂီတထုတ်လုပ်ရေးကုမ္ပဏီတစ်ခု၏ ရုံးချုပ်သည်လည်း ဆိုင်းတမမြို့သို့ ပြောင်းရွှေ့ခဲ့သည်။ အဆိုပါ တေးဂီတကုမ္ပဏီသည် ၂၀၁၁ ခုနှစ် မတ်လအတွင်း ငလျင်လှုပ်ခတ်ခဲ့သည့်နောက်ပိုင်းမှစ၍ ထိုသို့ပြောင်းရွှေ့ရန် အကြံဖြစ်ပေါ်ခဲ့ ကြောင်း၊ ကိုရိုနာကူးစက်ရောဂါပြန့်ပွားချိန်နောက်ပိုင်းတွင် ထိုအကြံကို လက်တွေ့အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြို့တော်တိုကျိုနှင့်လမ်းပန်းဆက်သွယ်ရေး လွယ်ကူအဆင်ပြေသည့် အိုကီနာဝါစီရင်စုရှိNaha မြို့၊ တိုးချိဂိစီရင်စုရှိUtsunomiya မြို့၊ အီဘာရာခိစီရင်စုရှိ Tsukuba မြို့များကဲ့သို့ အပန်းဖြေရာ ဒေသများသို့ စီးပွားရေးလုပ်ငန်းများ ပြောင်းရွှေ့မှုလည်း မြင့်တက်လာသည်။ ထို့ပြင် အဆိုပါ အပန်းဖြေမြို့များသည် အိုင်တီနည်းပညာကုမ္ပဏီများအတွက် ရေပန်းစားသည့် နေရာတစ်ခုဖြစ်လာသည့်အတွက် ကာနာဂါဝါစီရင်စုရှိ Kamakuraမြို့မှ နည်းပညာကုမ္ပဏီများပါ ပြောင်းရွှေ့လာကြောင်း သိရသည်။

၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ပြောင်းရွှေ့ခဲ့ကြသည့် စီးပွားရေးလုပ်ငန်းများအနက် စီးပွားရေးအကြံပေးလုပ်ငန်းများမှာ အရေအတွက် အများဆုံးဖြစ်ပြီး ၅၇၀ ခန့်ရှိကြောင်း Nikkei သတင်းအေဂျင်စီနှင့် Tokyo Shoko Researchတို့ ပြုလုပ်သည့် စစ်တမ်းများအရ သိရသည်။ ယင်းနောက် ဒုတိယအများဆုံးမှာ ဆော့ဖ်ဝဲလုပ်ငန်းဆောင်ရွက်သည့် စီးပွားရေးလုပ်ငန်းများ ဖြစ်ကြသည်။ online အသုံးပြုဆောင်ရွက်မှုကို တွင်တွင်ကျယ်ကျယ် ဆောင်ရွက်နိုင်သည့် စီးပွားရေးလုပ်ငန်းများမှာ နေရာပြောင်းရွှေ့ရန် ပိုမိုလွယ်ကူသဖြင့် အများဆုံးပြောင်းရွှေ့သွားကြသည်ကို တွေ့ရကြောင်း TOKYO SHOKO RESEARCH, LTD. (TSR) ၏ အကြီးအကဲဖြစ်သူ Mitsuhiro Harada က ပြောကြားခဲ့သည်။

အထူးသဖြင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများမှာ လုပ်ငန်းနေရာ ပြောင်းရွှေ့မှုတွင် ပိုမိုတက်ကြွစွာ ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရသည်။ ပြောင်းရွှေ့သွားကြသည့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း ၁၃၂၈ ခုအနက် ၉၀ ရာခိုင်နှုန်းမှာ အရောင်းတန်ဖိုးပမာဏ ယန်းတစ်ဘီလီယံထက် လျော့နည်းသည့် စီးပွားရေးလုပ်ငန်းများဖြစ်ကြသည်။ အရောင်းတန်ဖိုးပမာဏ ယန်း ၁၀ ဘီလီယံထက်ကျော်လွန်သည့် လျှပ်ကူးပစ္စည်းများ ထုတ်လုပ်သည့် Hirose Electric နှင့် လက်ဖက်ရည်ထုတ်လုပ်သည့် Lupicia ကုမ္ပဏီတို့ အပါအဝင် လုပ်ငန်း ၂၂ ခုမှာလည်း အခြားစီရင်စုများသို့ လုပ်ငန်းရွှေ့ပြောင်းကာ စက်ရုံများတည်ထောင် လည်ပတ်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

စီရင်စုဒေသအစိုးရများသည် ၎င်းတို့၏ဒေသ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်နိုင်မည့် အလားအလာများကို မြော်တွေးကာ အဆိုပါစီးပွားရေးလုပ်ငန်းများ ပြောင်းရွှေ့လာမှုကို ကြိုဆိုခဲ့ကြသည်။ယိုကိုဟားမားမြို့သည် စီးပွားရေးလုပ်ငန်းများအတွက် ဘဏ္ဍာရေး ပံ့ပိုးမှုများမစတင်မီ စီးပွားရေးလုပ်ငန်းတစ်ခုတွင်ထား ရှိရမည့် ဝန်ထမ်းဦးရေကို သတ်မှတ်လျှော့ချသည့် စည်းမျဉ်းတစ်ခုကို ပြီးခဲ့သည့် ဧပြီလအတွင်းက ပြဋ္ဌာန်းခဲ့သည်။ ယိုကိုဟားမားမြို့သို့ ပြောင်းရွှေ့လာသည့်စီးပွားရေးလုပ်ငန်းများအနက် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများမှာ လုပ်ငန်းဆိုင်ရာ ဆုံးဖြတ်ချက်များကို ပိုမိုလျင်မြန်စွာချမှတ်၍ ပြောင်းရွှေ့လာကြသည်ကို တွေ့ရကြောင်း ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဆိုင်းတမမြို့သို့ ပြောင်းရွှေ့ခဲ့သည့် ClearCode ဆော့ဖ်ဝဲကုမ္ပဏီ၏ ညွှန်ကြားရေးမှူးဖြစ်သူ Shinichiro Minami က အိုင်တီကုမ္ပဏီများအတွက် ထောက်ပံ့ပေးသည့် ဘဏ္ဍာရေးပံ့ပိုးမှု အစီအစဉ်နှင့်အကျုံးဝင်စေရန် တိုကျိုမြို့အနောက်ပိုင်းတွင် တည်ရှိသည့် ၎င်းတို့လုပ်ငန်းမှ ဝန်ထမ်းများကို အခြားစီရင်စုမြို့များသို့ လုပ်ငန်းပြောင်းရွှေ့တာဝန်ထမ်းဆောင်စေရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ ClearCode ဆော့ဖ်ဝဲကုမ္ပဏီသည် ဧပြီလအတွင်း မြို့တော်တိုကျိုမှ Tokorozawa မြို့သို့ ပြောင်းရွှေ့သွားခဲ့သည့် ကုမ္ပဏီ ၄၅ ခုတွင် တစ်ခုအပါအဝင်ဖြစ်သည်။

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ရောဂါ၏ သက်ရောက်မှုကြောင့် လူနေထိုင်မှုနှင့် လုပ်ငန်းဆောင်ရွက်မှုပုံစံများ ပြောင်းလဲလာခြင်းသည် ရုံးခန်းနေရာငှားရမ်းခ မြင့်မားလှသည့် မြို့တော်တိုကျိုတွင် စီးပွားရေးလုပ်ငန်းများ၏ လုပ်ငန်းဆက်လက်လည်ပတ်ဆောင်ရွက်ရန် စိတ်ပါဝင်စားမှုများကို လျော့ကျလာစေသည်။ စီရင်စုဒေသအစိုးရများအနေဖြင့် မြို့တော်တိုကျိုမှ ပြောင်းရွှေ့လာကြသည့် စီးပွားရေးလုပ်ငန်းများကို မည်သို့မည်ပုံ ဆွဲဆောင်နိုင်မည်ဟူသည့်အချက်သည် ထိုဒေသအစိုးရများ၏ စီးပွားရေးလုပ်ငန်းများအပေါ် အခွင့်အလမ်းများ ဖန်တီးပေးနိုင်မှုနှင့် အခြားဆက်စပ်သည့် နယ်ပယ်များတွင် ပံ့ပိုးပေးနိုင်မှုအနေအထား စသည်တို့အပေါ်တွင် များစွာမူတည်နေပါသည်။

**နန္ဒာဝင်း(စီးပွားရေးသံမှူး)**

## စံပြ ကြက်မောက်သီး စိုက်ပျိုးရေးဥယျာဉ်ခြံသို့ ကွင်းဆင်းလေ့လာ

သထုံခရိုင်အတွင်း လယ်ယာမြေစီမံခန့်ခွဲမှုဦးစီးဌာန၏စာရင်းများအရ ကြက်မောက်သီး စိုက်ဧက ၄၃၇ ဧက၊ အထွက်နှုန်းမှာ ၈၉၀၀၀ ပိဿာခန့်ရှိကြောင်းသိရသည်။ အဆိုပါ စိုက်ဧကများအနက်မှ သထုံခရိုင် သထုံမြို့ ဈေးမသွယ်ကျေးရွာရှိ စံပြ ကြက်မောက်သီး စိုက်ပျိုးရေး ဥယျာဉ်ခြံသို့ သထုံခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ဧပြီ ၃ ရက်တွင် ကွင်းဆင်းလေ့လာခြင်း ဆောင်ရွက်ခဲ့ရာ ကြက်မောက်သီးဒေသမျိုး နှစ်ဧကခန့် စိုက်ပျိုးထားရှိပြီး အပင်သက်တမ်း ၁၁ နှစ်ခန့်ရှိကြောင်း သိရသည်။ ကြက်မောက်သီးပင်များအား သဘာဝဓာတ်မြေဩဇာများ ဖော်စပ်၍ စနစ်တကျ စိုက်ပျိုးထားပြီး အရည်အသွေးကောင်းသော ကြက်မောက်သီးများ သီးပွင့်ရင့်မှည့်၍ ဒေသတွင်းသို့ စတင်ခူးဆွတ် ရောင်းချလျက်ရှိရာ ဈေးနှုန်းအားဖြင့် အလုံးကြီး တစ်လုံးလျှင် ၈၀ ကျပ်၊ အလုံးလတ် တစ်လုံးလျှင် ၆၀ ကျပ်၊ အလုံးသေး တစ်လုံးလျှင် ၄၀ ကျပ်ဖြင့် ရောင်းချလျက်ရှိကြောင်း ခြံပိုင်ရှင်၏ ပြောပြချက်အရ သိရသည်။ ယခုအချိန်တွင် သထုံခရိုင်အတွင်း၌ ကြက်မောက်သီးများ လှိုင်လှိုင်ပေါ်လျက်ရှိပြီး ဒေသတွင်း စားသုံးရန် ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရှိရသည်။

**ထိန်လင်း(သထုံ)**
**သထုံခရိုင်စားသုံးသူရေးရာဦးစီးဌာန**

# Econ Thaiအနေဖြင့် အလုပ်လက်မဲ့နှုန်း မြင့်တက်လာမည်ကို စိုးရိမ်

ထိုင်းကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းရှင်များအသင်း အလုပ်ရှင်များ အဖွဲ့ချုပ် The Emplors' Confeder-ation of Thai Trade and Industry (Econ Thai)အနေဖြင့် ထိုင်းနိုင်ငံတွင် COVID-19 ကပ်ရောဂါ စတင်ဖြစ်ပွားကတည်းက ထိုင်းနိုင်ငံတွင် အလုပ်လက်မဲ့ဦးရေ ၄ ဒသမ ၃ သန်းသို့ ရောက်ရှိခဲ့ပြီးနောက် အဆိုပါ အလုပ်လက်မဲ့နှုန်းက လူအများ၏ဝယ်ယူနိုင်စွမ်း (Purchasing Power) အပေါ် သက်ရောက်လာမည်ကို စိုးရိမ်လျက်ရှိသည်။

အလုပ်လက်မဲ့ဦးရေဆိုသည်မှာ အလုပ်လုပ်ချိန် (၀-၂၀)နာရီအတွင်း အလုပ်လုပ်သော အလုပ်သမားကို ဆိုလိုခြင်းဖြစ်သည်။ အလုပ်သမားနှင့် ကျန်းမာရေးဝန်ကြီးဌာန၏ အဆိုအရ ၎င်းတို့သည် အလုပ်မရှိကြကြောင်း၊ အဆိုပါအလုပ်လက်မဲ့ဦးရေအား စီးပွားရေးအခြေအနေကို အကဲဖြတ်တိုင်းတာရာတွင် ထည့်သွင်းတိုင်းတာ အသုံးပြုလေ့ရှိကြောင်း သိရှိရသည်။ ယခင်နှစ် ဒီဇင်ဘာလတွင် အလုပ်လက်မဲ့ဦးရေ ၂ ဒသမ ၃သန်းမှနေ၍ ယခုနှစ် မတ်လတွင် ၄ဒသမ၃သန်းသို့ အလုပ်လက်မဲ့ဦးရေ လျင်မြန်စွာ မြင့်တက်လာခဲ့သည်။

အဆိုပါအဖွဲ့အနေဖြင့် ဇွန်လနှင့်ဇူလိုင်လများအတွင်း တိုးပွားလာမည်ဟု မျှော်လင့်ရသော ကိန်းဂဏန်းများကို အနီးကပ် စောင့်ကြည့်လျက်ရှိကြောင်း သိရှိရသည်။ အဆိုပါ အလုပ်လက်မဲ့ဦးရေ ၄ ဒသမ ၃သန်းမှာ ထိုင်းနိုင်ငံတွင် ဖြစ်ပွားခဲ့သော ကူးစက်ပျံ့နှံ့မှု ပထမနှစ်ကြိမ်အတွင်း ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း Econ Thai ၏ ဒုတိယဥက္ကဋ္ဌ Tanit Sorat က ပြောကြားခဲ့သည်။

ဧပြီလတွင် ဖြစ်ပွားခဲ့သော COVID-19 တတိယလှိုင်းသည် အဆိုပါ အလုပ်လက်မဲ့ကိန်းဂဏန်းကို တိုးပွားစေလိမ့်မည်ဟု မျှော်လင့်ရကြောင်း သိရှိရသည်။ အဆိုပါ အလုပ်လက်မဲ့ဦးရေများသည် ကြီးမားသော လုပ်သားအုပ်စုကြီးဖြစ်ပြီး စီးပွားရေးကို ရှေ့သို့တွန်းပို့ရာတွင် အဓိကကျသောအခန်းမှ ပါဝင်နေကြောင်း Mr. Tanit က ပြောကြားခဲ့သည်။

Econ Thai၏ အဆိုအရ ကပ်ရောဂါသည် ထိုင်းအလုပ်သမားများ၏ ဖွဲ့စည်းပုံ(Structure)ကို ပြောင်းလဲစေခဲ့ကြောင်း၊ ခန့်မှန်းခြေအားဖြင့် လုပ်သားတစ်သန်းခန့်မှာ ၎င်းတို့၏နေအိမ်များသို့လယ်ယာလုပ်ငန်းများ ပြန်လည်လုပ်ကိုင်ရန်အတွက် ပြန့်သွားခဲ့ကြကြောင်း သိရှိရသည်။ ထိုင်းအလုပ်သမားဈေးကွက်အပေါ် COVID-19 ၏ အကျိုးသက်ရောက်မှုကို ပိုမိုထွင်းဖောက်မြင်နိုင်စေရန် Econ Thai အနေဖြင့် အလုပ်သမားစာရင်း စစ်ဆေးဆောင်ရွက်မှုအား အမျိုးသားစာရင်းအင်းဌာနနှင့် တွဲဖက်လုပ်ကိုင်လျက်ရှိသည်။ ၂၀၂၁ ခုနှစ်တွင် အိမ်နီးချင်းနိုင်ငံများမှ ရွှေ့ပြောင်းအလုပ်သမားများ အပါအဝင် ထိုင်းနိုင်ငံ၌ အလုပ်သမား အရေအတွက်မှာ ယခင်နှစ်က ၃၈ ဒသမ ၉ သန်း ရှိခဲ့ ရာမှ ယခုနှစ်တွင် ၃၇ ဒသမ ၆ သန်းသို့ လျော့နည်းသွားခဲ့ကြောင်း သိရှိရသည်။ ယခုနှစ် ဇန်နဝါရီလမှ မတ်လအထိ အလုပ်လက်မဲ့နှုန်းမှာ ယခင်နှစ် ကာလတူတွင် ၁ ဒသမ ၁ ရာခိုင်နှုန်း ရှိခဲ့ရာမှနေ၍ ၂ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့ကြောင်း သိရှိရသည်။

ကပ်ရောဂါကာလအတွင်း အလုပ်လက်မဲ့နှုန်း အမြင့်ဆုံးမှာ ယခင် နှစ်စက်တင်ဘာလမှ အောက်တိုဘာလအတွင်းဖြစ်ပြီး ၎င်းမှာတိုင်းပြည်အတွင်း ပထမဆုံးကပ်ရောဂါ စတင်ဖြစ်ပွားပြီးနောက် ပိတ်ဆို့တားဆီးမှု Lockdown အစီအမံများ၏ အကျိုးသက်ရောက်မှုများကြောင့်ဖြစ်ကြောင်း Econ Thai က ပြောကြားခဲ့သည်။ အမျိုးသားစီးပွားရေးနှင့်လူမှုဖွံ့ဖြိုးတိုးတက်ရေးကောင်စီ National Economic and Social Development Council (NESDC)၏ အဆိုအရ COVID-19 ကြောင့် အလုပ်လက်မဲ့ဖြစ်ရသော အလုပ်သမားများသည် ရေရှည်အလုပ်လက်မဲ့ဖြစ်ဖွယ်ရှိနေကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် ကပ်ရောဂါ စတင်ဖြစ်ပွားသည်မှစ၍ အလုပ်မှထုတ်ပယ်ခြင်းခံလိုက်ရသော တရားဝင်အလုပ်သမားများသည် တရားမဝင် အလုပ်သမားများဖြစ်လာကြောင်း၊ ၎င်းတို့အတွက် မည်သည့်ဘေးကင်းလုံခြုံမှု အစီအစဉ်ဖြင့် မကာကွယ်ထားသကဲ့သို့ လူမှုဖူလုံရေးအကျိုးကိုလည်း ခံစားရမှုကင်းမဲ့နေသောအုပ်စုများဖြစ်နေကြောင်း သိရှိရသည်။

**လွင်မျိုးဇော်(စီးပွားရေးသံမှူး)**
**မြန်မာသံရုံး၊ဗန်ကောက်မြို့။**

## ယခုတစ်ပတ် နယ်စပ်လမ်းကြောင်းမှ ဆန်နှင့်ဆန်ကွဲ တန်ချိန် ခုနစ်ထောင်ကျော် တင်ပို့

၂၀၂၁ ခုနှစ် မေလ နောက်ဆုံးပတ်တွင် မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဆန်တင်ပို့မှုမှာ ၂၇ တန်သာရှိသဖြင့် သိသာစွာ ကျဆင်းခဲ့သည်ကို သိရှိရသည်။

လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ဆန်တန်ချိန် ၁၂၆၀ ကျော်နှင့် ချင်းရွှေ ဟော်ကုန်သွယ်ရေးစခန်းမှ ဆန်တန်ချိန် ၃၃၀ကျော်၊ စုစုပေါင်းတန်ချိန် ၁၆၂၀ ခန့်တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၆၃၅ သန်းကျော်တင်ပို့ခဲ့ ကြောင်း သိရသည်။

ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် လွယ်ဂျယ်နှင့် ချင်းရွှေဟော်စခန်းများမှ ပိုမိုတင်ပို့ခဲ့သောကြောင့် ဆန်တန်ချိန် ၉၅၀ ကျော် ပိုမိုခဲ့သည်။

ယခုတစ်ပတ် နယ်စပ်ကုန် သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၂၈ သန်း တန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၅၆၀၀ ကျော်တင်ပို့ခဲ့ကြောင်း သိရသည်။

တင်ပို့မှုအနေဖြင့် မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဆန်ကွဲတန်ချိန် ၂၂၀၀ကျော်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ဆန်ကွဲတန် ချိန် ၂၀၀၀ ခန့်နှင့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ဆန်ကွဲတန်ချိန် ၁၄၀၀ခန့် တင်ပို့နိုင်ခဲ့ပါသည်။ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဆန်ကွဲတန်ချိန် ၄၇၅၀ ကျော် လျော့နည်းတင်ပို့ခဲ့သည်။

ယခုတစ်ပတ် နယ်စပ်လမ်းကြောင်းမှ ပြည်ပသို့ ဆန်နှင့်ဆန်ကွဲ တန်ချိန် ၇၂၂၀ ကျော် တင်ပို့ခဲ့ကြောင်း သိရသည်။

**အေးအေးသန့်**

# tnma'o,Oefaus;rItxifu&xkwfukef

အညာဟုဆိုသည်နှင့် ပုဂံညောင်ဦးဒေသကို လူတိုင်း ပြေးမြင်မိကြမည်ထင်ပါသည်။ စေတီပုထိုးများနှင့် ပထမမြန်မာနိုင်ငံတော်ကြီးတွင် ယဉ်ကျေးမှု ကုန်စည်အဖြစ် ပုန်းရည်ကြီးလုပ်ငန်းနှင့် ယွန်းထည်လုပ်ငန်းတို့ကို အထင်ရှားဆုံးတွေ့ရမည်ဖြစ်သည်။ ပုဂံညောင်ဦးဒေသတွင် ပုန်းရည်ကြီးလုပ်ငန်းသည် ရှေးမှုမပျက် မိရိုးဖလာလုပ်ငန်းတစ်ခုပင် ဖြစ်သည်။ ဘုရားဖူးအပြန်လက်ဆောင်အဖြစ်လည်းကောင်း၊ အသင့်သုံးစားသောက်ကုန်တစ်ခုအဖြစ်လည်းကောင်း၊ ရောင်းဝယ်ဖောက်ကား လျက်ရှိသော ပုန်းရည်ကြီးသည် အရသာရှိသော အိမ်ရှင်မတို့လက်စွဲဒေသထွက်ကုန်တစ်ခုပင်ဖြစ်သည်။

ယခုအခါ ပုန်းရည်ကြီးလုပ်ငန်းရှင်များသည် ကုန်အမှတ်တံဆိပ်မျိုးစုံဖြင့် ထုတ်လုပ်ရောင်းချလျက်ရှိသည်။ ပုန်းရည်ကြီးလုပ်ငန်းရှင်များသည် ယခင် ကိုဗစ်ကာလမတိုင်မီ ခရီးသွားဧည့်သည် ဝင်ရောက်မှုများပြားသည့်ကာလတွင် တစ်ရက်လျှင် ပျမ်းမျှ ပိဿာ ၄၅၀ ခန့် ထုတ်လုပ်နိုင်ခဲ့သည်။ ယခုမူ ဈေးကွက်တွင် နာမည်ရရှိပြီးသော လုပ်ငန်းရှင်တစ်ဦးလျှင်ပင် ပုန်းရည်ကြီး ပိဿာချိန် တစ်ရက်လျှင် ပျမ်းမျှပိဿာ ၁၅၀ ခန့်သာ ထုတ်လုပ်နိုင်တော့ကြောင်း သိရသည်။ ထိုသို့ ထုတ်လုပ်မှု ပမာဏကျဆင်းနေသော်လည်း ဈေးကွက်အတွင်းရှိ ပုန်းရည်ကြီးဈေးနှုန်းမှာ ပြောင်းလဲခြင်းမရှိဘဲ အထုပ်သေး ၁၀ ထုပ်ပါ တစ်ပါကင်လျှင် နာမည်ရရှိပြီး ကုန်အမှတ်တံဆိပ်အပေါ် မူတည်၍ ဈေးနှုန်း ကျပ် ၁၀၀၀ မှ ၁၂၀၀အထိသာ အသီးသီး ရောင်းချလျက်ရှိသည်။

ယခုကာလတွင် ခရီးသွားဧည့်သည် လာရောက်မှု အလွန်နည်းပါးလျက်ရှိသဖြင့် ကုန်ထုတ်လုပ်မှုကာလအခြေအနေပေါ် မူတည်၍ချိန်ဆ ထုတ်လုပ်လျက်ရှိသည်ကို တွေ့မြင်ရသည်။ သို့သော်လည်း ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ မကွေး၊ တောင်ကြီး၊ ပဲခူး၊ ရေနံချောင်း၊ ပခုက္ကူ စသည့် မြို့များသို့ ပုန်းရည်ကြီး ဖြန့်ချိ တင်ပို့ရောင်းချရမှုမှာ ပုံမှန်အတိုင်းရှိကြောင်း သိရသည်။

ယနေ့ခေတ်သည် ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ ပုန်းရည်ကြီးလုပ်ငန်းရှင်များသည် မိမိတို့၏ကုန်ပစ္စည်းကို အရည်အသွေးကောင်းမွန်လာစေရန် ကုန်ထုတ်လုပ်မှုကဏ္ဍကို မြှင့်တင်လာသည်ကိုမြင်တွေ့ရသည်မှာဝမ်းမြောက်ဖွယ်ဖြစ်သည်။ ကုန်ထုတ်လုပ်မှုသည် ယခင်ကထက် ပိုမိုအရည်အသွေးပြည့်ဝလာသည့်အပြင် နိုင်ငံတော်က သတ်မှတ်သည့် စံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်လာနိုင်ပြီဖြစ်သည်။ ဤသည်မှာ ကျန်းမာရေးနှင့်ညီညွတ်သည့်အပြင် စိတ်ချယုံကြည်ရသည့် ပြည်တွင်းကုန်သွယ်မှုမှတစ်ဆင့် ပြည်ပကုန်သွယ်မှုသို့ အရောက်လှမ်းနိုင်မည့် ခြေလှမ်းသစ်ဟု ယူဆနိုင်ပါသည်။ နိုင်ငံခြား၊ ခရီးသွား၊ လုပ်ငန်းများနှင့်ဆက်စပ်ပြီး လုပ်ဆောင်မည်ဆိုပါက လွယ်ကူလျင်မြန်စေမည့်အပြင် မိမိနိုင်ငံ၏ ပြည်ပဝင်ငွေကို တိုးတက်အောင်ဆောင်ရွက်နိုင်မည့် မိရိုးဖလာ ယဉ်ကျေးမှု ကုန်စည်တစ်ခုဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ **နိုင်ဇင်ဝေ(မြင်းခြံ)**

## သဇင်မြေကုန်သွယ်မှုဗဟိုဌာန၏ ကုန်သွယ်မှုအခြေအနေ

၂၀၂၁ ခုနှစ် မေ ၂၂ ရက် မှ ၂၈ ရက်အထိ ရခိုင်ပြည်နယ် စစ်တွေမြို့ ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ကြက်သွန်နီ ၃၄၉ တန် တင်ပို့ခဲ့သည်။

ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေကုန်သွယ်ရေးစခန်းမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ မေ ၂၂ ရက်မှ ဩဂုတ် ၂၈ ရက်အထိ အမှန်တင်ပို့ကုန်ပစ္စည်းများအနေဖြင့် ဆီးသီးခြောက်၊ ဆီးဖတ်၊ ငါးစုံလေးခြောက်၊ ကြိမ်၊ နွား(အရှင်)၊ မန်ကျည်းဖတ်(အစေ့ပါ)၊ မန်းကျည်းစေ့ပါ၊ ကြက်သွန်နီ၊ ဆီးယိုထုပ်နှင့်ငါးမြစ်ချင်းတို့တင်ပို့ရာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၄၆၈၆ ဒသမ ၂၅ ဒေါ်လာ တင်ပို့ခဲ့ကြောင်း သိရသည်။

**နီလာ(သဇင်မြေကုန်သွယ်မှုဗဟိုဌာန)**

**စာမျက်နှာ (၂၂) ကျင်းကျိုးကုန်စည်ပြပွဲ . . . မှအဆက်**

## jycefrsm;|unfh|cif

နံနက် ၁၀နာရီတွင်စတင်၍ ပြခန်းများကို လှည့်လည် ကြည့်ရှုကြသည်။ ပြခန်းများမှာ အထပ်နှစ်ထပ်တွင် ပြခန်းများ ဆောက်လုပ်ထားသည်။ မြေညီထပ်ဟောခန်း(အေ)သို့ စတင်ဝင်ရောက်ကြည့်ရှုကြပါသည်။ Hall A တွင် 1A, 1B ဟူ၍ နှစ်ခြမ်းခွဲထားသည်။ 1A အတန်းတွင် အာဆီယံဒေသတွင်း နိုင်ငံများမှထွက်ကုန်များ၊ မြောက်ကိုးရီးယားနိုင်ငံမှထွက်ကုန်များ၊ ထိုင်းနိုင်ငံမှထွက်ကုန်များနှင့် တိုင်ဝမ်နိုင်ငံမှ ထွက်ကုန်များကို ပြသထား၏။1B အတန်းတွင် ကျင်းကျိုးနှင့်တရုတ်နိုင်ငံတွင်းရှိ ဒေသထွက်ကုန်များ၊ တရုတ်နိုင်ငံအတွင်းကျင့်သုံးလျက်ပြည်တွင်း၊ ပြည်ပအာမခံကိစ္စရပ်များ၊ ပညာရေးဆိုင်ရာ အခွင့်အလမ်းများ၊ အွန်လိုင်းစီးပွားရေးလုပ်ငန်းများ (E.Commerce) ဥရောပ၊ အမေရိကန်ထွက်ကုန်ပစ္စည်းများနှင့် တောင်ကိုးရီးယားနိုင်ငံထွက်ကုန်ပစ္စည်းများကို ခင်းကျင်းပြသထားသည်ကို တွေ့ခဲ့ရသည်။ မိမိတို့နိုင်ငံမှ ကျောက်မျက်ရတနာဆိုင်ခန်းများမှာ 1A အတန်းတွင် ခင်းကျင်းထားသည်ကို တွေ့ရသည်။ ဒုတိယထပ်တွင် 2A(2B/2C/2D)တို့ ပါဝင်သော အတန်းနှင့် 2E(2F)တို့ပါဝင်သော အတန်းများ ခင်းကျင်းထားသည်။ 2A(2B/2C/2D) အတန်းတွင် အိမ်ခြံမြေနှင့် စီမံကိန်းလုပ်ငန်းများ အကျိုးဆောင်လုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းနှင့်ပတ်သက်သော ထုတ်လုပ်ဖြန့်ချိရေးလုပ်ငန်းများ၊ မီးဖိုချောင်သုံးပစ္စည်းများနှင့် အလှဆင်မွမ်းမံပစ္စည်းများ၊ အလှဆင် ကြွေထည်ပစ္စည်းများ ကြွေထည်လက်မှုပညာပစ္စည်းများ၊ လက်ဖက်ခြောက်ထုတ်လုပ်ပုံအဆင့်ဆင့်၊ လက်ဖက်ရည်အိုး၊ လက်ဖက်ပန်းကန်ဆက်များ၊ တိုက်ခန်းများ၊ အာမခံလုပ်ငန်း၊ ဆေးဝါးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးစင်တာ၊ ဝန်ဆောင်မှုပေးသော အဖွဲ့အစည်းများနှင့် ခရီးသွားလုပ်ငန်းများ၊ ငါးမျှားတန်၊ ငါးမျှားပိုက်များနှင့်ဆက်စပ်ပစ္စည်းများကိုပါ ခင်းကျင်းပြသထားသည်။

## jycef t rsdK;tpm;EStZGJtrsm;uk dvh vmjcif

ပြခန်းများလှည့်လည်ကြည့်ရှုပြီးသည့်နောက် စာရေးသူသည် မိမိတို့ မြန်မာပြခန်းများရှိရာ ခန်းမ(A)သို့ ထွက်လာခဲ့သည်။ မြန်မာပြခန်းများထားရှိသော ပြခန်းများမှာ International Standard Size များဖြစ်သည်။ International Standard Size ဆိုသည်မှာ တရုတ်နိုင်ငံတွင် တော့ 3mx3mကိုခေါ်သည်။ အလျား ကိုးပေ၊ အနံ ကိုးပေ၊အမြင့် ခုနစ်ပေခွဲ အရွယ်များဖြစ်သည်။ မြန်မာပြခန်းကိုမူ လေးခန်းဆက်၍ နိုင်ငံကိုယ်စားပြုခန်းမ(Parvilion)အဖြစ် လုပ်ပေးထားသည်။ ပြပွဲရှိ ပြခန်းအများဆုံးမှာ ၃×၃ စတုရန်းမီတာပြခန်းများကို နှစ်ခန်းတွဲ၊ သုံးခန်းတွဲ ဆက်လျက်ဆောက်လုပ်ထားကြသည်ကို တွေ့ရသည်။ စားသောက်ကုန်နှင့် အဝတ်အထည်တန်းတို့မှာ ပြခန်းဒီဇိုင်းကို အဓိကမထားဘဲ အခန်းအကျယ်ကို ဦးစားပေးဖွင့်လှစ်ထားသည်ကို တွေ့ရသည်။ အပေါ်ထပ်ရှိ Exhibition Stall များမှာ ဒီဇိုင်းလှလှကလေးများဖြင့် ဆောက်လုပ်ထားသည်ကို တွေ့ရသည်။ ပြခန်းရော ဒီဇိုင်းခပါ သေးလှမည်မထင်။

## pD;yGm;a&;zdk&rfwuf&mujcif

China(Zhengzhou)International Economic and Trade Cooperatio BBS & Zhengzhou E.Commerce Forumကို နံနက် ၁၀နာရီမှ ၁၂နာရီအထိ တစ်ကြိမ်၊ BRI International Economic & Trade and Dialogue on Business Oppourtunities Forum ကို မွန်းလွဲ ၂နာရီခွဲမှ ညနေ ၄နာရီအထိ တစ်ကြိမ် ဆက်လက်ကျင်းပခဲ့သည်။ မိမိမှာ နေ့လယ်တစ်ကြိမ် အချိန်ပြည့်ဝင်တက်ခဲ့သည်။ တရုတ်လို ပြောကြသည်က များသည်။ ဘာသာပြန်စက် (Language Translator)ကလေးများ ထားပေးသည်။ ပြပွဲကြီးကို တရုတ်ပြည်မကြီးအား ပြည်တွင်း၊ ပြည်ပဈေးကွက်များနှင့် ထိတွေ့စေရန် တံခါးပေါက်ကြီးအဖြစ် ကျင်းပခြင်းဖြစ်သလို ဟေနန်လွပ်လပ်သောကုန်သွယ်မှုဇုန်ကြီးကို ဖွံ့ဖြိုးတိုးတက်စေရန် များစွာအထောက်အကူပြုရန်ရည်ရွယ်၍ ကျင်းပြုခြင်းဖြစ်ကြောင်း၊ ပြည်တွင်းနှင့်ပြည်ပမှ စီးပွားရေးပညာရှင်များအား ဖိတ်ခေါ်ကာ တရုတ်ပြည်ပိုးလမ်းမကြီးလေးခု စီမံကိန်းတို့တွင် အကောင်အထည်ဖော် ဆောင်ရွက်နေပုံတို့ကို ရှင်းလင်းဆွေးနွေးစေခြင်း၊ ကျင်းကျိုးအပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဆိပ်ကမ်းနှင့်နယ်စပ် ဒေသကုန်သွယ်မှုလမ်းကြောင်းများ တိုးချဲ့လုပ်ကိုင်နေမှုအကြောင်း စုံနေအောင် ဟောကြပြောကြပါသည်။ နောက်ဆုံးမှတ်မိသည်မှာ ဟေနန်ပြည်နယ် ကျင်းကျိုးကုန်စည်ပြပွဲ တံခါးပေါက်ကြီးမှတစ်ဆင့် ဥရောပနှင့် တရုတ်ဆက်သွယ်ထားသော အမြန်ရထားစီမံကိန်းတို့ကို အကျယ်တဝင့် ရှင်းလင်းကြသည်။ ကုန်စည်ပြပွဲကြီး၏ အဓိကရည်ရွယ်ချက်မှာ ပြပွဲ+ ထောက်ပံ့ပို့ဆောင်ရေး+ကုန်သွယ်ရေး(Exhibition+Logistics+Trade) ပလက်ဖောင်းကြီးကို တည်ဆောက်နေခြင်းဖြစ်ကြောင်း သဘောပေါက်လိုက်သည်။

## u if;u sd;ejy fcdk;D

ပွဲပြီးအောင် နေချင်သော်လည်း CABC မှ စီစဉ်ပေးထားသည့် ခရီးစဉ်ရက်အတွင်းသာ နေခဲ့ရသည်။ China Eatern Airline လေယာဉ်ကြီးမှာ ကျင်းကျိုးလေဆိပ်မှ ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ထွက်မည်ဟုဆိုသဖြင့် နံနက် ၄ နာရီကတည်းက အိပ်ရာမှထရသည်။ ဟိုတယ်ရောက်ချိန်တွင် လိုက်ပို့မည့် မော်တော်ယာဉ် ရပ်ထားသည်ကိုတွေ့ရပြီး လိုက်ပို့မည့်ဧည့်လမ်းညွှန်မကလေး Ms Kayleigh မရောက်သေးသဖြင့် လေဆိပ်နောက်ကျမည်စိုးလာသည်။ ခဏကြာတော့ လမ်းတွင်စားရန်အတွက် ဟိုတယ်က နံနက်စာ သစ်သီးနှင့် ပေါင်မုန့်ကလေးများ ပလတ်စတစ်ဘူးကလေးကိုင်ကာ ဟိုတယ်တွင်းမှ ထွက်လာသည်။ Ms Keyleigh မှာ မိမိနှင့် ဟိုတယ်တစ်ခုတည်း တည်းခိုသည်ဖြစ်ပြီး မိမိထက်စော၍ နံနက် ၃ နာရီကတည်းက မီးဖိုခန်းတွင် နံနက်စာစီစဉ်ပေးနေကြောင်း သိရသည်။ ဪ သူတို့ကလေးတွေကြတော့လည်း ဘယ်လို Training တွေပေးထားသလဲဆိုတာ စဉ်းစားရင်း ကျင်းကျိုးလေဆိပ်ကြီးကို နံနက် ၆နာရီခွဲတွင် ရောက်ရှိလာပါတော့သည်။ ကျင်းကျိုးလေဆိပ်ကြီးကလည်း ခမ်းနားပါဘိ။ လာတုန်းက ညဘက်ဆိုတော့ သေသေချာချာ ကြည့်ခွင့်မရလိုက်ပါ။

## ed*k;csKyf

ကျင်းကျိုးအမျိုးသားကုန်စည်ပြပွဲကို တက်ရောက်ခြင်းဖြင့် တရုတ်ပြည်ကြီး၏ စီးပွားရေးပေါ်လစီများ၊ အထူးသဖြင့် ကျင်းကျိုး-ဘာလင်ခရီးစဉ်၊ ကျင်းကျိုး-မော်စကိုခရီးစဉ်တွေပင် ပြေးဆွဲကာ ပြပွဲ+ ထောက်ပံ့ပို့ဆောင်ရေး+ကုန်သွယ်ရေး(Exhibition + Logistics + Trade) ပလက်ဖောင်းကြီးကို လက်တွေ့လုပ်ကိုင်နေပြီဆိုတာ လေဆိပ်ရှိ လေယာဉ်ခရီးစဉ်မော်နီတာ (FlightBoardScreen)တွင် တွေ့မြင်ခဲ့ရသည်။ တရုတ်ပြည်ကြီး၏ အနောက်ဘက်တံခါးပေါက်ကြီးကို တကယ်ပင် ဖွင့်လှစ်လိုက်ပါရောလားလို့ အောက်မေ့မိသည်။ ကျင်းကျိုးမှ နံနက်၉ နာရီထွက်လာသော လေယာဉ်သည် ကူမင်းလေဆိပ်သို့ နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် ရောက်ရှိသည်။ ကူမင်းဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် ထွက်ခွာလာရာ ရန်ကုန်ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ကြီးသို့ ချောမောစွာပြန်လည်ရောက်ရှိခဲ့ပါသည်။

---

## ပြည်တွင်းငွေလဲနှုန်း အနည်းငယ်ကျဆင်း

ပြည်တွင်းငွေလဲနှုန်းမှာ လက်ရှိတွင် အနည်းငယ် ပြန်လည်ကျဆင်းလာကြောင်း ဈေးကွက်အတွင်းမှ သိရသည်။ ယခင်က အဆိုပါ ငွေလဲနှုန်းမှာ ကျပ် ၁၆၀၀ ဝန်းကျင်တွင် ရှိနေခဲ့သော်လည်း ယခု ကျပ် ၁၅၀၀ ဝန်းကျင်သို့ အနည်းငယ် ပြန်လည် ကျဆင်းနေခြင်းဖြစ်သည်။ ယင်းအပြင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ကလည်း အမေရိကန်ဒေါ်လာ သုံးသန်းကို ကျပ် ၁၅၈၀ နှုန်းဖြင့် ပြီးခဲ့သည့် မေ ၂၈ ရက်က ခြောက်ကြိမ်မြောက် ရောင်းချခဲ့ပြီး စုစုပေါင်း ဒေါ်လာ ၂၄ သန်းအထိ ရောင်းချထားပြီးဖြစ်ကြောင်း သိရသည်။

လက်ရှိပြည်တွင်းငွေလဲနှုန်းမှာ ဇွန် ၂ ရက်က အမေရိကန် တစ်ဒေါ်လာရောင်းဈေး ၁၅၆၈ ကျပ်၊ ဝယ်ဈေး ၁၅၅၇ ကျပ်ရှိခဲ့ကာ ဇွန် ၃ ရက်တွင် အမေရိကန် တစ်ဒေါ်လာရောင်းဈေး ကျပ် ၁၅၈၀၊ ဝယ်ဈေး ၁၅၆၇ ကျပ်၊ ဇွန် ၄ ရက်တွင် အမေရိကန် တစ်ဒေါ်လာရောင်းဈေး ၁၅၈၅ ကျပ်၊ ဝယ်ဈေးကျပ် ၁၅၇၀ ရှိကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

**ပန်းဆု**

---


**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

(၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) ဖုန်း-၀၁ ၂၅၄၀၂၄ ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com

(၂) Myanmar-EU Trade Help Desk ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ အီးမေးလ်- mmeu.tradehelpdesk@gmail.com


---

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC)**
**စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ**

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | ဓမ္မစေတီလမ်း၊ အမှတ်(၅)ကျောင်းရှေ့ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

**စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ**

# ပိုးသတ်ဆေးကြွင်းဆိုင်ရာ သတ်မှတ်ချက်များက အနောက်အာရှဒေသသို့ အိန္ဒိယ၏ ဘာစမာတီဆန် တင်ပို့မှုကို ထိခိုက်စေဖွယ်ရှိ

အနောက်အာရှဒေသရှိ အိုမန်၊ ဂျော်ဒန်၊ ဆော်ဒီအာရေးဗီးယား၊ အာရပ်စော်ဘွားများပြည်ထောင်စုနှင့် အီဂျစ်နိုင်ငံတို့သည် လယ်ယာထွက်ကုန်များ တင်သွင်းရာ၌ ပိုးသတ်ဆေးကြွင်းဆိုင်ရာ သတ်မှတ်ချက်များအား ဥရောပသမဂ္ဂနိုင်ငံများနှင့် အဆင့်တူညီစွာ ပြဋ္ဌာန်းခဲ့ကြရာ အိန္ဒိယ၏ အဆိုပါနိုင်ငံများသို့ ဘာစမာတီဆန်များ တင်ပို့နေမှုအပေါ် ထိခိုက်သက်ရောက်မှုများ ဖြစ်ပေါ်လာဖွယ်ရှိနေသည်။

ဥရောပသမဂ္ဂ(EU)အဖွဲ့ဝင်နိုင်ငံများတွင် ဆန်၌ ပိုးသတ်ဆေးကြွင်းပါဝင်မှု သတ်မှတ်ချက်အား အဆင့်မြင့်တင်ခဲ့သည့် ၂၀၁၇ ခုနှစ်နောက်ပိုင်းမှစ၍ အိန္ဒိယနိုင်ငံ၏ ပရီမီယံအရည် အသွေးအဆင့် ဘာစမာတီဆန်များအား EU သို့ တင်ပို့မှုမှာ ကျဆင်းလျက်ရှိသည်။

လက်ရှိကာလ၌ ရူပီးငွေကုဋေ ၃၀၀၀၀ (အမေရိကန်ဒေါ်လာ ၄ ဒသမ ၁ ဘီလီယံ) တန်ဖိုးရှိသော အိန္ဒိယ၏ဘာစမာတီဆန် ပြည်ပတင်ပို့မှုလုပ်ငန်း၏ ၈၀ ရာခိုင်နှုန်းခန့်သည် အနောက်အာရှဒေသ ဈေးကွက်သို့ တင်ပို့လျက်ရှိသည်။ သို့ဖြစ်ရာ အဆိုပါနိုင်ငံများက ကြိုတင်အသိပေးခြင်းမရှိဘဲ ပိုးသတ်ဆေးကြွင်းပါဝင်မှုအဆင့် ပြောင်းလဲ သတ်မှတ်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆောင်ရွက်ပေးရန် အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနသို့ အိန္ဒိယဆန်တင်ပို့သူ လုပ်ငန်းရှင်များအသင်း (AIREA)က တောင်းဆိုလျက်ရှိသည်။

EU နှင့် အခြားနိုင်ငံများတွင် လယ်ယာထွက်ကုန်များ၌ပိုးသတ်ဆေး ဓာတ်ကြွင်းပါဝင်ခွင့်အား ကွဲပြားခြားနားစွာ သတ်မှတ်ချက်ပြဋ္ဌာန်းထားခြင်းက အိန္ဒိယ၏ဆန်တင်ပို့မှုလုပ်ငန်းအတွက်စိန်ခေါ်မှုများစွာ ကြုံတွေ့စေရကြောင်း AIREA အသင်းဥက္ကဋ္ဌ Mr. Nathi Ram Gupta က ပြောဆိုသည်။ အဆိုပါအသင်းမှ အမှုဆောင်ဒါရိုက်တာ Mr. Vinod Kaul ကလည်း ပိုးသတ်ဆေးကြွင်းပါဝင်ခွင့်အား အနောက်အာရှဒေသနိုင်ငံများက EU နှင့် အဆင့်တူ သတ်မှတ်ခဲ့ရာ အိန္ဒိယကုန်သည်များအနေဖြင့် လိုက်လျောညီထွေဖြစ်အောင် အပြင်းအထန် အားထုတ်လုပ်ကိုင်နေရကြောင်း၊ EU အဖွဲ့ဝင်နိုင်ငံများ၌ အရည်အသွေး သတ်မှတ်ချက်မှာ တစ်ပြေးညီ ရှိသော်လည်း အရှေ့အလယ်ပိုင်းဒေသ နိုင်ငံများတွင်မူ GSO, Codex နှင့် EU တို့၏ စံသတ်မှတ်ချက်များအား ရောထွေးစွာ ပြဋ္ဌာန်းထားခြင်းက အခက်အခဲဖြစ်စေကြောင်း၊ ဤပြဿနာများက အိန္ဒိယ၏ ယခုနှစ် ဆန်တင်ပို့မှု စာရင်းအင်းများအပေါ် ကြီးမားစွာ သက်ရောက်စေမည်ဖြစ်သကဲ့သို့ တောင်သူလယ်သမားများနှင့် ပြုပြင်ထုတ်လုပ်သူများကိုလည်း ထိခိုက်နိုင်ဖွယ်ရှိကြောင်း၊ သို့ဖြစ်ရာ တောင်သူလယ်သမားများအနေဖြင့် စိုက်ပျိုးရေးလုပ်ကိုင်ချိန်တွင် ပြည်ပဈေးကွက်နိုင်ငံများ၌ ပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်ခွင့် သတ်မှတ်ချက်အား ကွဲပြားခြားနားစွာ ပြဋ္ဌာန်းထားသည်ကို သိရှိနားလည်နိုင်ရေးအတွက် အိန္ဒိယနိုင်ငံ၏ လယ်ယာကဏ္ဍ အသိပညာပေးလုပ်ငန်းများကို ပြင်ဆင်လုပ်ဆောင်ရန် လိုအပ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

အိန္ဒိယနိုင်ငံ၌ လယ်ယာလုပ်ငန်းသုံး ပိုးသတ်ဆေးများအား ထုတ်လုပ်ဖြန့်ဖြူးသည့်ကုမ္ပဏီများအနေဖြင့် ၎င်းတို့၏ ပိုးသတ်ဆေးအုပ်စုများအား မှတ်ပုံတင်ခြင်းမပြုမီ အဆိုပါ ထုတ်ကုန်များကို EU နှင့် အမေရိကန်နိုင်ငံတို့၌မှတ်ပုံတင်ထားရှိနှင့်ပြီးဖြစ်ကြောင်း စာရွက်စာတမ်း အထောက်အထားများ ဦးစွာတင်သွင်းစေရေး စီစဉ်ဆောင်ရွက်ရန် AIREA က တောင်းဆိုထားသည်။

အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနသို့ပေးပို့သည့် စာတွင် ဒုဘိုင်းမြူနီစီပယ် အာဏာပိုင်သည် လက်လီဈေးကွက်အတွင်း ရောင်းချလျက်ရှိသော ဘာစမာတီဆန်များကို နမူနာကောက်ယူစစ်ဆေးလျက်ရှိကြောင်းနှင့် Thiamethoxam နှင့် Tricyclazole ပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်မှုမှာ သတ်မှတ်ခွင့်ပြုချက်ထက် ပိုမိုကြောင်းတွေ့ရှိရပါက ဆန်တင်သွင်းမှုကို လက်မခံဘဲ ငြင်းပယ်မည်ဖြစ်သည်ဟု အိန္ဒိယ ပို့ကုန်လုပ်ငန်းရှင်များထံ စတင်အသိပေးဆောင်ရွက်လျက်ရှိကြောင်းဖြင့် AIREA က ဖော်ပြထားသည်။ အိန္ဒိယဆန်ကုန်သည်အသင်း၏ ပြောဆိုမှုအရ အိုမန်၊ လက်ဘနွန်နှင့် အီဂျစ်နိုင်ငံတို့သည် လွန်ခဲ့သော တစ်နှစ်ကာလကပင် ပိုးသတ်ဆေးဓာတ်ကြွင်းဆိုင်ရာ လိုအပ်ချက် အတိအကျအား ကုန်သွယ်ဘက်များထံ ကြိုတင်အသိပေးခြင်းမရှိဘဲ နမူနာစမ်းသပ်စစ်ဆေးမှုများ လုပ်ဆောင်ခဲ့ကြကြောင်း သိရှိရသည်။

Mr. Vinod Kaul က ၎င်းတို့အသင်းသည် ဤကိစ္စရပ်အပေါ် ကိုင်တွယ်ဖြေရှင်းရန် အိန္ဒိယ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့်လယ်ယာပို့ကုန်များ ဖွံ့ဖြိုးတိုးတက်ရေးအာဏာပိုင်အဖွဲ့(APEDA) တို့ထံ တောင်းဆိုခဲ့သည်မှာ နှစ်နှစ်ကြာကတည်းကပင်ဖြစ်ကြောင်း၊ EU အဖွဲ့ဝင်နိုင်ငံများ၌ မှတ်ပုံတင်ထားခြင်းမရှိသော ပိုးသတ်ဆေးများအတွက် ဓာတ်ကြွင်းပါဝင်မှု အမြင့်ဆုံးပမာဏခွင့်ပြုချက်များ (MRLs) ကို ၀. ၀၁ ppm သတ်မှတ်ထားကြောင်း၊ သို့ဖြစ်ရာ အိန္ဒိယနိုင်ငံတွင်လည်း MRLs သတ်မှတ်ထားခြင်း မရှိသေးသော ပိုးသတ်ဆေးများအတွက် အလားတူ ဆောင်ရွက်လျက် ချက်ချင်း လက်ငင်းတားမြစ်သင့်ကြောင်း ပြောဆိုသည်။





AIREA ၏ ဖော်ပြချက်အရ ၂၀၂၀-၂၁ ခုနှစ်တွင် အိန္ဒိယမှ ပြည်ပသို့ ဘာစမာတီ ဆန်တင်ပို့မှု တန်ဖိုးမှာ ရူပီးငွေ ၂၉၈၅၉ ကုဋေရှိပြီး ၎င်းအနက် အနောက်အာရှနိုင်ငံများသို့ တင်ပို့မှုတန်ဖိုး ရူပီး ၂၂၈၄၉ ကုဋေ ပါဝင်ကြောင်း၊ ဥရောပသမဂ္ဂ နိုင်ငံများသို့ ဘာစမာတီဆန် တန်ချိန် ၃၉၇၀၀၀ အား ၂၀၁၇-၂၀၁၈ ခုနှစ်၌ တင်ပို့ခဲ့သော်လည်း ၂၀၁၉-၂၀၂၀ ခုနှစ်တွင် တင်ပို့မှု တန်ချိန် ၂၄၁၀၀၀ သို့ ကျဆင်းခဲ့ကြောင်း သိရှိရသည်။

**နေအေးလွင်(စီးပွားရေးသံမှူး)**

# အဓိက စက်မှုစီမံကိန်းကြီး ၁၀ ရပ်တွင် တရုတ်ယွမ်ငွေ ၁၃၀ ဘီလီယံကျော် ရင်းနှီးမြှုပ်နှံသွားမည်

ဟူနန်ပြည်နယ်တွင် Volkswagen လျှပ်စစ်ကားများနှင့် Yihua သယ်ယူပို့ဆောင်ရေးပစ္စည်းကိရိယာများအပါအဝင် အဓိကစီမံကိန်းကြီး ၁၀ ရပ်၌ တရုတ်ယွမ်ငွေ ဘီလီယံ ၁၃၀ ကျော်ကို ရင်းနှီးမြှုပ်နှံသွားမည်ဟု သိရသည်။



ယခုနှစ်အတွင်း စီးပွားရေးကို အင်အားဖြည့်ရန်၊ မဟာဗျူဟာမြောက်စွာ အထောက်အကူပြုပေးသည့် အဓိက စက်မှုကုန်ထုတ်လုပ်ငန်းဆိုင်ရာစီမံကိန်းများ အားကောင်းခိုင်မာလာစေရန်၊ စက်မှုလုပ်ငန်းများကို ဦးစားပေး အားဖြည့်ပေးသည့် စက်မှုဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်မြှင့်တင်ပေးရန်နှင့် အဓိက စက်မှုစီမံကိန်းကြီး ၁၀ ရပ်အား ရှေ့သို့ရောက်စေရန် ဆောင်ရွက်သွားမည်ဟု ဟူနန်ပြည်နယ်အစိုးရက ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတွင် အလေးအနက် ဖော်ပြထားသည်။

၎င်းအဓိက စက်မှု စီမံကိန်းကြီး ၁၀ ရပ်မှာ Volkswagen လျှပ်စစ်ကား၊ Yihua သယ်ယူပို့ဆောင်ရေးပစ္စည်းကိရိယာများ၊ Sunward စက်မှုမြို့ (အဆင့်III)၊ Malanshan ဗီဒီယို ယဉ်ကျေးမှုဆိုင်ရာနှင့် ဖန်တီးနိုင်စွမ်းရှိသော စက်မှုဇုန်၊ Zoomlion Smart စက်မှုမြို့၊ Sany Intelligent အကြီးစားကုန်တင်ယာဉ်၊ Yueyang Caprolactam (ရေနံဓာတုပိုင်းဆိုင်ရာ လုပ်ငန်းစီမံကိန်း)၊ San'an Semi conductor၊ Lens လျှပ်စစ်ပစ္စည်းများနှင့် Valin LY သံမဏိပြားများ ပြုပြင်ထုတ်လုပ်ခြင်းတို့ဖြစ်သည်။

၎င်းစက်မှုစီမံကိန်းကြီး ၁၀ ရပ်တို့အား ကျန်းရှ၊ စူးကျိုး၊ ယွဲ့ယန်နှင့် လောက်ဒီ မြို့တော်များတွင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ၎င်းစီမံကိန်းများမှာ ဟူနန်ပြည်နယ်၌ တောင်ပေါ်ဒေသ သုံး ခုနှင့် အထူးတာဝန်လေးရပ် မဟာဗျူဟာအား အကောင်အထည်ဖော်ရေးအတွက် မဟာဗျူဟာကျသော ဦးစားပေးစီမံကိန်းများလည်း ဖြစ်ပါသည်။ ဧပြီလအတွင်း စီမံကိန်း ၁၀ ရပ်အနက် ကိုးရပ်မှာ စတင်နေပြီးဖြစ်ပါသည်။ နှစ်စဉ်စီမံကိန်း၏ ၃၄ ဒသမ ၄ ရာခိုင်နှုန်းဖြစ်သော ယွမ်ငွေ ၆ ဒသမ ၈၇ သန်းအား ထည့်ဝင်ရင်းနှီးမြှုပ်နှံထားပြီးလည်း ဖြစ်သည်။

Volkswagen လျှပ်စစ်ကားစီမံကိန်းအား အောက်တိုဘာလအတွင်း စတင်သွားမည်ဖြစ်ကာ ၎င်း၏ စွမ်းအင်အသစ်သုံးမော်တော်ယာဉ် နှစ်စဉ်ထုတ်လုပ်မှုမှာ စီးရေ သုံးသိန်းရှိမည်ဖြစ်သည်။ Yihua သယ်ယူပို့ဆောင်ရေးပစ္စည်းကိရိယာ၊ Zoomlion smart စက်မှုမြို့၊ Sany intelligent အကြီးစား ကုန်တင်ယာဉ်နှင့် San'an semiconductor စီမံကိန်းများကို ယခုနှစ် မကုန်မီ စတင်လည်ပတ်သွားမည်ဟု သိရသည်။

**ဒေါက်တာရွှေစင်ကို(စီးပွားရေးသံမှူး)**

# ရိုးရာရက်ကန်းလုပ်ငန်းနှင့် ယွန်းထည်လုပ်ငန်းဆိုင်ရာ ကုန်ထုတ်သမဝါယမအသင်းများ တည်ထောင်နိုင်ရန် စီစဉ်

နိုင်ငံတစ်ဝန်းတွင် ရိုးရာရက်ကန်းလုပ်ငန်းနှင့်ယွန်းထည်လုပ်ငန်းဆိုင်ရာ ကုန်ထုတ်သမဝါယမအသင်းများ တည်ထောင်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ သိရသည်။

ပြည်တွင်း၊ပြည်ပဈေးကွက်ရှိသည့် မြန်မာ့ရိုးရာလက်မှု ထုတ်ကုန်များဖြစ်သော ရိုးရာရက်ကန်းထည်များနှင့် ယွန်းထည်များ ထုတ်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း ယင်းဌာနမှ တာဝန်ရှိသူတစ်ဦးက ဇွန် ၄ ရက်တွင် ပြောသည်။

"အခု ပြည်တွင်းမှာရှိတဲ့ ရိုးရာရက်ကန်းလုပ်ငန်းနှင့် ယွန်းထည်လုပ်ငန်း အများစုဟာ အသေးစားလုပ်ငန်းတွေဖြစ်နေတဲ့အတွက် အရင်းအနှီးအများကြီး ရရှိနိုင်ဖို့အတွက်က အခက်အခဲတွေရှိနေတယ်။ အဲဒါကြောင့် ကုန်ထုတ် သမဝါယမအသင်း တည်ထောင်ပြီးတော့ အရင်းအနှီးအထောက်အပံ့ရရှိနိုင်ဖို့ လုပ်ဆောင်သွားမှာဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

လက်ရှိတွင် ပုဂံဒေသ၌ယွန်းပညာကောလိပ်တည်ထောင်ဖွင့်လှစ်ထားပြီး နိုင်ငံအတွင်း ယွန်းပညာရပ်များ တိုးတက်ထွန်းကားလာစေရန် နည်းပညာများဖြန့်ဝေကာ ကျွမ်းကျင်ပညာရှင်များနှင့် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးလျက်ရှိသည်ဟု ဆိုသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်တွင်လည်း ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံကို တည်ထောင်ထားပြီး စက်ရက်ကန်း၊ လက်ရက်ကန်း ချည်မျှင်နှင့် အထည်အလိပ်ဆိုင်ရာ နည်းပညာရပ်များ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ရက်ကန်းကျောင်း ၁၃ ကျောင်းကိုလည်း တည်ထောင်ဖွင့်လှစ်ထားကြောင်း သိရသည်။

ယခုအခါ နိုင်ငံတစ်ဝန်းတွင် မြန်မာ့ရိုးရာရက်ကန်းထည်နှင့် ယွန်းထည်လုပ်ငန်းများကို အသေးစား စက်မှုလက်မှုလုပ်ငန်းများအဖြစ် စနစ်တကျ လုပ်ကိုင်ဆောင်ရွက်နိုင်စေရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် လုပ်ငန်းမှတ်ပုံတင်များထုတ်ပေးခြင်းနှင့် သက်ဆိုင်ရာ လုပ်ငန်းအလိုက် အစုအဖွဲ့များ ဖွဲ့စည်းတည်ထောင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

♦

# ပြောင်းသီးနှံဈေးနှုန်းများ မြင့်တက်



ထိုင်းနိုင်ငံနှင့် ပြည်တွင်းဝယ်လက်များ ဝယ်လိုအား ကောင်းမွန်လာမှုကြောင့် ယခုရက်ပိုင်းအတွင်း ပြောင်းသီးနှံဈေးနှုန်းများ မြင့်တက်လာကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

အဆိုပါ ပြောင်းဈေးနှုန်းမှာ ယခု ၂၀၂၁ ခုနှစ် သင်္ကြန်မတိုင်မီ ကာလက သုံးတင်းဝင် တစ်အိတ်လျှင် ၂၈၀၀၀ ကျပ်နှုန်း ပေါက်ဈေးရှိခဲ့ရာမှ မေလ ပထမပတ်မှ စတင်ကာ ပြည်တွင်း ဝယ်လက်များသာမက ပြည်ပထိုင်းနိုင်ငံမှလည်း ဝယ်ယူလာသောကြောင့်ဈေးနှုန်းများ တဖြည်းဖြည်း မြင့်တက်လာရာ လက်ရှိတွင် သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ်၃၁၀၀၀နှုန်းအထိ ရောက်ရှိလာကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ဇွန် ၁ ရက်တွင် ပြောသည်။ "အခုလို ပြောင်းဈေးတွေ ကောင်းလာတာက ပြည်ပဝယ်လက်တွေသာမက ပြည်တွင်းမှာရှိတဲ့ တိရစ္ဆာန်အစာထုတ်တဲ့ စက်ရုံတွေကလည်း ပြန်ပြီး စက်လည်ပတ်ခွင့်ရလာကြလို့ ဒီပြောင်းကို ကုန်ကြမ်းအဖြစ် ဝယ်ယူလာကြတဲ့အတွက် ဝယ်လက်စုံပြီး ဈေးတွေ မြင့်တက်လာတာပါ။ လက်ရှိ ပေါက်ဈေးက ပြောင်းစိုက်တောင်သူတွေရော ကုန်သည်တွေပါ ရောင်းပန်းလှတဲ့ ဈေးနှုန်းဖြစ်လို့ အားရကျေနပ်နေကြတယ်"ဟု ၎င်းက ပြောသည်။

ယခုကဲ့သို့ ပြောင်းဈေးနှုန်းကောင်းမွန်သည့်အချိန်တွင် ဒေသစုံမှ စိုက်ပျိုးထွက်ရှိသည့် ပြောင်းသီးနှံများ မန္တလေးဈေးကွက်သို့ သွက်လက်စွာ ဝင်ရောက်လျက်ရှိပြီး လာမည့် ဇူလိုင်လဆန်း၌လည်း စစ်ကိုင်းတိုင်းဒေသကြီး ရေဦး၊ ကျွန်းလှမြို့နယ်များနှင့် နေပြည်တော် တပ်ကုန်း၊ ပျဉ်းမနားမြို့နယ်များမှ စိုက်ပျိုးထွက်ရှိသည့် ပြောင်းများ ဈေးကွက်ထဲသို့ ဝင်ရောက်လာမည်ဖြစ်ကြောင်း သိရသည်။

"လက်ရှိကာလမှာ ပြောင်းစိုက်ခင်းတွေကို ငမြှောင်တောင်ပိုး ကျရောက်တတ်လေ့ရှိတဲ့အတွက် အခုလို ဈေးကောင်းရတဲ့အချိန်မှာ ဒီပိုးတွေ ဖျက်ဆီးမှုမရှိအောင် ဂရုစိုက်ကြဖို့ တောင်သူတွေကို သတိပေးချင်တယ်"ဟု ဦးစိုးဝင်းမြင့်က ဆက်လက်ပြောကြားသည်။

ပြည်တွင်း၌ တစ်နှစ်လျှင် ပြောင်းဧက တစ်သန်းကျော် စိုက်ပျိုးကြပြီး ထပ်မံ စိုက်ပျိုးနိုင်သည့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းဧကပေါင်း နှစ်သန်းကျော် ကျန်ရှိနေသေးသည့်အတွက် ပိုမိုတိုးချဲ့စိုက်ပျိုးသင့်ကြောင်း ပြောင်းလုပ်ငန်းရှင်များက ပြောသည်။

ပြောင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ လုပ်ဆောင်မည်ဆိုပါက ထုတ်လုပ်သူ၊ ကုန်သည်၊ အစာစက်ရုံများ၊ အသင်းအဖွဲ့များနှင့် အစိုးရတို့ ပူးပေါင်းလုပ်ဆောင်ရန် လိုအပ်ပြီး စိုက်ပျိုးတောင်သူများအတွက် သက်သာသော အတိုးနှုန်းဖြင့် ချေးငွေရရှိအောင် ဆောင်ရွက်ပေးသင့်သည်ဟု ဆိုသည်။

ထို့ပြင် တစ်ဧက စိုက်ပျိုးစရိတ်ကုန်ကျငွေများ လျှော့ချရေးနှင့်အထွက်နှုန်း တိုးတက်စေရေးတို့အတွက် ဈေးနှုန်းသက်သာသော သွင်းအားစုများ အလွယ်တကူရရှိရန် လိုအပ်ပြီး နည်းပညာများလည်း ပံ့ပိုးပေးသင့်ကာ အားလုံးပါဝင်နိုင်သော အကျိုးတူပူးပေါင်းစနစ်ကို ဖန်တီးပေးသင့်ကြောင်း ၎င်းတို့က ပြောသည်။

♦

ပန်းဆု စုစည်းသည်။

# ရွှေဈေးနှုန်း ပြန်လည် ကျဆင်းနိုင်

ရွှေဈေးမှာ ပြည်တွင်း၌ လက်ရှိဖြစ်ပေါ်နေသော အခက်အခဲများကြောင့် မြင့်တက်နေခြင်းဖြစ်ပြီး မကြာမီ ကာလအတွင်း ပြန်လည်ကျဆင်းနိုင်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း (YGEA)ဥက္ကဋ္ဌ ဦးမျိုးမြင့်ကပြောသည်။

"ပြည်တွင်းရွှေဈေးကတော့ ပြန်ကျမှာပါ။ အခု လောလောဆယ်ကတော့ ကမ္ဘာ့ရွှေဈေးကလည်း တက်တယ်။ ပြည်တွင်း ဒေါ်လာဈေးကလည်း တက်တယ်။ လမ်းပန်းဆက်သွယ်ရေးမှာလည်း ဂိတ်တွေမှာလည်း ဂိတ်တွေကရှာဖွေရေးဂိတ်တွေ များတဲ့အခါကျတော့ နယ်ကနေပြီးတော့ ရွှေကုန်ကြမ်းတွေက လာပို့တဲ့သူတွေက မလာရဲကြဘူး။ နောက်ဘဏ်တွေကလည်း နယ်ကိုငွေပြန်လွှဲလို့ မရဘူးပေါ့။ နောက် ရွှေသန့်စင်တဲ့လုပ်ငန်းတွေကလည်း အက်ဆစ် ကုန်ကြမ်းပြတ်နေတယ်။ ဒါတွေက ခဏတဖြုတ် ဖြစ်တာပါ။ နောက်ပြီး အကုန် ပြန်ကောင်းသွားမှာပါ"ဟု ၎င်းက ပြောသည်။

YGEA အနေဖြင့် ရွှေဈေးနှုန်းတည်ငြိမ်စေရေးအတွက် အရောင်းအဝယ်များကို ပိတ်ထားပြီး အသင်း၌ ရွှေထိငွေထိသာ အရောင်းအဝယ်ပြုလုပ်လျက်ရှိကာ လက်ရှိတွင် ဈေးကစားသူများကို ရောင်းချခြင်း လုံးဝမပြုလုပ်ရန်နှင့် ဆိုင်သမားများကိုလည်း အနည်းငယ်သာရောင်းချပေးရန် ထပ်မံဆုံးဖြတ်ထားကြောင်း ၎င်းက ပြောသည်။

ရန်ကုန်ရွှေဈေးကွက်တွင်ဝယ်လိုအားထက် ရောင်းလိုအား ပိုမိုမြင့်တက်လျက်ရှိပြီး ဇွန် ၃ ရက် ရွှေဈေးနှုန်းမှာ ကျပ် ၁၅၇၅၀၀၀ ရှိကာ ကမ္ဘာ့ရွှေဈေးမှာမူ တစ်အောင်စလျှင် ၁၈၉၂ဒေါ်လာရှိကြောင်း သိရသည်။

# အမတဟိုးလ်ဒင်းက ရှယ်ယာတစ်စုလျှင် ကျပ် ၄၅၀၀ နှုန်းဖြင့် ရောင်းချလျက်ရှိ

Amata ဟိုးလ်ဒင်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်က ရန်ကုန်စတော့အိတ်ချိန်း (YSX) တွင် ရှယ်ယာတစ်စုလျှင် ကျပ် ၄၅၀၀ နှုန်းဖြင့် ဇွန် ၃ ရက်မှ စတင်ကာ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကုမ္ပဏီအနေဖြင့် ၂၀၂၁ ခုနှစ် မတ် ၁၂ ရက်တွင် ရန်ကုန်စတော့အိတ်ချိန်းသို့ စာရင်းဝင်ရောက်ရန် သတ်မှတ်ထားသော်လည်း လက်ရှိပြည်တွင်းဖြစ်စဉ်များကြောင့် အချိန်ကာလတစ်ခုအထိ ရွှေ့ဆိုင်းခဲ့ကာ ဇွန် ၃ ရက်ကို ပြောင်းလဲလိုက်ခြင်းဖြစ်ကြောင်း သိရသည်။


YSX ၏ ခုနစ်ခုမြောက် စာရင်းဝင်ကုမ္ပဏီဖြစ်လာသည့် Amata ဟိုးလ်ဒင်းသည် ရှယ်ယာတစ်စု၏ အခြေခံဈေးနှုန်း (Base Price)ကို ကျပ် ၄၅၀၀ သတ်မှတ်ထားပြီး အမြင့်ဆုံး သတ်မှတ်ချက်အဖြစ် ကျပ် ၅၅၀၀၊ အနိမ့်ဆုံး သတ်မှတ်ချက်အဖြစ် ကျပ် ၃၅၀၀ နှင့် တစ်ချက်ခုန်ဈေးနှုန်းကို ကျပ် ၁၀၀ သတ်မှတ်ထားကြောင်း ကြေညာထားသည်။

Amata ဟိုးလ်ဒင်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်ကို ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် အများပိုင်ကုမ္ပဏီအဖြစ် ပြောင်းလဲတည်ထောင်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဩဂုတ်လတွင် အစုရှယ်ယာများ စတင်ရောင်းချခဲ့ရာ ကျပ် ၂ ဒသမ ၅ ဘီလီယံ ရရှိခဲ့ကြောင်း သိရသည်။




မြန်မာ့မဏ္ဍိုင်
# မြန်မာ့မဏ္ဍိုင်ဆောက်လုပ်ရေး
မှ
အကောင်အထည်ဖော်ဆောက်လုပ်မည့် တန်ဖိုးနည်း အဆင့်မြင့်
အိမ်ရာတိုက်ခန်းများ





အတိုးနှုန်း(လုံး၀)လုံး၀
ပေးရန်မလိုသော

(5 Minute)Drive





| | |
|---|---|
| စတုတ္ထထပ် | သိန်း ၁၉၀ |
| တတိယထပ် | သိန်း ၂၀၀ |
| ဒုတိယထပ် | သိန်း ၂၀၀ |
| ပထမထပ် | သိန်း ၂၅၀ |
| မြေညီထပ် | သိန်း ၃၅၀ |

ဆက်သွယ်ရန်လိပ်စာ

- မြင်ဦးလွှင်ရုံး  မိဘာစု စာအတော်ဆက်၊ အမှတ်(၁၃)၊ ၄ ရပ်ကွက်၊ ရပ်ကွက်ကြီး(၃)၊ မြင်ဦးလွှင်မြို့။
  Tel:09 43017007, 09 2045007, 085 2028267
- ရန်ကုန်ရုံးချုပ်  အမှတ်၅၀၄/၅၀၆၊ ဥာလဝမ်းနှင့်ကုန်သည်လမ်းထောင့်၊ ရွှေမြန်မာကွန်ဒို(၄)လွှာ၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Tel:09 977400995

**NLM MYAWADDY**
**LOGISTICS COMPANY LIMITED**

**Hote Line : 09-797-971-118,09-797-971-119,09-777-779-991**
**Email : info@nlmmwdlogistics.com**



အရည်အသွေး
ကောင်းမွန်သော ကားအမျိုးအစားစုံ
စိတ်ကြိုက်ရွေးချယ်ဖို့
JPM နဲ့ဆက်သွယ်စို့...
JPM
CAR SALE CENTER
jpmautocenter@gmail.com
www.jpmmotors.com
ကားပါမစ်ရရှိထားသော နိုင်ငံ့ဝန်ထမ်းများကိုလည်း လိုချင်သောမော်တော်ကားများဝယ်ယူရရှိပြီး
လက်တင်စီးနိုင်သည်အထိ(အထူး)ဝန်ဆောင်မှုပေးပါသည်။
HOT LINE : 09253008800
အမှတ် (၄၂-အေ)၊တက္ကသိုလ်ရိပ်သာလမ်းသစ်၊ဗဟန်းမြို့နယ်၊ရန်ကုန်။ Ph: 09 44 888 2944,09 7 3333 555



SAILUN
TIRE
ATREZZO
SH406
ATREZZO
SVA1
S702
S911
Exclusive Distributor:
SAN NGWE YAUNG CO., LTD.
Yangon:No.(59-60), Hlay Thin Ah Twin Wun U Chain Street,
Industrial Zone(2),Hlaing Thar Yar Township, Yangon, Myanmar.
Tel:09-442377775,442377776,442377779
Mandalay:PaPa(21/1), Corner of Yaw Min Gyi Street & 66 Street,
Industrial Zone(1), Mandalay, Myanmar.
Tel:02-5154403,5153970,5152224,5153100,5152117

# အမေရိကန်နှင့် တရုတ် အဆင့်မြင့်အရာရှိများ စီးပွားရေးဆက်ဆံမှုအတွက် အွန်လိုင်းမှဆွေးနွေး

အမေရိကန်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီး Janet Yellenနှင့် တရုတ်နိုင်ငံ ဘက်စုံစီးပွားရေး ညှိနှိုင်းဆွေးနွေးမှုဆိုင်ရာ ခေါင်းဆောင်၊ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးပေါ်လစ်ဗျူရိုအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ် လျူဟဲတို့သည် ဇွန် ၂ ရက် နံနက်ပိုင်းတွင် Video Conversation ဖြင့် နှစ်နိုင်ငံ စီးပွားရေးဆက်ဆံမှုများနှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အမေရိကန်နှင့် တရုတ်နိုင်ငံတို့၏ နှစ်နိုင်ငံစီးပွားရေး ဆက်ဆံမှုသည် ယင်းနှစ်နိုင်ငံအတွက်သာမကဘဲ ကမ္ဘာကြီးအတွက်ပါ လွန်စွာ အရေးကြီးသည်ကို နှစ်နိုင်ငံစလုံးက လက်ခံယုံကြည်ထားကြသည်။

တန်းတူညီမျှမှုနှင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန် လေးစားမှုတို့အပေါ် အခြေခံ၍ နှစ်နိုင်ငံအကြား ဘက်ပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေး၊ မက်ခရိုစီးပွားရေး အခြေအနေအပေါ် ကျယ်ပြန့်စွာ ဖလှယ်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ ထို့ပြင် အပြန်အလှန် စိုးရိမ်ပူပန်မှုရှိသည့် ကိစ္စရပ်များအပေါ် ပွင့်ပွင့်လင်းလင်း အမြင်ဖလှယ်ခဲ့ကြပြီး နှစ်နိုင်ငံ ဆက်ဆံရေးကောင်းမွန်မှုကို ဆက်လက်ထိန်းသိမ်းထားရန်ကိုလည်း သဘောတူခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

**Ref;scmp.com**






## တိုယိုတာ မော်တော်ကား ရောင်းအားတက်လာ

ကမ္ဘာတစ်လွှားတွင် ဖြစ်ပွားနေသည့် ကိုဗစ်(၁၉) ကူးစက်မြန်ရောဂါကြောင့် ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေးမှာ ကျဆင်းလျက်ရှိနေသည်။ အမေရိကန်နှင့် တရုတ်နိုင်ငံကဲ့သို့ပင် စီးပွားရေးအင်အားကြီး နိုင်ငံများသည်ပင်လျှင် ကိုဗစ်(၁၉)ကြောင့် ယိမ်းယိုင်ခဲ့ရသည့် စီးပွားရေးလုပ်ငန်းများကို အမြန်ဆုံး နာလန်ထူလာနိုင်ရန် ကြိုးပမ်းနေကြရသည်။

ထိုသို့ ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေးကျဆင်းမှုတွင် မော်တော်ကားထုတ်လုပ်ရောင်းဝယ်မှုကိုလည်း များစွာထိခိုက်ခဲ့သည်ကို တွေ့ရသည်။ သို့သော် ဂျပန်နိုင်ငံက ထုတ်လုပ်သည့် တိုယိုတာ မော်တော်ကားများမှာမူ ပြည်တွင်းရော ပြည်ပမှာပါ ရောင်းအားမြင့်တက်လာကြောင်း သိရသည်။

၂၀၂၀ ပြည့်နှစ်တွင် ကိုဗစ်(၁၉)ရောဂါကြောင့် ကုန်သွယ်မှုများရပ်ဆိုင်းလုလုနီးပါး ဖြစ်ခဲ့ရသလို ပြည်တွင်းစီးပွားရေးကိုလည်း ထိခိုက်မှုရှိခဲ့ခြင်းကြောင့် တိုယိုတာ မော်တော်ကား ထုတ်လုပ်ရောင်းချမှုမှာ များစွာကျဆင်းခဲ့ရသည်။ သို့သော် ယခု ၂၀၂၁ ခုနှစ် နှစ်ဆန်းပိုင်းမှစတင်ပြီး တိုယိုတာ မော်တော်ကားများမှာ အဝယ်ပြန်လိုက်လာပြီး ရောင်းအားမြင့်တက်လာခဲ့သည်။ ယခုနှစ် ဇန်နဝါရီလမှ မေလအလယ်ပိုင်းအထိ တိုယိုတာ မော်တော်ကားများ၏ ရောင်းအားမှာ ၃ ဒသမ ၄ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့သည်ဟု သိရသည်။

အထူးသဖြင့် တိုယိုတာ မော်တော်ကားများသည် ဂျပန်ဈေးကွက်တွင် ရောင်းအားမြင့်တက်လာခဲ့ခြင်းဖြစ်ပြီး ဂျာမနီနိုင်ငံထုတ် ဖောက်ဆွာဂွန်ကားများထက်ပင် လူသုံးပိုများကြောင်း သိရသည်။

တိုယိုတာ မော်တော်ကား ထုတ်လုပ်ရောင်းချမှုမှာ ၂၀၂၀ ပြည့်နှစ်ကထက် ၁၃ ဒသမ ၈ ရာခိုင်နှုန်းအထိ တိုးတက်လာမည်ဟု တိုယိုတာ မော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူများက ခန့်မှန်းထားကြသည်။

**Ref;Nikkei.com**

စိုင်းဗညား - စုစည်းသည်

Don't be drastic, Say "no" to plastic
ပြင်းထန်သော အကျိုးသက်ရောက်မှုမရှိစေရန် ပလတ်စတစ်ကို ငါတို့ငြင်းဆန်။

## တရုတ်နိုင်ငံတွင် အစီးရေ ၁၀၀၀ မြောက် ယူရေးရှားရထား ပြေးဆွဲ

တရုတ်နိုင်ငံ ဆန်းတုန်းပြည်နယ် ကျိနန်မြို့တွင် အစီးရေ ၁၀၀၀ မြောက် ယူရေးရှားရထား မောင်းနှင်ပြေးဆွဲမှု အခမ်းအနားကို ဇွန် ၂ ရက် နံနက်ပိုင်းက ကျိနန်မြို့ တုန်ကျားကုန်ရထားပို့ဆောင်ရေးစင်တာတွင် ပြုလုပ်ခဲ့ သည်။

အဆိုပါရထားသည် သံမဏိလုံး၊ ကုန်မာ၊ ပိတ်စ၊ နေ့စဉ်သုံးပစ္စည်းများပါဝင်သည့် ကွန်တိန်နာ ၅၂ လုံးကို သယ်ယူပို့ဆောင်ပေးမည်ဖြစ်ကြောင်း တာဝန်ရှိသူများထံမှ သိရသည်ဟု ဆင်ဟွာသတင်းတစ်ရပ်က ဖော်ပြထားသည်။

တန်ချိန် စုစုပေါင်း ၁၈၈၅ ဒသမ ၅ တန်၊ ကုန်ပစ္စည်းတန်ဖိုး အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၅ သန်းခန့်ရှိသည့် အဆိုပါရထားသည် တရုတ်နိုင်ငံ ရှင်းကျန်းဒေသ Khorgas နယ်စပ်ဂိတ်ကို ဖြတ်သန်းသွားမည်ဖြစ်ပြီး ၁၂ ရက်ခန့်အကြာတွင် ကာဇက်စတန်နိုင်ငံသို့ ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံ ကျိနန်မြို့တွင် ယူရေးရှားရထားကို ၂၀၁၇ ခုနှစ် ဩဂုတ် ၄ ရက်က ပထမဆုံးအကြိမ် စတင်မောင်းနှင်ခဲ့ခြင်းဖြစ်သည်။ ယူရေးရှားရထား ပြေးဆွဲနိုင်မှုကြောင့် ကျိနန်နှင့် အနီးတစ်ဝိုက်ဒေသများအတွက် ကုန်သွယ်ရေးလမ်းကြောင်းသစ်ကို ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ဆန်းတုန်းပြည်နယ်၏ ပြည်ပကုန်သွယ်ရေး ဖွံ့ဖြိုးမှုအတွက် ကောင်းမွန်သည့် အထောက်အပံ့ဖြစ်စေခဲ့ကြောင်း China Railway Jinan Group Co Ltd. မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

၂၀၂၀ ပြည့်နှစ်တွင် ကျိနန်မှထွက်ခွာသွားသည့် ယူရေးရှားရထားပြေးဆွဲမှုသည် ၅၄၂ စီးရှိရာ ပြီးခဲ့သည့်နှစ်ကာလတူထက် များစွာတိုးတက်မှုရှိလာပြီး ဆန်းတုန်းပြည်နယ်က ပထမနေရာတွင်ရှိခဲ့ကြောင်း သိရသည်။

၂၀၂၁ ခုနှစ် ပထမလေးလတာ ကာလအတွင်း ကျိနန်မှထွက်ခွာသည့် ယူရေးရှားရထားအစီးရေမှာ ၁၈၆ စီးရှိရာ ပြီးခဲ့သည့်နှစ် ကာလတူထက် ၃၂ ဒသမ ၉ ရာခိုင်နှုန်းအထိ တိုးတက်လာသည်ကို တွေ့ရသည်။ လက်ရှိ ကျိနန်မှထွက်ခွာသည့် ယူရေးရှားရထားလမ်းကြောင်း ၁၂ ခုရှိပြီး ဥရောပတိုက်နှင့် အလယ်အာရှဒေသရှိ နိုင်ငံပေါင်း ၁၉ နိုင်ငံ၊ မြို့ပေါင်း ၄၆ မြို့ကို သွားလာနေကြောင်း သိရသည်။

ယူရေးရှားရထားများ ပြေးဆွဲရာတွင် တစ်နှစ်နှင့်တစ်နှစ် ကုန်ပစ္စည်းတင်ပို့မှုမှာ ပြောင်းလဲမှုများ ရှိနေသည်ကို တွေ့ရသည်။ တရုတ်နိုင်ငံ ကျိနန်မှထွက်ခွာသည့် ယူရေးရှားရထားသည် အရည်အသွေးမြင့်၊ တန်ဖိုးမြင့်သို့ ဦးတည်ပြောင်းလဲနေခြင်းဖြစ်ကြောင်း China Railway Jinan Group Co., Ltd. ကျိနန်ရထားဝန်ဆောင်မှု တုန်ကျားဘူတာ ကုန်တင်ပို့ဆောင်ရေးတာဝန်ခံက ပြောသည်။

ယူရေးရှား ရထားများဖြင့် နေ့စဉ်သုံးပစ္စည်း၊ အဝတ်အထည်၊ အသေးစားကုန်ပစ္စည်း စသည့် တန်ဖိုးနည်းကုန်ပစ္စည်းများကို ယခင်က တင်ပို့ခဲ့ရာမှ ယခုအချိန်တွင် မော်တော်ယာဉ်၊ အိမ်သုံးလျှပ်စစ်ပစ္စည်း၊ စက်ပစ္စည်း၊ လေဆာပန်းပုစက်ပစ္စည်း၊ မော်တော်ယာဉ်အပိုပစ္စည်းစသည့် တန်ဖိုးကြီး စက်မှုနှင့် အီလက်ထရွန်နစ်ကုန်ပစ္စည်းများကိုပင် တိုးချဲ့တင်ပို့နိုင်ခဲ့သည်။

သွင်းကုန်အနေဖြင့် ကြည့်ပါက ယခင်က သစ်သား၊ စက္ကူပျော့ဖတ် စသည့် ထုတ်ကုန်ပစ္စည်းများ အဓိကတင်သွင်းရာမှ ယခုအချိန်တွင် ရုရှားမှ ဂျုံမှုန့်၊ ဂျာမနီမှ ဘီယာ စသည်ဖြင့် တင်သွင်းနေသည်။

**Ref;Xinhuanet.com**

